## အယ်ဒီတာစကား . . .




ဓမ္မမိတ်ဆွေများအားလုံး ‌. ‌. မင်္ဂလာပါရှင် . .

အချိန်တွေပြေးနေသည်မှာ အောက်တိုဘာလသို့တိုင် ရောက်လာခဲ့ပါပြီ။ ၂၀၁၉ ခုနှစ်၏ တတိယ အကြိမ်မြောက် ကြေးစည် စာစောင်သည်လည်း ထွက်ရှိလာရ ပြန်ပါပြီ။ ဘုရားသခင်ရဲ့ကျေးဇူးတော်များအတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။

ယခုနှစ် အောက်တိုဘာလတွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်မှ ဤ သာသနာပြုလအတွက် အထူးဆုတောင်းဆက်ကပ်ခြင်းနှင့် လိုက်နာကျင့်ကြံစရာများကို အွန်းလိုင်းမီဒီယာများမှသော်လည်းကောင်း၊ (CBCM Herald)စာစောင်နှင့် မျိုးကြဲသူစာစောင်တွင် လည်းကောင်း၊ တိုက်တွန်းလမ်းညွှန်ချက်များကို အကျယ်တဝင့် ထုတ်ပြန်ကြေညာ ထားပါသည်။ ထို့ကြောင့် ဤအောက်တိုဘာအထူး သာသနာပြုလတွင် အကောင်းဆုံး ပါဝင်ကြိုးစားနိုင်ကြရန် ထပ်မံအားဖြည့် နှိုးဆော်လိုက်ရပါသည်။

အောက်တိုဘာလာတွင် အထူးစံပြုထိုက်သူတစ်ဦးဖြစ်သော အဖသံဖူဇယ်ကို အစဉ်တစိုက်သဒ္ဓါကြည်ညို ဆုတောင်းလာကြသည့်အတိုင်း၊ မိမိကိုယ်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံထားကြသော သူတော်စင် အမျိုးသမီး၊ အမျိုးသားအပေါင်းတို့သည်လည်း အဖသံဖူဇယ်၏ သစ္စာတရားကြီးမားခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ စင်ကြယ်ခြင်းကိုစောင့်ထိန်းခြင်း၊ ဘုရားသခင်၏အလိုတော်ကို တသွေမတိမ်းလိုက်နာကျင့်ကြံခြင်း၊ မိသားစုအပေါ် တာဝန်ကျေသော ဖခင်တကာတို့၏ လေးစားအတုယူရခြင်း၊ အပြောနည်းသော်လည်း လုပ်အားဖြင့်ဘဝကို ဆက်ကပ်အစေခံသွားခြင်း၊ အထူးသဖြင့် ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်သော ယေဖူးသခင်ကိုလည်းကောင်း၊ ဘုရားရှင်၏ မယ်တော်ဖြစ်သော မာရီးယားကို လည်းကောင်း၊ ချစ်ခင်ကြည်ညိုသောစိတ်နှင့် အလုပ်အကျွေးပြုပြီး၊ ကာကွယ်စောင့်ရှောက်ခဲ့သည့် အစေခံ(သို့မဟုတ်)အုပ်ထိန်းသူ စသည့် လေးစားအတုယူထိုက်လှသော စံနမူနာများကဲ့သို့ အတုယူ လိုက်ကျင့်နိုင်ကြပါစေရန်လည်း ဆုတောင်းဆန္ဒပြုလိုက်ရပါသည်။

ကြေးစည်စာစောင်ကို ဖတ်ရှုအားပေးသူများထံမှလည်း စာစောင်နှင့်ပတ်သက်ပြီး အားပေးဝေဖန်၊ အကြံပေးခြင်း များကိုလည်း မျှော်လင့်မိပါကြောင်းနှင့် စာမူများ ပို့ပေးလာသူ အဖဆရာတော်များ၊ ရဟန်းတော်သူတော်စင်များ၊ စာရေးသူအားလုံးတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

အားလုံးကို ဘုရားသခင်ကောင်းကြီး ပေးပါစေသော . . .။

**ယေရှုးရှေ့နှလုံးတော်၏မေတ္တာတော်မြတ်၌**

စစ္စတာရ်ယူဂျေနီပက်ထရိုနီးလာ(SFX)




မေတ္တာစစ်ဟာအလွန်လှပလွန်းလှပါတယ်။ မှန်းဆလို့မလွယ်တဲ့ ပေးဆပ်အနစ်နာခံမှုတွေနဲ့ ကြွယ်ဝလို့နေပါတယ်။ အတ္တရဲ့ကျဉ်းမြောင်းလှတဲ့ ဘောင်မှန်သမျှကိုဖြတ်ပြီး၊အကန့်အသတ်မရှိစွန့်လွှတ်တဲ့ယဇ်ကောင်ဘဝကို ခံယူရဲတတ်ကြပါတယ်။

ခရစ်တော်ဘုရားရဲ့မေတ္တာဟာ အံ့ဖွယ်ရာပါပဲ။ အပြစ်သားတွေအတွက် ကားတိုင်ကိုထမ်းပြီး သေလမ်းကိုရွေးခဲ့တာ စဉ်းစားလို့မရအောင်ပါပဲ။ လူများစွာက အသက်ကိုရှာကြံမွေးကြပေမဲ့ သခင်ခရစ်တော်ဘုရားက မိမိအသက်ကို ရှာကြံပေးခဲ့ပါတယ်။ သူ့ရဲ့နောက်လိုက် မှန်သမျှဟာလည်း အနာခံဘဝနဲ့ လောကလူသားတွေအတွက် ပေးဆပ်ရမယ်ဆိုတာ သွန်သင်ခဲ့တာဖြစ်တယ်။ သခင်ခရစ်တော်လျှောက်ခဲ့တဲ့လမ်းဖြစ်တယ်။ ဒါပေမဲ့ ပေးဆပ်ရမယ်။ သွေးမြွတ်ရပါလိမ့်မယ်။

၁၉၂၇ ခုနှစ်မေလ (၂၀)ရက်မှာ အလွန်ပြင်းထန်ပြီး၊ ကြောက်မက်ဖွယ်ကောင်းတဲ့ ငလျှင်ကြီးတစ်ခု၊ တရုပ်ပြည်မှာလှုပ်ခဲ့တယ်။ အဲ့ဒီလိုငလျှင်မျိုးတစ်ခါမှ မကြုံခဲ့ရဖူးဟုဆိုပါတယ်။ ရွာပေါင်းများစွာမြေအောက်ကို ရောက်ရှိ ပျောက်ကွယ် သွားကြရပြီး၊ အဆောက်အအုံတွေ များစွာပျက်စီးပြီး လူထောင်ပေါင်းများစွာ သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

၁၉၂၇ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်ထုတ်အပတ်စဉ်အမေရိက(America)အမည်ရှိသောသတင်းစာတွင်ဖော်ပြထားသည်မှာ (Sisiang Nuns) စီစီအန်သီလရှင်များမဏ္ဍားတက်ဘုရားရှိခိုးရန်စောင့်နေစဉ်တွင် ငလျှင်စလှုပ်ခဲ့ရာ ဘုရားကျောင်းပြိုကျ၍ ပိကာ သီလရှင်များသေဆုံး သွားကြရတယ်။ ပြိုကျသွားသော ဘုရားကျောင်းအပျက်အစီးများကိုဖယ်ထုတ်လိုက်ကြတဲ့အခါ သီလရှင်ဂိုဏ်းအုပ်ကြီးဟာ သေဆုံးနေပြီး၊ သူမကိုယ်ခန္ဓာနှင့် ကာကွယ်ပေးထားခဲ့တဲ့ကလေး(၂)ဦးကို သူမရဲ့အလောင်းအောက်မှာ အသက်ရှင်လျှက် တွေ့ခဲ့ရတယ်လို့ ထိုသတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ သေရေးရှင်ရေး၊ အချိန်မှာတောင် မိမိအသက်အတွက် မတွေးဘဲ ကလေးများအတွက် တွေးခဲ့တဲ့ သီလရှင်ကြီးရဲ့ မေတ္တာတရားက လေးစားဂုဏ်ယူ စရာမဟုတ်ပါလား။

၂၀၁၄ ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့မှာ တောင်ကိုးရီးယားခရီးသည်တင် ဖယ်ရီသင်္ဘောကြီးဟာ ဂျေဂျူးကျွန်း ကမ်းလွန်မှာ နစ်မြုပ်စဉ်က ခရီးသည်များနဲ့ကျောင်းသူ၊ ကျောင်းသားတွေကို အသက်စွန့်ကယ်တင်သွားခဲ့တဲ့၊ ကိုးရီးယားသင်္ဘောမယ် တစ်ဦးရဲ့စိတ်ထားက ကမ္ဘာပေါ်မှာ စံထားစရာဖြစ်ခဲ့တဲ့ သတင်းဟာ လောကမှာ အလွန်ကြီးကျယ် သွားခဲ့ပါတယ်။

အသက်ကယ်အင်္ကျီတွေ လိုက်လံဝေငှပြီး၊ မိမိအတွက် မစဉ်းစားဘဲ၊ အသက်ပေးခဲ့တဲ့သင်္ဘောဝန်ထမ်းပက်ရီယွန်း(Park Jee Young)ရဲ့စွန့်လွှတ်တဲ့မေတ္တာဟာလည်း အံ့ဩစရာပါ။ ခရီးသည်(၄၇၆)ဦးပါဝင်ပြီး၊ (၁၇၄)ဦးကိုသာ အသက်ရှင်လျှက် ကယ်တင်နိုင်ခဲ့ကြပါတယ်။ (Ref. BBc News)

ပက်ရီယွန်းပြောခဲ့တဲ့ စကားက ခရီးသည်များရဲ့အသက်ဟာပထမဦးစားပေးရမဲ့ တာဝန်ပါတဲ့။ ဒီစကားဟာ တရားပြည့်ဝပြီး၊ လောက လူသားတွေအတွက် ရတနာတစ်ပါးပါပဲ။ မိမိက အခြားသူတွေ

ထက်ပိုအရေးကြီးတယ်လို့ ထင်နေသူတွေအတွက် လေးလေးနက်နက် စဉ်းစားရမဲ့ စကားတစ်ခွန်းပါပဲ။

မိမိတို့အသက်က အများရဲ့အသက်ထက် ပိုအရေးကြီးတယ်လို့ယူဆထားကြရင် မိမိတို့အသက်ကို ရှာကြံမွေးဖို့ လူတွေကိုပစ်ထားပြီး ပြေးကြမှာမှာပဲ။ မိမိအသက်ကိုသာ ရှာကြံမွေးလိုသူများဟာ အတ္တစိတ်ကို အခြေခံထားသူများ ဖြစ်တတ်ကြပါတယ်။ အများအတွက် စွန့်စားဖို့ တွန့်သွားတတ်ကြပါတယ်။

ကျောင်းသူကျောင်းသား အများစုပါတဲ့ အဲ့ဒီဖယ်ရီသင်္ဘော (SEWOL) နှစ်မြှုပ်စဉ်က တာဝန်ရှိသင်္ဘောဝန်ထမ်းတချို့ရဲ့ တာဝန်မကျေမှု၊ ခရီးသည်များကို ဦးစားမပေးမှု၊ လစ်လျူရှုမှုတွေကြောင့် သေသင့်တာထက် ပိုသေခဲ့ရတယ်လို့ ဆိုပါတယ်။ သင်္ဘောကပ္ပတိန်၊ အရာရှိအချို့နဲ့ ဝန်ထမ်းအချို့ကိုလည်း တရားစွဲထားတာ ဖတ်ရှုရပါတယ်။

ဒီအဖြစ်အပျက်ကို သုံးသပ်ရမယ်ဆိုရင် သင်္ဘောဝန်ထမ်းတွေထဲမှာ ပက်ရီယွန်း (Park Jee Young) လို တာဝန်သိဝန်ထမ်းများနဲ့ တာဝန်မသိတဲ့ဝန်ထမ်း (၂)မျိုးပါဝင်နေတာ တွေ့ရပါတယ်။ တကယ်တော့ သင်္ဘောဝန်ထမ်းအားလုံးမှာ ခရီးသည်တွေကိုကယ်ဖို့ တာဝန်ကိုယ်စီရှိကြပါတယ်။ တာဝန်ရှိပေမဲ့ တာဝန်မသိတဲ့ဝန်ထမ်းများက တာဝန်မကြည့်ဘဲ ရှိခဲ့တာကြောင့်၊ ပက်ဂျီယွန်းလို တာဝန်သိစိတ်ရှိတဲ့ ဝန်ထမ်းတွေက တာဝန်ပိပြီး၊ မနိုင်မနင်းတာဝန်ထမ်းခဲ့ရတာကြောင့် ခရီးသည်တွေကို မကယ်နိုင်ခဲ့တာလည်း ထင်ရှားခဲ့ပါတယ်။




ဘာပဲဖြစ်ဖြစ် မိမိအသက်ကိုရင်းပြီး ခရီးသည်တွေအသက်ကို အားတင်းပြီးကယ်ဆယ်ရင်း အသက်စွန့်သွားတဲ့ ပက်ဂျီယွန်းနဲ့ဝန်ထမ်းကောင်းအချို့ကို ပြည်သူပြည်သားတွေရဲ့နှလုံးသားမှာမေ့နိုင်စရာမရှိနိုင်ပါလို့ ယုံကြည်မိပါတယ်။

သူမဟာ အသက်(၂၂)နှစ်အရွယ် လူငယ်ကလေးပဲဖြစ်ပါတယ်။ ဒါပေမဲ့သူမရဲ့စိတ်ထားကတော့ စံထားစရာဖြစ်ခဲ့ပါတယ်။ တောင်ကိုးရီးယားနိုင်ငံရဲ့အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့တစ်ခုဖြစ်တဲ့ ကောင်းသောဆမာရီတန်ဆုကို သူမအားပေးဖို့ တောင်ကိုးရီးယားပြည်သူ ပြည်သားတွေက ၎င်းတို့၏အစိုးရထံတောင်းခံထားကြကြောင်း သိရပါတယ်။

အလားတူဖြစ်ရပ်မျိုးကို ၁၉၄၃ ခုနှစ်မှာ ဖြစ်ခဲ့ဖူးပါသေးတယ်။ (ထိုအဖြစ်အပျက်ကို ကျွန်ုပ်၏အခြားစာအုပ်၊ တစ်အုပ်တွင် ဖေါ်ပြခဲ့ပြီး ယခုထပ်မံဖေါ်ပြခြင်းဖြစ်ပါတယ်။) ၁၉၄၃ ခုနှစ်တွင် ဒိုချက်စတာ (Dochester)အမည်ရှိတဲ့ အမေရိကန် ရေတပ်သင်္ဘောကြီးဟာ ကက်သလစ်ဘုန်းတော်ကြီး (၄)ပါး၊ အပါအဝင်၊ ခရီးသည်များစွာတင်ဆောင်လျှက် အတ္တလန်တိတ်သမုဒ္ဒရာ (Atlantic Ocean) ကိုဖြတ်သန်းမောင်းနှင်လာခဲ့တယ်။ ၁၉၄၃ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၃)ရက်နေ့တွင် ထိုသင်္ဘောကြီးအား ရန်သူများကတိုက်ခိုက်ကြရာ လက်နက်ကြီးထိမှန်ပြီး တစ်ဖြည်းဖြည်း နှစ်မြှုပ်စပြုလာတယ်။ အင်ဂျင်ခန်းမှာ ပိတ်မိနေတဲ့ ခရီးသည်များကို ဘုန်းတော်ကြီးလေးပါးက အသက်ကယ်ဝတ်စုံများ ဝတ်ဆင်ပေးခြင်း၊ အသက်ကယ်လှေဆီသို့ပို့ဆောင်ပေးခြင်းများပြုကာ ခရီးသည်များလွတ်မြောက်စေရန် ကူညီပေးခဲ့တယ်။ အသက်ကယ်လှေများထွက်သွားချိန်မှာ ၎င်းတို့လေးဦးမှာမြှုပ်စပြုနေပြီဖြစ်တဲ့ သင်္ဘောပေါ်မှာ ကျန်ရစ်ခဲ့ကြပါတယ်။ ဘုန်းတော်ကြီး(၄)ပါးဟာတည်ငြိမ်စွာဖြင့်ဆုတောင်းရင်း၊ သင်္ဘောကြီးနှင့်အတူ သမုဒ္ဒရာရေပြင်အောက်သို့နှစ်မြှုပ်ပျောက်ကွယ်သွားခဲ့ကြရတာကို ခရီးသည်များက နောက်ဆုံးမြင်လိုက်ကြရတယ်။ အများအသက်ရှင်ရေး



အတွက်၊ အသက်ကိုပေးခဲ့ကြတဲ့ သူတို့ရဲ့ မေတ္တာတရားနဲ့ စွန့်စားမှုလုပ်ရပ် တွေဟာ သမိုင်းတွင် ကျန်ရစ်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်ဧပြီလ၊ ၁၄ ရက်နေ့၊ (CNA) သတင်းတစ်ခုမှာ တိုင်တင်းနစ် အပျော်သင်္ဘောကြီး နှစ်မြှုပ်သွားစဉ်က သင်္ဘောကြီးနဲ့အတူ ပါသွားခဲ့တဲ့ ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးအကြောင်း၊ ကြားသိလိုက်ရပါတယ်။ တိုင်တန်းနစ် သင်္ဘောကြီးနှစ်မြှုပ်စဉ်မှာ အသက်ကယ်လှေနဲ့ ထွက်ပြေးခွင့်ကြုံခဲ့ရသော်လည်း မထွက်ပြေးခဲ့ဘဲ ခရီးသည်ဘာသာဝင်များအား အပြစ်ဖြေပေးခြင်း၊ ပရိတ်တော်ဆီမင်္ဂလာပေးခြင်း၊ အားပေးခြင်းများပြုလုပ်ရင်း အသက်ပေးခဲ့ကြကြောင်း၊ သင်္ဘောနှစ်မြှုပ်ရာတွင် မသေဘဲ ကျန်ရစ်ခဲ့သူ အမျိုးသမီး (၂)ဦးဖြစ်ကြတဲ့ အဲနစ်မက်ကွေးနဲ့မေရီမော်လဲက ပြန်လည်သက်သေခံခဲ့ကြပါတယ်။ ထိုရဟန်းတော်ရဲ့ အမည်ဟာ သောမတ်စ်ဘိုင်လီစ် ဖြစ်ပါတယ်။ ပျံလွန်သွားသော သောမတ်စ်ဘိုင်လီစ် သီတင်းသုံးခဲ့သော အင်္ဂလန်နိုင်ငံရှိ လက်ရှိကျောင်းထိုင်က၊ တိုင်တန်းနစ်ခရီးသည်များရဲ့ ဝိညာဉ်ရေးအတွက် အသက်ပေးခဲ့တဲ့ ဘုန်းတော်ကြီးသောမတ်စ်ဘိုင်လီစ်ကို ရဟန္တာတင်မြှောက်ရန် စတင်ဆောင်ရွက်နေပါပြီလို့ ဧပြီလ (၁၄)ရက်နေ့ကပြောကြားခဲ့ပါတယ်။

၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့က ခရီးသည် (၁၅၀၀)ခန့် နဲ့အတူ တိုင်တင်းနစ် သင်္ဘောကြီးဟာ ရေအောက်သို့ နှစ်မြှုပ်ပျောက်ကွယ်သွားခဲ့ပါတယ်။ ထိုခရီးသည်များနှင့်အတူ ဘုန်းတော်ကြီးသောမတ်စ်ဘိုင်လီစ်လည်း ပါဝင်သွားခဲ့ပါတယ်။ သို့သော် သူ့ရဲ့ပေးဆပ်မှုနဲ့ သူ့ရဲ့မြင့်မြတ်သော စိတ်ဓါတ်တို့ကား ယနေ့တိုင် လေးစား၊ ဂုဏ်ယူစရာအဖြစ် မွှေးသတင်း သင်းပျံ့နေဆဲပါ။

အများအတွက် ခရစ်တော်ရှင်ရဲ့ အနာခံတဲ့အမာခံများ ဖြစ်နိုင်ကြပါစေ။

**ဆရာတော်ဂျက်စတင်း စောမင်းသိုက်**
**ဖားအံဂိုဏ်းအုပ်သာသနာ**

*Presents for the month of October, 2019.*

*Saint Joseph was a just man, a tireless worker, the upright guardian of those entrusted to his care. May he always guard, protect and enlighten familes. - Pope John Paul II*

*"Let us allow ourselves to be 'infected' by St. Joseph's silence! We need it greatly, in a world that is often too noisy, that does not favor meditation or listening to the voice of God."— Pope Benedict XVI*

*"How does St. Joseph exercise his role as protector? Discreetly, humbly and silently, but with an unfailing presence and utter fidelity, even when he finds it hard to understand." "St. Joseph, as a model of quiet prayer and closeness to Jesus, also invites us to think about the time we devote to prayer each day. — Pope Francis*




တစ်ခါက လူငယ်နှစ်ယောက် လက်ဖက်ရည်သောက်ရင်း စကားပြောနေကြပါတယ်။

➢ သားရီး . . မင်းက၊ မင်း ယောက္ခမကြီးကို တော်တော်ချစ်တာဆို . .

➢ မချစ်လို့ ရမလားဟ။ ချစ်ရတာပေါ့ . .

➢ အေးပါကွာ၊ မင်း ယောက္ခမကြီးက လိုလေသေးမရှိအောင် ထားတာကိုး . .

➢ မင်းကလဲကွာ ရွဲ့ပြောနေမှန်းမသိပါလား။ ကျမ်းစာထဲမှာ သခင်ယေရှုက "ရန်သူကိုချစ်ပါ" လို့ မှာထားတယ်လေကွာ ဟား ဟား . .

"ရန်သူကိုချစ်ပါ။" ဆိုတဲ့ဒီပညတ်ချက်ကို ရုတ်တရက်ကြည့်ရင် မဖြစ်နိုင်တဲ့အရာကို သွန်သင်နေသလိုပါပဲ။ လူတိုင်းက ချစ်စရာကောင်းတဲ့သူဆိုအလွယ်တကူ ချစ်တတ်ကြပေမဲ့ ချစ်စရာမကောင်းတဲ့သူ၊ တနည်းအားဖြင့်ကိုယ်နဲ့အဆင်မပြေတဲ့သူဆို ချစ်ခြင်းမေတ္တာပြဖို့ ခဲယဉ်းနေတတ်တယ်။ ခရစ်ယာန်တွေရဲ့ မေတ္တာတရားက ခက်ခက်ခဲခဲ၊ ကြိုးစားရှင်သန်ရတာမျိုးပါ။ ချစ်ရတာ မလွယ်လှပါဘူး။ လူဆိုတာအသွေးအသားနဲ့၊ ခံစားချက်နဲ့၊ နာကျည်းချက်တွေနဲ့လေ။ လင်မယားတွေ ရန်ဖြစ်ကြရင် ပြောလေ့ရှိကြတယ်။ ငါ့အသားကိုမထိနဲ့နော် . နင်ငါ့အသားကို နာကျင်အောင်လုပ်ရင် ငါလည်းနင့်ကို ပြန်လုပ်ရမှကျေနပ်မှာ၊ ဆိုတဲ့စကားမျိုး။ ချစ်လို့ပေါင်းသင်းနေတဲ့ လင်မယားတွေတောင် အမုန်းတွေဝင်လာရင် သိပ်ကိုနာကျည်းသွားတတ်တယ်။ ဒါတောင်ချစ်ဖူးတဲ့ လင်မယားတွေနော်။ တစ်ခါမှလည်း မချစ်ဖူးဘဲကိုယ့်အပေါ် ရက်ရက်စက်စက် ယုတ်မာတဲ့သူတွေ၊ ဒုက္ခပေးတဲ့သူတွေကို ချစ်ဖို့ဆိုတာ တကယ်မလွယ်ပါဘူး။ "ပါးတစ်ဖက်ကို ရိုက်ရင်ကျန်ပါးတစ်ဖက်ကို ပေးဦးလေ့။" တဲ့။ ဒါကသွန်သင်ချက်လေ။ တကယ်လက်တွေ့မှာက ပါးတစ်ချက်ရိုက်ရင် ဆယ်ချက်လောက် ပြန်ရိုက်ပစ်ချင်လောက်အောင်အမုန်းတရားတွေ ကြီးနေတတ်တယ်။ မေတ္တာမရှိရင်ခွင့်လွှတ်ဖို့လည်း မလွယ်ပါဘူး။ ဒါကြောင့်ချစ်ခြင်းမေတ္တာထားရှိဖို့ ယေရှုဘုရားက သွန်သင်နေတာပါ။

ချစ်ပါလို့ဆိုရတာ အပြောလွယ်သလောက်၊ လက်တွေ့မှာ သိပ်ခက်လွန်းပါတယ်။ ချစ်တယ်ဆိုတာ အပေါ်ယံ ခံစားချက်သက်သက်ပဲ မဟုတ်ဘူး။ တကယ်ချစ်ရင်နာကျင်ရစမြဲပဲ။ ချစ်တတ်တဲ့သူကခွင့်လွှတ်တတ်တယ်။ အကောင်းတွေဆောင်ကျဉ်းပေးတတ်တယ်။ နားလည်သည်းခံပေးတယ်။ အပေးအယူတွေ ထည့်မထွက်ဘူး။ ခံစားချက်တွေ အဓိက မထားဘူး။ ကောင်းခြင်းမကောင်းခြင်းအပေါ် မူမတည်ဘူး။ "သင်ကောင်းလျှင်ကျွန်ုပ်မဆိုးပါ။" ဆိုတဲ့ ဆိုရိုးစကားလိုမျိုး၊ ကိုယ့်ရဲ့ကောင်းမြတ်ခြင်းကို သူတစ်ပါးရဲ့အခြေအနေအပေါ် ပုံချမထားဘူး။ တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ သူများက ကိုယ့်ကိုပြုတဲ့အတိုင်း တုန့်ပြန်ရမယ့်အရာ မဟုတ်ဘူး။ မိမိဘက်က ရွေးချယ်ပြီး ဆုံးဖြတ်ပြုမူ လိုက်တဲ့

အရာပဲဖြစ်တယ်။

အမုန်းကို အမုန်းချင်း ဖြေရှင်းလို့ရမှာလား။ အမှောင်ကို အမှောင်ချင်း ဖြိုခွင်းလို့ရောရမှာလား။ ရန်ကိုရန်ချင်း တုန့်ပြန်နေရင်း ကမ္ဘာကုန်တိုင် စစ်ပွဲတွေ ပြီးမှာမဟုတ်ဘူး။ မျက်လုံးတစ်ဖက်အစား၊ မျက်လုံးတစ်လုံး၊ သွားတစ်ချောင်းအစား၊ သွားတစ်ချောင်း ပြန်လည်တုန့်ပြန်နေကြမယ်ဆိုရင် လောကမှာ အကန်းတွေ၊ သွားကျိုးတွေပဲ များနေမှာပေါ့။ အမုန်းတွေ၊ ကလဲ့စားတွေ၊ အာဃာတအငြိုးတွေ ခြေဖျက်နိုင်တာ မေတ္တာကလွဲလို့ အခြားမရှိနိုင်ပါဘူး။ ဒီတော့ မေတ္တာပြတဲ့အခါ ဘယ်လိုမျိုးပြကြမှာလဲ။ ကိုယ့်ကို ချစ်တဲ့သူကိုပဲ ကိုယ်ချစ်ရင်. . ကိုယ့်အပေါ်ကောင်းတဲ့သူကိုပဲ ပြန်ကောင်းမယ်ဆိုရင် . . ကိုယ်ပေးလိုက်တဲ့ အရာတစ်ခုမှာမျှော်လင့်ချက်တွေ ကပ်ညှိနေခဲ့မယ်ဆိုရင်. . ဘာအကျိုးရှိမှာလဲလို့ သခင်ယေရှုက ဆုံးမထားပါတယ်။ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာကိုပြန်လည်ဆန်းစစ်ကြည့်ဖို့လိုပါတယ်။ ခရစ်ယာန်တစ်ယောက်ဖြစ်လာပြီဆိုတာနဲ့ အရင်ဆုံးရတဲ့ ဆုကျေးဇူးတော်က ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာပဲ။ ဘုရားရှင်ရဲ့မေတ္တာတော်ကြောင့် လူဖြစ်လာကြတယ်။ ပြီးတော့ ဘုရားရှင်ရဲ့အသက်တာမှာ ပါဝင်ခွင့်ရတယ်။ ဒါတင်မကသေးဘူး။ ဘုရားသခင်ရဲ့သားသမီးတွေလည်း ဖြစ်လာကြတယ်။ ဘုရားရဲ့သားသမီးတွေဖြစ်လာတာနဲ့အညီ အဖဘုရားရှင်ကဲ့သို့ ရှင်သန်ရမယ့်အရာတွေ ရှိလာတယ်။ ဘုရားသခင်က ဆိုးတဲ့သူ၊ကောင်းတဲ့သူအတွက် မခွဲခြားဘဲ နေမင်းကိုထွက်စေတယ်။ ဝသန်မိုးကို ရွာစေတယ်။ စားစရာတွေ ဖန်တီးပေးတယ်။ လုံခြုံမှုတွေ ပေးနေတယ်။ ဘုရားရှင်ရဲ့ကောင်းမြတ်ခြင်းက လူတွေရဲ့ ကောင်းမြတ်ခြင်းနဲ့ ယှဉ်တွဲထားတာမဟုတ်ဘူး။ လူတွေက ဘုရားအချစ်နဲ့ထိုက်တန်လွန်းလို့ ကျေးဇူးတော်တွေသွန်းလောင်းပေးတာ မဟုတ်ဘူး။ ဆာလံကျမ်းထဲမှာ ဖတ်ရှုရသလို ဘုရားသခင်ဟာ မေတ္တာနဲ့ ကရုဏာတော်ရှင်ဖြစ်သောကြောင့် သက်သက်သာ၊ လူတွေအတွက် ကျေးဇူးတော်တွေ အမြဲသွန်းလောင်း ပေးနေတာပါ။ ဒီအတွက်ကြောင့် ဘုရားသားသမီးတွေဖြစ်တဲ့ ကျနော်တို့တွေလည်း ဘုရားရှင်ရဲ့ လမ်းစဉ်အတိုင်း ကျင့်ကြံကြရမှာဖြစ်ပါတယ်။ ဒုတိယကျမ်းမှာ ရှင်ပေါလူးက "ခရစ်တော်သခင်အားဖြင့် ကျနော်တို့တွေဟာ လူသစ်ဖြစ်လာကြရမယ်"လို့ ဆုံးမထားပါတယ်။ ကောင်းကင်မှာရှိတဲ့ ဘုရားသခင်ဆီကနေ လာတဲ့အတွက် ဝိညာဉ်တော်က ပေးလာတဲ့ဘဝအသစ်နဲ့ ရှင်သန်ကြရမှာ ဖြစ်ပါတယ်။ သူတစ်ပါးအပေါ်ကို မေတ္တာပြတာ၊ ခွင့်လွှတ်တာ၊ ပေးကမ်းတာ၊ ကောင်းတာတွေ လုပ်ပေးတာတွေဟာ တစ်ဖက်သားအပေါ်မူတည်ပြီး၊ လုပ်ပေးတာမျိုး မဟုတ်ဘဲ ဘုရားသား၊ သမီးတွေ ဖြစ်နေတဲ့အတွက် လူတိုင်းအပေါ်မေတ္တာထားနိုင်ဖို့ ကြိုးစားနေကြခြင်းပဲ ဖြစ်ပါတယ်။

တခါတလေမှာ ကိုယ်ပေးလိုက်တဲ့ မေတ္တာတွေအတွက် စော်ကားခံလိုက်ရတာ တွေ့ရှိတယ်။ လူတိုင်းက စေတနာနဲ့ မတန်ဘူးဆိုတဲ့ ခံစားမှုတွေ ဖြစ်လာတယ်။ မေတ္တာတရားမှာ အလျားအနံမရှိပေမဲ့ အသွားအပြန်ရှိတယ်လို့ဆိုကြတယ်။ တစ်ဖက်သူဆီက ပြန်လာတဲ့မေတ္တာမရှိလို့ ကိုယ့်တစ်ဖက်သတ်ပဲ ရှိနေဦးတောင် ကိုယ်ကပေးလိုက်တဲ့မေတ္တာကို သူ့နှလုံးသားကလက်မခံပဲ၊ တံခါးပိတ်ထားတဲ့အတွက် ပေးတဲ့သူဆီပဲမေတ္တာက ပြန်လာမယ်ဆိုတာသေချာပါတယ်။ ကိုယ်က မေတ္တာပေးလိုက်လို့ရှုံးသွားရတယ်ဆိုတာမရှိပါဘူး။ အမြတ်မထွက်ဘူးဆိုရင်တောင် အရင်းမက ကျန်ပါတယ်။ ဥပမာ- ကိုယ့်အပေါ် ထိခိုက်နစ်နာစေခဲ့သူကို ကိုယ်ကခွင့်လွှတ်ပေးလိုက်တာကို သူကပြန်ပြီးဂရုမစိုက်၊ အသိအမှတ်မပြုဘူး ဆိုရင်တောင် မိမိရဲ့ ရင်ထဲမှာတော့၊ နာကျည်းခြင်းတွေအတွက် နေရာမရှိတော့ဘူး။ အမုန်းကို ဖယ်လိုက်နိုင်တဲ့အတွက် အနည်းဆုံးကိုယ့်တစ်ကိုယ်စာ အတွက်တော့ အသက်ရှူချောင်လာပါတယ်။ ဘဝကလည်း လွတ်လပ်ပေါ့ပါးလာပါမယ်။ အမုန်းတွေ၊ အငြိုးတွေကို ကိုယ်သွားလေရာ သယ်ပိုးနေရင်တော့ အရင်ဆုံး ပူလောင်ရတာက မိမိကိုယ်တိုင်ပါပဲ။ ဒါကြောင့် ချစ်ခြင်းမေတ္တာပေးတဲ့သူက စိတ်နှလုံးငြိမ်းချမ်း

ပြီးဘဝက လွတ်လပ်ပေါ့ပါးနေတယ်။ ကျေးဇူးတော်တွေလည်း ထပ်ကာထပ်ကာ ဝင်လာမယ်။ နောက်ဆုံး ဘုရားသခင်ရဲ့ သားသမီးအဖြစ် လောကထဲမှာ သက်သေခံနိုင်ပါလိမ့်မယ်။ ဒါကြောင့်မို့ မေတ္တာတရားကို ရွေးချယ်ဆုံးဖြတ်ကာ ပြသကြရမယ်။ မေတ္တာတရားကင်းတဲ့နေရာမှာ မေတ္တာတွေပေးဝေနိုင်တဲ့သူတွေဖြစ်ဖို့ သနားကြင်နာတော်မူသော ဘုရားသခင်ဆီမှာ ဆုကျေးဇူးခွန်အား တောင်းခံကြပါစို့။ "ခွင့်လွှတ်ပေးပါ။ ခွင့်လွှတ်ခြင်းခံရလိမ့်မယ်။ ပေးကမ်းလိုက်ပါ။ သင်ရက်ရောတဲ့ပမာဏအတိုင်း သင့်ဘဝထဲမှာပေးကမ်းခြင်းတွေ ဝင်လာလိမ့်မယ်။" ချစ်ခြင်းမေတ္တာမှာ တန်ခိုးရှိတယ်။ မေတ္တာရဲ့ စွမ်းအားကို ယုံကြည်လိုက်ကြပါစို့။

**သီကိုရှင်း**

# အတုယူခြင်း



ကျွန်တော် ကျောင်းသားဘဝတုန်းက မင်းသားကြီးဦးကျော်ဟိန်း သရုပ်ဆောင်နာမည်ကောင်းရခါစ အချိန်ဆိုတော့ သူ့ရဲ့ပရိတ်သတ်လူငယ်တွေက ဦးကျော်ဟိန်းပြုမူသမျှ သရုပ်ဆောင်ပုံ၊ စကားပြောဆိုပုံကအစ အတုယူကြတယ်။ လိုက်လုပ်ကြတယ်။ ကျွန်တော် သတိယ ပါသေးတယ်။ ရုပ်ရှင်ကား နာမည်တော့ မမှတ်မိတော့ပါ။ ၎င်းဇာတ်ကားထဲမှာ ဦးကျော်ဟိန်းက သူ့ရဲ့သူငယ်ချင်းတစ်စုနဲ့ ရေကူးကန်မှာဂျင်းဘောင်းဘီ ဝတ်ပြီးရေကူးတယ်။ အဲဒီရုပ်ရှင်ကားကို ရုံတင်ပြသတဲ့အခါ ကြည့်ကြတဲ့ ဦးကျော်ဟိန်းရဲ့ ပရိတ်သတ်လူငယ်များဟာ အတုယူပြီး ဂျင်းဘောင်းဘီနဲ့ ရေကူးကြတယ်။ နောက်တခါ ကိုကျော်သူခေတ် အလှည့်ရောက်ပြန်တော့ ကိုကျော်သူက ကောလိပ်ကျောင်းသားအဖြစ် သရုပ်ဆောင်တဲ့အခါ လွယ်အိတ်ကြိုးထုံးပြီးလွယ်တယ်။ ကိုကျော်သူကို ချစ်တဲ့လူငယ်တွေက အတုယူပြီးထိုနည်းတူ လိုက်လုပ်ကြတယ်။

ကျွန်တော်စဉ်းစားမိတယ်။ ကျွန်တော်အခု အသက် (၉၅) နှစ်၊ ဝါတော် (၇၀) ရှိပြီ။ ကျွန်တော်ဆီက ညီအစ်ကို ဘရာသာရ်များအတွက်နဲ့ ဘာသာသူများအတွက် အတုယူစရာပုံစံကောင်း ဘာများရှိသလဲ။ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ကြည့်တော့ ရှက်လဲရှက်မိပါတယ်။ ဒီအားနည်းချက်နဲ့ပတ်သက်ပြီး ရှင်ပေါလုက လဲဝန်ခံခဲ့ပါတယ်။ "ကောင်းသောအမှုကို ငါပြုချင်သော်လည်း ငါမပြုပဲနေခဲ့တယ်။ ဆိုးသောလမ်းကို ရှောင်ရှားချင်သော်လည်း ငါဆက်လျှောက်နေခဲ့တယ်"တဲ့။ အဲဒီလိုအားနည်းချက်တွေနဲ့ပြည့်လျှံနေပေမဲ့အရှုံးမပေးတဲ့စိတ်ဓါတ်နဲ့အတူ ပြန်လည်နိုးထမယ် ဆိုရင် "ခရစ်တော်အားဖြင့်အရာရာကို ငါတတ်စွမ်းနိုင်၏။" ဆိုပြီးကြွေးကြော်နိုင်ခဲ့တဲ့ ရှင်ပေါလူးကဲ့သို့ ပြောင်းလဲသွားနိုင်ပါတယ်။ ယခုဆိုရင်ရှင်ပေါလုထံမှာ သူတော်စင်များနဲ့ခရစ်ယာန်များအတွက် မကုန်မခမ်းနိုင်အောင်၊ အတုယူစရာတွေ ပိုင်ဆိုင်နိုင်သူအဖြစ် သမ္မာကျမ်းစာထဲမှာ မှတ်တမ်းတင်ခြင်း ခံခဲ့ရပါတယ်။

## မယားနှစ်ယောက်ယူမိလေသောကြောင့်

ဟိုရှေးရှေးတုံးက တောရွာတစ်ရွာမှာ  စားနိုင်၊ သောက်နိုင် အခြေအနေရှိတဲ့တောသူဌေး တစ်ဦးရှိတယ်။ သူ့မှာ မယားနှစ်ယောက်လည်းရှိတယ်။ မယားကြီး၊ မယားငယ်ပေါ့။ မယားကြီး၊ မယားငယ်နဲ့အတူ သားသမီးများလည်း ထွန်းကားကြပါတယ်။ နှစ်အတော်ကြာကြာ အတူနေထိုင်ကြရင်း တစ်နေ့တော့ မယား



# ကောင်းသောစိတ်စွမ်းအားနှင့်မကောင်းသောစိတ်စွမ်းအား အခန်း(၄)

## စိတ်ဝိညာဉ်ပျော်ရွှင်နှစ်သိမ့်ခြင်းနှင့်စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း

(SpEx, 316-324)

Br. Thang Ha, SJ

ဦးနီနီသည် အချိန်ကြာမြင့်စွာ ပျော်ရွှင်ကြည်နူးပြီး စိတ်ငြိမ်သက်ခြင်းကိုခံစားရ၏။ သူ၏ပျော်ရွှင်ခြင်းသည် လုပ်ငန်းခွင်အတွက် အားအင်ဖြစ်စေသည်။ သူ၏စိတ်နှလုံးသည်လည်း မျှော်လင့်ချက်အပြည့်ကို ပေးစွမ်းနိုင်၏။ မူလတန်းနှင့်အလယ်တန်း တက်နေသော သားသမီး လေးယောက်အတွက် လေးလံသည့်တာဝန်ထမ်းဆောင်ရသော်လည်း သူအမြဲပျော်ရွှင်နေတတ်သည်။ အလုပ်ရုံမှ သူ၏လုပ်ဖော်ကိုင်ဖက်များပင် သူ၏ပျော်ရွှင်မှုကို အားကျ လေ့ရှိကြသည်။ သူအလုပ် မလုပ်ကိုင်မီ ဘုရားသခင်အား အရာအားလုံးကို အပ်နှံပြီး ဆုတောင်း၏။

❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀ ⇨

⇨ အကြီးကအကြံတစ်ခုရတယ်။ ကျွန်မရဲ့ ယောက်ျား အသက်ကြီးပေမဲ့ မပျက်စီးသေးဘူးဆိုတော့ အရွယ်တင်အောင်ဆိုပြီး ယောက်ျားရဲ့ ခေါင်းပေါ်က ဆံပင်ဖြူတွေ နှုတ်ပေးလိုက်တယ်။ မယားငယ်ကလည်းအားကျမခံ ကျွန်မယောက်ျားက အသက်ကြီးပေမဲ့ မပျက်စီးသေးဘူးဆိုတော့ နောက်ထပ် မယားငယ်ယူမှာ စိုးရတယ် ဆိုပြီး ယောက်ျားခေါင်းပေါ်က ဆံပင် အနက်တွေကို နှုတ်ပစ်လိုက်တယ်။ နောက်ဆုံးတော့ သူဌေးကြီးခမျာမှာ ခေါင်းတုံးကြီး ဖြစ်သွားရှာပါတယ်။

ဇဝံဂေလိကျမ်းမှာ “ခရစ်တော်က မည်သူမျှ သခင်နှစ်ဦး၏ အစေကိုမခံနိုင်၊ တစ်ယောက်ကိုချစ်ပြီး၊ တစ်ယောက်ကိုမုန်းလိမ့်မည်။” လို့ဆိုပါတယ်။ ကျွန်တော်တို့ သူတော်စင်ဘောင်သို့ ဝင်ကတည်းက မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမ၊ ပိုင်ဆိုင်ပစ္စည်းအားလုံး အကုန်စွန့်ပြီးသားဖြစ်ပါတယ်။ သို့သော်လည်း သူတော်စင်ဘဝမှာ နှစ်အတော်ကြာ နေလာသည်နှင့်အမျှ အမြင်ကျယ်လာပြီး၊ စွန့်လွှတ်ထားပါတယ်ဆိုတဲ့ အရာအားလုံးကို ပြန်လည်ပိုင်ဆိုင် ချင်လာကြပါတယ်။ ပိုင်တဲ့သူတွေလည်းရှိပါတယ်။ ဒါကို ကျွန်တော်တို့ ခေါ်ကြတာကတော့ နတ်ဆိုးရဲ့နှောင့်ယှက်ခြင်းပေါ့။ အမှန်တကယ်တော့ကိုယ် ကိုယ်တိုင်ကပဲ အရေးကြီးပါတယ်။ ဥပမာတစ်ခုပေးရရင် နေပူထဲသွားတဲ့သူနှစ်ယောက်၊ သွားတာချင်းအတူတူ အိမ်ပြန်ရောက်တော့ တစ်ယောက်ကဖျားတယ်။ တစ်ယောက်ကဘာမှမဖြစ်ဘူး။ ဒါဆိုရင်ဘယ်သူ့ရဲ့အပြစ်လဲ။ နေရဲ့အပြစ်လား။ ဖျားတဲ့သူရဲ့အပြစ်လား။ နေပူဒဏ်မခံနိုင်တဲ့ သူရဲ့အပြစ်ပေါ့။




ဆိုလိုတာကတော့ ကျွန်တော်တို့ ဒီလောကမှာရှိနေသမျှ ကာလပတ်လုံးတော့ ဒီအရာတွေနဲ့ မလွတ်ကင်းနိုင်ပါဘူး။ ဒါကြောင့် ကြံ့တွေတိုင်း၊ မြင်တွေ့တိုင်းသာ ပိုင်ဆိုင်ချင်တယ်၊ မပြတ်သားနိုင်ဘူး ဆိုရင်တော့ လောကစည်းစိမ်ချမ်းသာလည်း မခံစားရ၊ ကောင်းကင်ရွှေပြည်နိုင်ငံတော်လဲ မပိုင်ဆိုင်နိုင်ဘူးဆိုရင် ကျွန်တော်တို့ လူဖြစ်ရအကျိုးမနပ်၊ သူတော်စင်ဖြစ်ရကျိုး ဆုံးရှုံးသူများသာဖြစ်ပါလိမ့်မယ်။

(ဆိမ်ဇောလ် ချစ်ဆလိုင်းလေးထန်ထန်)

ဘုရားသခင်သည် သူ့အားပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်းနှင့်အခြားလိုအပ်သည့်ကျေးဇူးတော်များပေးလေသည်။ ဒေါ်လူစီ၏ အဖြစ်အပျက်များသည် ဦးနီနီ၏အဖြစ် အပျက်နှင့်မတူ၊ ဒေါ်လူစီသည် မောပန်းနွမ်းနယ်လွန်းခြင်းနှင့် စိတ်မပျော်မရွှင် ဖြစ်နေသည်ကို သူမ၏ သူငယ်ချင်းများ သတိပြုမိသည်။ သူမသည် အရင်ကနှင့်မတူဘဲစိတ်ပျက်နေတတ်ပြီး၊ မထမ်းနိုင်သည့်ဝန်ထုပ်ကိုထမ်းဆောင်နေရဟန်တူသည်။ သူမသည် အလွန်စိတ်ဓာတ်ကျနေပြီး၊ အသေးအမွှားကိစ္စများပင်လျှင် သူမ၏သူငယ်ချင်းများနှင့်လည်း မကြာခဏ အထင်လွဲမှားမှုများနှင့် ကြုံတွေ့နေရသည်။ ဘာသာရေး လုပ်ဆောင်မှုများ၊ အားနည်းလာသည့်အပြင် ဆုတောင်းခြင်း၌လည်း စိတ်မပါတော့ပေ။ သူမ၏ ဆုတောင်းခြင်း၌ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းနှင့်ကြုံတွေ့နေရသည်။

ဝိညာဉ်ရေးအရ ဦးနီနီသည် စိတ်ဝိညာဉ်ပျော်ရွှင်နှစ်သိမ့်ခြင်းကို ခံစားနေရသော်လည်း ဒေါ်လူစီမှာမူ စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းကို ခံစားနေရသည်။ သူတို့နှစ်ဦး၏ အတွေ့အကြုံများသည် ကျွန်ုပ်တို့၏ ဘဝတွင်လည်း ဖြစ်ပေါ်လေ့ရှိ၏။ ဤအပိုင်းတွင် စိတ်ဝိညာဉ်ကျေနပ် နှစ်သိမ့်ခြင်းနှင့် စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းအကြောင်းကို အကျဉ်းချုပ် ဖော်ပြထားသည်။

## ၁။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်း။ (LR 316)

စိန်အီဂနေးရှပ်စ်၏ ဝိညာဉ်ရေးလေ့ကျင့်ခန်းစာအုပ်တွင်စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်းအကြောင်း အောက်ပါအတိုင်းဖော်ပြထားသည်။ လူတစ်ယောက်၏ အတွင်းစိတ်နှလုံး အခြေအနေသည် ဘုရားသခင်ကို မြတ်နိုးသည့် အချစ်မီး တောက်လောင်နေ၏။ ထိုအခြေအနေတွင် လူသားအားလုံး၊ အရာအားလုံးထက် ဘုရားသခင်ကို ပထမနေရာတွင် ထားရှိမြတ်နိုးခြင်း ဖြစ်သည်။ မမေဇင်သည် စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းခံစားနေရသည်။ သူမသည် တက္ကသိုလ်ကျောင်းသူ တစ်ဦးဖြစ်သည်။ ဆုတောင်းပွဲတစ်ခုတွင် သူမ၏အတွင်းစိတ်အခြေအနေကို သူမ၏သူငယ်ချင်းများအား ပြောပြသည်။ "အခုတလော ကျွန်မဘုရားသခင်နဲ့ အမှန်တကယ်နီးစပ်နေတယ်လို့ ခံစားနေရတယ်။ အဲဒီခံစားချက်ကြောင့် ကလေးတွေကို အကောင်းဆုံးကြိုးစား ကူညီပေးနိုင်ခဲ့တယ်။ ကျွန်မအမေများကြီး ဆုတောင်းနိုင်လို့ပိုပြီး ကျေနပ်နှစ်သိမ့်မှုရရှိခဲ့တယ်။ ဘုရားသခင်ကိုလည်း အစဉ်အမြဲ ချစ်ခင်၊ ရိုသေ၊ ချီးမွမ်းနိုင်ခဲ့တယ်။ ကျွန်မ ဘဝကတော့ ပျော်ရွှင်နှစ်သိမ့်မှုတွေ၊ ခွန်အားတွေနဲ့ပြည့်နေပါတယ်"

စိတ်ဝိညာဉ်ပျော်ရွှင်နှစ်သိမ့်ခြင်းမှာ အပြစ်ကျူးလွန်ရန် ကြောက်စိတ်ကို ဖြစ်ပေါ်စေပြီး၊ အပြစ်အတွက် နောင်တစွဲကာ မိမိကိုယ်ကို ပိုမိုကောင်းမွန်လာအောင်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကိုတုန့်ပြန်၍ ပိုမိုချစ်လာနိုင်အောင် ကြိုးစားလုပ်ဆောင်လေ့ရှိသည်။

မဝါဝါသည် သူမ၏ဥပုသ်စောင့် ဆုတောင်းပွဲအတွင်းစိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းကို ခံစားရသည်။ သူမဥပုသ်စောင့်နေစဉ်သူမ၏ဘဝသည်တာဝန်ယူမှုမရှိခြင်း၊မကောင်းမှုအပြစ်များနှင့်ပြည့်နက်နေသည်ဟုခံစားရသည်။ သခင်ယေဇူး၏ဒုက္ခစရိယာအကြောင်း သူမထောက်ရှု ဆုတောင်းတိုင်း၊ သူမကျူးလွန်ခဲ့သည့် အပြစ်များ၊ အချိန်ဖြုန်းမှုများ၊ ဘဝကိုလေးနက်စွာ အသက် မရှင်ခဲ့သည်များအတွက် သခင်ယေဇူးဒုက္ခခံထမ်းရခြင်းဖြစ်ကြောင်း သိရှိလာသည်။ သူမသည် ဘုရားရှင်၏ကျေးဇူးတော်များကိုကောင်းစွာအသုံးမပြုဘဲ၊ မိမိအိမ်ထောင်၏အပြင်ဘက်တွင်အခြားသူများနှင့်နေထိုင်ခြင်းဖြင့်မိမိ၏ အိမ်ထောင်ရှင်ဝတ္တရားကို ဖောက်ဖျက်ခဲ့၏။ ထို့ကြောင့်ခရစ်တော်၏ဒုက္ခစရိယာခံခြင်းအကြောင်းပြန်လည်သုံးသပ်ဆန်းစစ်ကာ မိမိပြုခဲ့သည့် အပြစ်များအတွက် စစ်မှန်သည့်နောင်တ တရားစွဲပြီး ယခင်ကဲ့သို့ ဘုရားရှင်နှင့်ပြန်လည်နီးကပ်အောင် ကြိုးစားနေထိုင်ရန် ဘုရားသခင်ကို ကတိပေးခဲ့သည်။ ပျောက်နေသည့် သားငယ်သည် အဖထံပြန်လာသကဲ့သို့ သူမလည်း ဘုရားသခင်ဆီ ပြန်လှည့်လာခဲ့သည်။



ဝိညာဉ်ပျော်ရွှင်နှစ်သိမ့်ခြင်းသည် ဘုရားသခင်ကိုယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်လေးမြတ်ခြင်းကို တိုးပွားစေသည်။ အတွင်းစိတ်၏နက်ရှိုင်းသော ဝမ်းမြောက်ခြင်းနှင့်အတူကောင်းကင်နှင့်ဆိုင်သည့် အရာများကိုသာ တွေးတောစဉ်းစားနေတတ်သည်။

မသီသီသည် အဖွဲ့လိုက်ဆွေးနွေးပွဲတွင် ဤအကြောင်းအရာများကို ဝေမျှခဲ့လေသည်။ "ကျွန်မ ကင်ဆာရောဂါ အကြာကြီးခံစားနေရလို့ မျှော်လင့်ချက်လည်း ပျောက်ချင်နေခဲ့တယ်။ ဆရာဝန်တွေ တစ်ယောက်ပြီးတစ်ယောက် သွားတွေ့ပေမဲ့လည်း ဘာမှ မထူးခြားလာဘူး။ နောက်ဆုံးတော့ ဆုတောင်းခြင်းများများလုပ်ဖို့ အကြံပေးတဲ့သူနဲ့ ကျွန်မတွေ့ခဲ့တယ်။ ကျွန်မလည်း တကယ်ပဲ ရောဂါတွေပျောက်ချင်တာနဲ့ ယေဇူးရှေ့နှလုံးတော်ဆီသာမက မယ်တော်သခင်မထံ နိုဗီနာလုပ်ပြီး၊ ဘုရားသခင်အလိုရှိရင် ကျွန်မကိုအကောင်းဆုံး ကုသပေးဖို့တောင်းလျှောက်ခဲ့ပါတယ်။ လနဲ့ချီပြီးဆုတောင်းမှုတွေ အများကြီးလုပ်ပြီးမှ ဘုရားသခင်ဟာ ကျွန်မကိုပြန်လည် ကျန်းမာလာစေခဲ့တယ်။ ကျွန်မနဲ့ကျွန်မရဲ့မိသားစုကို ဘုရားသခင် တကယ်ချစ်တယ်လို့ ယုံကြည်တယ်။ အဲဒီကနေစပြီး ဘုရားကျောင်းပုံမှန်တက်တယ်၊ ဘုရားရှိခိုးတယ်။ သူများတွေကိုလည်းအမြဲကူညီပေးတယ်။ ဘုရားသခင်ဟာကျွန်မကိုရောဂါပျောက်အောင်ကုသပေးခဲ့တဲ့အတွက်ကျွန်မလည်းအကူညီအလိုအပ်ဆုံးသူတွေကို ကူညီရင်း ဘုရားသခင်ကိုအစေခံနေပါတယ်။"

အထက်ပါ အတွေ့အကြုံတွေကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာကို သန့်ရှင်းသောဝိညာဉ်တော်က နေတစ်ဆင့် လူတွေဆီကို စိတ်ဝိညာဉ်ပျော်ရွှင်ခြင်း ပေးကြောင်းသေချာသိမြင်နိုင်ပါသည်။ ထိုအရာသည် လူအားဖြင့်ကြိုးစားလုပ်ယူ၍ ရသည့်အရာမဟုတ်ပါ။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို လူတစ်ဦးအနေနဲ့လက်ခံနိုင်သည့် နည်းလမ်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဘုရားသခင်သည် မိမိ၏တန်ဖိုးမဖြတ်နိုင်သော ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့အားကာကွယ် စောင့်ရှောက်ပေးခြင်းဖြစ်ကြောင်း ယုံကြည်ချက်။

(၂) ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့်အမြဲနီးစပ်လာခြင်း၊ စိတ်ပျော်ရွှင်ကျေနပ်မှုများ ခံစားရခြင်းအားဖြင့်ဘဝကိုအကောင်းဆုံး အသက်ရှင်လိုသည့် ခွန်အားများရရှိခြင်း။

(၃) ဘဝမှာ သံသယတွေမရှိဘဲ မိမိဆုံးဖြတ်ချက်အတိုင်း အကောင်းဆုံး ရုန်းကန်ကြိုးစားချင်သည့် စိတ်ဓာတ်ရှိခြင်း တို့အပြင်ဘုရားသခင်၏အလိုတော်အတိုင်း လုပ်ဆောင်ရာတွင် ပင်ပန်းနွမ်းနယ်သော်လည်းပျော်ရွှင်စွာ လုပ်ဆောင်တတ်ခြင်း တို့ဖြစ်သည်။

**၂။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း။** (SpEx, 317)

၁)။စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းသည် စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး၊အတွင်းစိတ်နှလုံး(သို့)လူတစ်ဦး၏ဘုရားသခင်နှင့် ဝေးကွာနေသည့် ခံစားချက်ဖြစ်လေသည်။ ထိုသို့ခံစားရသူသည်ဘုရားသခင်ကို ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းများလျော့နည်းလာသည်။ ထို့အပြင် စိတ်မငြိမ်မသက်ဖြစ်ခြင်း၊ စိုးရိမ်မှုကြီးခြင်း၊ အလိုလိုဝမ်းနည်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အကောင်းအဆိုးကို မခွဲခြားတတ်တော့ဘဲ၊ အကျိုးအကြောင်းများ ဆီလျော်အောင်လည်း မတွေးခေါ်တတ်တော့ပေ။

ကိုရင်ကြီးအောင်လှသည် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကို ခံစားနေရသူ တစ်ဦးဖြစ်သည်။ ထိုခံစားချက်ကြောင့် ကိုရင်သည်သူနေထိုင်သည့်ကျောင်းမှ ထွက်ပြေးချင်စိတ်များမကြာခဏဖြစ်ပေါ်တတ်၏။ သူ၏စိတ်ထဲတွင်ကိုရင်ဘဝကို ဘဝင်မကျဖြစ်ကာ ခြောက်သွေ့မှုများနှင့် စိတ်ပျက်ဖွယ်ရာသာဖြစ်သည် ဟုခံစားလာရလေသည်။ သူကြိုးစားပြီး ဆုတောင်းသော်လည်း အတွေးအမျိုးမျိုး၏ နှောက်ယှက်ခြင်းကြောင့် စိတ်ပျံ့လွင့်ပြီး ဆုတောင်းခြင်း၌အာရုံမစိုက်နိုင်တော့ပေ။ ဘုရားသခင်က သူ့ကိုပစ်ထားသည်ဟု ခံစားချက်များ ဝင်လာသဖြင့် ဆုတောင်းချင်စိတ်ကုန်ကာဆုမတောင်းတော့ချေ။ ယခင်က ပျော်ရွှင်ဖွယ်ကောင်းသည်ဟု ခံစားခဲ့ရသည့် သူ၏သာသနာအလုပ်ပင်လျှင် ပျော်ရွှင်စရာမကောင်းတော့ပေ။ သူ၏စိတ်တွင် "ငါဘာဆက်လုပ်ရင် ကောင်းမလဲ၊ ဘုရားသခင်က တကယ်ပဲငါ့ကို ဒီအလုပ်လုပ်ဖို့ အလိုရှိသလား၊ ဘုရားသခင်ဘာလို့ငါနဲ့ဝေးနေတာလဲ။" စသည့် မေးခွန်းများ၊ သူ၏စိတ်တွင်ပေါ်လာတတ်သည်။

အခြားသူများ၏ အကြံပေးချက်များကို ယခင်က နားထောင်ခဲ့သော်လည်း ယခုတွင် နားမထောင်တော့ပေ။ ကျောင်းမှ သူငယ်ချင်း ကိုရင်များကိုလည်း ချစ်ခင်ခြင်း ကင်းမဲ့ကာ အပြောအဆို ကြမ်းတမ်းလာသည်။

စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းသည် မကောင်းသည့်အရာများ၊ လောကနှင့်ဆိုင်သော အရာများဘက်သို့ အမှောင်ဖုံးနေသည့်စိတ်ဝိညာဉ်ကို လှုံ့ဆော်တတ်၏။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းဖြစ်စေသည့်အကြောင်းရင်းများမှာ စိတ်အလိုလိုက်ကာ ပျင်းရိနေခြင်း၊ မိမိအလုပ်ကို အလေးမထားတတ်ခြင်းနှင့် အရေးကြီးသည့် အလုပ်အစား၊ အရေးမကြီးသည့် အလုပ်များကိုလုပ်ကာ အချိန်ဖြုန်းတီးခြင်းတို့ကြောင့်ဖြစ်သည်။ အများသောအားဖြင့် လူတို့သည် လောကစည်းစိမ်ဥစ္စာ၊ အဆင့်အတန်း၊ ဩဇာအာဏာနှင့် ပျော်ရွှင်မှုများတွင် နစ်မွန်းနေတတ်၏။ ထိုအရာများကို ဦးစားပေးနေသူများသည် ဘုရားသခင်အကြောင်းကို ဂရုမစိုက်နိုင်တော့ဘဲ ဘုရားသခင်နှင့်ဝေးနေတတ်လေသည်။

အထက်တန်း ကျောင်းအုပ်ဆရာမ တစ်ဦးဖြစ်သည့် ဒေါ်ကြည်စင်သည်သူမ၏ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း အကြောင်းကိုပြောပြလေသည်။"ဘာဖြစ်တာလဲမသိဘူး။ ကျွန်မရဲ့အလုပ်တွေကို စိတ်ကုန်လာတယ်။ စာသင်ကျောင်းကိုလည်း မသွားချင်တော့ဘူး၊ ကျောင်းကိုသွားမယ့်အစား၊ အစည်းအဝေးရှိတယ်လို့အကြောင်းပြပြီး ဈေးဝယ်ထွက်ချင်တဲ့စိတ် ပေါ်လာတယ်။ အရင်ကအရမ်းကို ဂရုစိုက်ပေးခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ ဆရာ၊ဆရာမတွေကိုလည်း ကျွန်မမကြိုက်တော့ဘူး၊ သူတို့ကိုတွေ့ရင် စိတ်တိုလာတယ်။ သူတို့တွေ အကောင်းလုပ်တာကို ချီးမွမ်းရမည့်အစား အော်ဟစ်မောင်းထုတ် တတ်လာတယ်။ သူတို့က မလေးမစားလုပ်လာရင် ကျွန်မတကယ် ပိုစိတ်ဆိုးတာပေါ့။ တစ်ခါတစ်လေ သူတို့တွေထက် ကျောင်းကပန်းအိုးတွေ ရေလောင်းတာပိုအရေးကြီးတယ်လို့ ခံစားလာတယ်။ ကျွန်မ တကယ်ပဲ အကုန်လုံးကို စိတ်ပျက်မိတယ်။ ကျွန်မရဲ့ အနက်ရှိုင်းဆုံးသော စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကို ခံစားနေရတယ်။ "ဟု သူမ၏ သူငယ်ချင်းများကို ပြောပြခဲ့သည်။

**၃။ အဘယ်ကြောင့်စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းဖြစ်ရသနည်း။** (SpEx, 322)

လူတစ်ဦး၏ဘဝ၌ စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းကြုံတွေ့ရသည့်အကြောင်းရင်း အမျိုးမျိုးရှိနိုင်သည်။ ယင်းအကြောင်းနှင့် ပတ်သက်၍ စိန်အီဂနေးရှုပ်(စ်)က အချက် (၃)ချက်ဖြင့် ရှင်းပြထားပါသည်။

၁)။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြုံတွေ့ရသူကိုယ်တိုင်၏ မှားယွင်းမှုကြောင့်ဖြစ်သည်။ ထိုသူ၏ ဆုတောင်းသည့်အမှု၌ ပျင်းရိခြင်းနှင့် (ဝိညာဉ်ရေး ကျင့်စဉ်တို့တွင်) စိတ်အားထက်သန်မှု မရှိခြင်းတို့ကြောင့်ဖြစ်သည်။ ဥပမာ၊ ဆုတောင်းရန် ပျင်းရိခြင်း၊ ကောင်းမွန်ပြီး တရားမျှတသည့် အလုပ်တို့ကို မလုပ်ဆောင်ခြင်း တို့ကြောင့် ဘုရားသခင်နှင့် မနီးစပ်နိုင်ချေ။

မအားရီသည် ဤအခြေအနေတစ်ခုနှင့်ကြုံတွေ့ရလေသည်။ သူမ၏ ဘဝတွင် အချိန်အတော်ကြာသည်အထိစိတ်ဝိညာဉ် ခြောက်သွေ့ခြင်းကို ခံစားရလေသည်။ ထို့ကြောင့်သူမ၏ ဘဝကိုငြီးငွေ့လာသည်။ ယခင်က ရရှိခဲ့ဘူးသည့် စိတ်ငြိမ်သက်ခြင်းများလည်း ပျောက်ဆုံးကာ အသက် မရှင်ချင်တော့ပေ။ သူမသည် ဥပုဒ်စောင့်ချိန်တွင် သူမ၏ ဘဝကိုပြန်လည် ဆန်းစစ်ပြီးနောက် ဘုရားကျောင်းမသွား၊ ဆုလဲမတောင်းဘဲ နေခဲ့သည်မှာ အချိန်ကြာခဲ့ပြီးဖြစ်ကာ၊ သူမ၏ပတ်ဝန်းကျင်တွင်ဝိညာဉ် ရေးရာနှင့် လူမှုရေးများလည်း မလုပ်ခဲ့ကြောင်း မိမိကိုယ်ကိုပြန်သတိထားလာမိသည်။ အခြားတဖက်၌လည်း မအဲမာလီ၏ ဘဝ၌စိတ် ဝိညာဉ်ခြောက်သွေ့ခြင်းကို ကြုံတွေ့နေရသည်။ သူမသည် လူမှုရေး အကူအညီကြောင့် သူမ၏ကိုယ်ဝန်ကိုအခမဲ့ဖျက်ချပြီးနောက် သူမ၏ စိတ်ထဲ၌ ထိုအမှားလုပ်ရပ် အတွက် အပြစ်ရှိကြောင်း အမြဲခံစားခဲ့ရလေသည်။ သူမ၏ဘဝသည်သရဲ ခြောက်ခံရသူသဖွယ် ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လေသည်။

၂)။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းသည်ကျွန်ုပ်တို့၏ဘုရားသခင်အပေါ် ယုံကြည်ခြင်းကို စမ်းသပ်ခံရခြင်းဖြစ်သည်။ အထူးသဖြင့်လူတစ်ယောက်၌စိတ်ဝိညာဉ်

ကျေနပ်နှစ်သိမ့်ခြင်း မရှိသည့်အခါ ထိုသူတွင်ဘုရားသခင်အပေါ် မည်မျှယုံကြည်ခြင်း ခိုင်မြဲသည်ကို ဘုရားသခင်ကိုယ်တိုင် စမ်းသပ်ခြင်းဖြစ်သည်။ ယောဘ၏ အတွေ့အကြုံ၌ ထိုအချက်ကို တွေ့ရမည်ဖြစ်သည်။ ယောဘသည် ဘုရားသခင်ကိုခိုင်မြဲစွာ သက်ဝင်ယုံကြည်သူဖြစ်သည်။ သို့သော်သူ၌ရှိသမျှသော ဥစ္စာနေမျာနှင့် သားသမီးများဆုံးရှုံးသည့်အပြင်၊ သူ၏ခန္ဓာကိုယ်တစ်ခုလုံး အနာရောဂါများ စွဲကပ်စေခြင်းဖြင့် ဘုရားသခင်က သူ့ကိုစမ်းသပ်ခဲ့သည်။ ယင်းအဖြစ်ဆိုးများနှင့်ကြုံတွေ့ရသော်လည်း ယောဘသည် ဘုရားသခင်ကို ယုံကြည်ခြင်းမပျက်ခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဘုရားသခင် ကယောဘကိုဆုလာဒ်များစွာ ပြန်လည် ပေးသနားခဲ့လေသည်။ ထိုကဲ့သို့ပင် များစွာသော ရဟန္တာတို့၏ ဘဝတွင်လည်း စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းနှင့် အခက်အခဲ၊ အကြပ်အတည်းမျိုးစုံကို ရင်ဆိုင်စေခြင်းဖြင့် ဘုရားသခင်က သူတို့၏ ယုံကြည်ခြင်းကို စမ်းသပ်လေသည်။



၃)။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း ကြုံတွေ့နေရသူသည်သူ၏စစ်မှန်သည့် အသိတရားများဖြင့် ဘုရားသခင်ရှေ့မှောက်၌ မိမိကိုယ်ကိုနှိမ့်ချတတ်စေရန် ဆိုသည့် ခံစားချက်ကို ရရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့စိတ်ထဲတွင် အစဉ်အမြဲ သတိထားရမည့်အချက်မှာ စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်းသည် ဘုရားသခင်ပေးသည့် ကျေးဇူးတော် တစ်ပါးဖြစ်သဖြင့် ထိုကျေးဇူးတော်ကို နှိမ့်ချသည့်စိတ်ဖြင့် လက်ခံတတ်ရမည်။ ထို့အပြင်ကျွန်ုပ်တို့၏ (လုပ်ဆောင်ချက်) အစွမ်းကြောင့် စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်း ရရှိခြင်းမဟုတ်ပေ။ ယင်းကျေးဇူးတော်သည်ကျွန်ုပ်တို့အား ဘုရားသခင်ပေးသည့် ကျေးဇူးတော်ဖြစ်သဖြင့် ကျွန်ုပ်တို့ဘက်မှ နှိမ့်ချကာ ဘုရားသခင်ကိုကျေးဇူး တင်ချီးမွမ်းသင့်ပေသည်။ စိတ်ဝိညာဉ် ခြောက်သွေ့ခြင်း ကြုံတွေ့ရချိန်၊ ဘုရားသခင် ပေးသနားတော်မူသော စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်းကို ပြန်လည်ရရှိအောင် အစဉ်မပြတ် ဆုတောင်းရမည်ဖြစ်သည်။

ထို့အပြင် စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းဖြစ်ရခြင်းမှာ လူ့သဘာဝဇီဇကြောင့်ဖြစ်သည်။ ဥပမာ၊ မိမိက တာဝန်ယူပြုစုစောင့်ရှောက်ပေးသူ တစ်ဦးအပေါ်၌ ဒေါသတကြီး ဆက်ဆံတတ်သူများတွင် ထိုခံစားချက်များဖြစ်တတ်သည်။ အမှန်အားဖြင့် ထိုသို့ဒေါသဖြစ်ရသည့်အဓိက အကြောင်းရင်းမှာ အိပ်ရေးမဝခြင်းနှင့် စိတ်မကြည်လင်ခြင်းကြောင့် ဖြစ်နိုင်၏။ ထို့ကြောင့် ထိုသူအတွက် လိုအပ်နေသည့် ဆေးမှာ အချိန်မှန်မှန်ဖြင့် အိပ်ရေးဝအောင် အိပ်စက်အနားယူခြင်းဖြစ်သည်။ တစ်ခါတစ်ရံ မိမိခန္ဓာကိုယ် ကျန်းမာအောင် မထိန်းသိမ်းတတ်ခြင်းကြောင့်လည်းစိတ်ဝိညာဉ်ခြောက်သွေ့ခြင်းမျိုး ဖြစ်နိုင်၏။ အထူးသဖြင့် ခန္ဓာကိုယ် မကျန်းမာသူ တစ်ဦးသည် ကိုယ်ခံအား နည်းခြင်းကြောင့် အလွယ်တကူ မောပန်းနွမ်းနယ်ပြီး မိမိ၏ဝိညာဉ်ရေးကိစ္စများကို မလုပ်ဆောင်နိုင်တော့သဖြင့်ဘုရားသခင်နှင့်တဖြည်းဖြည်းဝေးသွားတတ်သည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်ကျန်းမာမှဝိညာဉ်ရေးအတွက်ဆုတောင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်ကျန်းမာအောင် လေ့ကျင့်ခန်းများ ပြုလုပ်သင့်ပေသည်။ ကျွန်ုပ်တို့လူသားများသည် ခန္ဓာကိုယ်နှင့် ဝိညာဉ်တို့ဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်ပါလော။ ယခင်က မပြုလုပ်သင့်သည်ကို ပြုလုပ်မိခြင်းနှင့် ဆုတောင်းရာ၌ နှောက်ယှက်ခြင်း အမျိုးမျိုးကြုံတွေ့ရခြင်းကြောင့်လည်း စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း ဖြစ်တတ်သည်။

ဥပမာ၊ ဆုမတောင်းမီအချိန်တွင် ညစ်ညမ်းသည့် ဗီဒီယိုကားများ ကြည့်မိပါကဆုတောင်းသည့်အခါတွင် အတွေးရိုင်းများဝင်ကာ ဆုတောင်းခြင်း၌ အာရုံမစိုက်နိုင်တော့ချေ။ လူငယ်မိန်းကလေးများနှင့် အတူကမ်းခြေသို့ပျော်ပွဲစားသွားပြီးနောက် ကမ္ဘာဦးကျမ်းရှုဆုတောင်းရာတွင် အာရုံမစိုက်နိုင်သည့် ကိုရင်များလည်း ရှိတတ်သည်။ ထိုအခြေအနေတွင် သတိထားရမည်မှာ မိမိကိုယ်တိုင် ပင်ဖြစ်သည်။

### ၄။ စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းဖြစ်လျှင် မည်ကဲ့သို့ပြုလုပ်ရမည်နည်း။




စိန်အီဂနေးရှပ်စ်၏ အကြံပေးချက်အရ စိတ်ဝိညာဉ်ခြောက်သွေ့ချိန်တွင်ပထမဦးဆုံးပြုလုပ်ရမည့်အချက်မှာ အရေးကြီးသည့် ဆုံးဖြတ်ချက်များမပြုလုပ်ဘဲ ယခင်ကဆုံးဖြတ်ချက် အတိုင်းလိုက်နာရမည်ဖြစ်သည်။ (ဝိညာဉ်ရေးကျင့်စဉ် စာအုပ် အမှတ်စဉ် ၃၁၈)။ ထိုကဲ့သို့စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းဖြစ်ရသည့် အကြောင်းရင်းမှာ မကောင်းသော စိတ်စွမ်းအားက စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကို အသုံးပြုကာ မှန်ကန်သည့်ဆုံးဖြတ်ချက် မချမှတ်နိုင်အောင်နှောင့်ယှက်ခြင်းဖြစ်သည်။ ဤကဲ့သို့သော အခြေအနေ ကြုံတွေ့နေသူတစ်ဦးသည် မကောင်းသော စိတ်စွမ်းအားကို ဖွဲမလျှော့ဘဲကြိုးစားတွန်းလှန်ရမည်ဖြစ်သည်။ အခြားအရေးကြီးသည့် ဆုံးဖြတ်ချက်မျိုး မချမှတ်ရန်လိုသည်။ အဘယ်ကြောင့်ဆိုသော် စိတ်မတည်ငြိမ်ခြင်းကြောင့် ချင့်ချိန်စဉ်းစားရန်ခက်ခဲပြီး တစ်ခုခုကိုဆုံးဖြတ်ချက်ချလျှင် အလွယ်တကူ မှားယွင်းနိုင်ခြင်းကြောင့်ဖြစ်သည်။

အထက်ဖော်ပြပါ အခြေအနေမျိုးကို စာရေးသူကိုယ်တိုင်လည်း (ဒဿနိက) အတွေးအခေါ်ပညာ သင်ယူချိန်၌ကြုံတွေ့ခဲ့ရသည်။ ထိုအချိန်တွင် စာရေးသူ၏စိတ်ထဲ၌ ဘုရားသခင်၏တည်ရှိခြင်းအပေါ် ယုံမှားသံသယ ဝင်နေခဲ့သည်။ စာရေးသူကို ဦးဆောင်ပေးသည့် ဝိညာဉ်ရေးလမ်းညွှန်ပေးသူ ဘုန်းတော်ကြီးက ဤအခြေအနေတွင် မည်သည့်ဆုံးဖြတ်ချက်မျှမချပဲ ကြိုးစားဆုတောင်းရန်နှင့် နေ့စဉ်အလုပ်တာဝန်များကို မပျက်မကွက်လုပ်ဆောင်ရန်တိုက်တွန်းခဲ့သည်။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြောင့် အရာရာကို စိတ်ပျက်နေသည့်အချိန် ဖြစ်သဖြင့် ဆုတောင်းချင်စိတ်ပျောက်နေခဲ့သည်။ ထို့ကြောင့် နေ့စဉ်ဆုတောင်းခန်းတွင်ငြိမ်သက်စွာထိုင်ကာ "အိုထာဝရ ဘုရားသခင်၊ ကျွန်ုပ်သည် အလွန်လေးလံသည့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကို ခံစားနေရပါသည်။ အကျွန်ုပ်ကိုကယ်မသနားတော်မူပါ။"ဟူ၍ ဘုရားသခင်ထံ ဝိုင်ကြွေးဆုတောင်းရန် ဝိညာဉ်ရေးလမ်းညွှန် ဘုန်းတော်ကြီး၏ အကြံပေးချက်အတိုင်း ဆုတောင်းခဲ့သည်။ များမကြာမီ ရက်သတ္တပတ်အနည်းငယ်အတွင်း စာရေးသူ၏ စိတ်ပြန်လည် ငြိမ်သက်လာပြီး ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကို တစ်ဖြည်းဖြည်း သိရှိလာခဲ့သည်။

စိန်အီဂနေးရှပ်စ်က ဆုံးဖြတ်ချက် နှစ်မျိုးအကြောင်းကို ခွဲခြား ရှင်းပြထားသည်။ ပထမဆုံးဖြတ်ချက်မှာ ရဟန်း၊ သီလရှင်ဘောင်သို့ခေါ်တော်မူခြင်းနှင့်လက်ထပ်ထိမ်းမြားခြင်းစသည့်ဘဝတစ်ခုလုံးအတွက်အလွန်အရေးကြီးကာ နောင်အခါ ထပ်မပြောင်းလဲနိုင်သည့်ဆုံးဖြတ်ချက်မျိုးဖြစ်သည်။ ဒုတိယဆုံးဖြတ်ချက်မှာနေ့စဉ်လုပ်ငန်းများဖြစ်သည့် ဈေးသွားခြင်း၊ မသွားခြင်း၊ အခြားနေရာသွားခြင်းစသည့်အရာများအတွက် ဆုံးဖြတ်ခြင်းမျိုးဖြစ်သည်။ ထို့အပြင် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြုံတွေ့နေရသူအတွက် ပထမဆုံးဖြတ်ချက်ရမည့် အခြေအနေ၌ မည်သည့်ဆုံးဖြတ်ချက်မျှ မလုပ်ဆောင်ရန် သတိပေးထားပါသည်။ သို့သော် ဒုတိယဆုံးဖြတ်ချက်မျိုးဖြစ်သည့် နေ့စဉ်လုပ်ငန်းကိစ္စများ အတွက် ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်သည်။ ထိုနေ့စဉ်လုပ်ငန်းအတွက် ဆုံးဖြတ်ချက်မှာ လွဲမှားနိုင်သော်လည်း သာမန်အမှားမျိုးသာဖြစ်ပြီး မိမိဘဝတစ်ခုလုံးအတွက် ချက်ချင်းအကျိုးသက်ရောက်မှု မရှိနိုင်ပါ။

စိတ်ဝိညာဉ် ခြောက်သွေ့ နေသူအတွက် မိမိခံစားချက်များကို အစွမ်းကုန်ကြိုးစားပြီးအဖော်ပြုပေးရန် စိန်အီဂနေးရှပ်စ်က အကြံပြုထား၏။(ဝိညာဉ်ရေးကျင့်စဉ်စာအုပ်၊ အမှတ်စဉ် ၃၁၉-၃၂၁)။ ထိုသို့စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြုံတွေ့ နေသူများအတွက် မိမိ၌ ဖြစ်ပျက်နေသည့် ခံစားချက်များနှင့်နေသားကျအောင် လုပ်ဆောင်ရမည့်နည်းလမ်းတချို့ကိုအောက်တွင် ရှင်းပြထားပါသည်။

## စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းဖြစ်လျှင် လုပ်ဆောင်ရမည့်အရာများ။



၁)။ Agere Contra, ပြင်းပြသည့်စိတ်ဓာတ်ဖြင့် မိမိလုပ်ချင်သည့်အရာများ၊ မကောင်းစိတ်နှင့်မိမိ၏ပျင်းရိစိတ်ကိုဆန့်ကျင်ကာကြိုးစားတွန်းလှန်ခြင်းမျိုးဖြစ်သည်။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြုံတွေ့နေရသူ တစ်ဦးသည် ဆုတောင်းရန်ပျင်းရိသည့်စိတ်နှင့် မိမိအလိုဆန္ဒကိုသာဖြည့်ဆည်းချင်သည့်စိတ်များဖြစ်လာသောကြောင့် ထိုသူအတွက် ဖွဲ့မလျှော့ဘဲ အစဉ်မပြတ်ဆုတောင်းပေးရန်လိုအပ်သည်။ အလွယ်တကူ စိတ်တိုတတ်သူသည် ထိုခံစားချက်ကိုကြိုးစား ဖြေဖျောက်ရန် လုပ်ဆောင်အပ်သည်။ အခြားသူများ အပေါ်၌ အရွဲ့တိုက်တတ်သူအတွက် ထိုအခြားသူများ၏ ကောင်းကွက်များကို ကြိုးစားရှာဖွေရန် လိုအပ်ပါသည်။

၂)။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြုံတွေ့နေရသူတစ်ဦးအား ကမ္မဋ္ဌာန်းထောက်ရှုခြင်း၊ ဖွဲ့ရှိရှိဆုတောင်းခြင်း၊ ခြိုးခြံခြင်း၊ အစာရှောင်ခြင်းနှင့်မိမိကိုယ်ကို ချုပ်တည်းခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ထိုအရာများကိုပြုလုပ်ခြင်းအားဖြင့် မိမိအလိုဆန္ဒများကို ဖြည့်ဆည်းလိုသည့်စိတ်ကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကြုံတွေ့နေရသည့် အခြေအနေတွင် ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်။ ထိုအခြေအနေ၌ ဘုရားသခင်ထံ ဆုတောင်းခြင်းစွမ်းအားကို ကျွန်ုပ်တို့ပိုမိုယုံကြည်လာခြင်းဖြစ်သည်။ ဆုတောင်းခြင်း၌ ဘုရားသခင်နှင့်ကျွန်ုပ်တို့ တပေါင်းတစည်းတည်းဖြစ်လာပြီး ဘုရားသခင်ထံမှလည်း ခွန်အားတန်ခိုးများ ရရှိမည်ဖြစ်သည်။ ဘုရားသခင်က “တောင်းလျှင်ရလိမ့်မည်။ ရှာလျှင်တွေ့လိမ့်မည်။ ခေါက်လျှင်ဖွင့်လိမ့်မည်။”ဟုဆိုထားသည် မဟုတ်ပါလော။ ထို့ကြောင့် ကျွန်ုပ်တို့ ယုံကြည်သည့်အတိုင်း ဘုရားသခင်သည် ကျွန်ုပ်တို့အား စွန့်ပစ်ထားမည် မဟုတ်ပေ။

၃)။ စိတ်ဝိညာဉ် ခြောက်သွေ့သည့်အခြေအနေတွင် မိမိ၏အကြံအစည်နှင့်ခံစားချက်များကို ဦးစားမပေးဘဲ ပြန်လည်ဆန်းစစ်ခြင်းအားဖြင့် ကောင်းကျိုးများ ရရှိမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိတ်ဝိညာဉ်ခြောက်သွေ့နေသူတစ်ဦး၏ခံစားချက်များက ပိုမိုလွှမ်းမိုးလာပြီး အနှောင့်အယှက်များ ဖြစ်စေတတ်သည်။ ဥပမာ ပျင်းရိခြင်း၊ အလေးအနက်မရှိခြင်း၊ စိတ်ပျက်အားငယ်ခြင်းနှင့် အခြားအရာများ ဖြစ်တတ်သည်။ ထိုကဲ့သို့သော ခံစားချက်များကို ကျွန်ုပ်တို့၏စဉ်းစားဉာဏ်ဖြင့် ချင့်ချိန်ဆန်းစစ်ကာ အောင်မြင်ကျော်လွှားနိုင်ရန် အရေးကြီးသည်။

၄)။ စိတ်ဝိညာဉ် ခြောက်သွေ့နေသည့်အခြေအနေတွင် ဘုရားသခင်မပါဘဲ ကျွန်ုပ်တို့ မည်သည့်အရာကိုမျှမလုပ်ဆောင်နိုင်သည်ကို ထောက်ရှုဆင်ခြင်ရန် အရေးကြီးလေ၏။ စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းအခြေ အနေကို ဘုရားသခင်၏ အကူအညီမပါဘဲ ကျွန်ုပ်တို့ကျော်လွှားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၌ အမြဲမှီခိုနေရခြင်း ဖြစ်သည်။

## ၅။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်နေချိန် လုပ်ဆောင်ရမည့် အရာများ။

(ဝိညာဉ်ရေးလေ့ကျင့်ခန်း စာအုပ်၊ အမှတ်စဉ် ၃၂၃-၃၂၄)။

စိတ်ဝိညာဉ် ခြောက်သွေ့နေသူ တစ်ဦးအတွက် မိမိ၏အရေးကြီးသည့်ဆုံးဖြတ်ချက်များ မလုပ်ဆောင်ရန် တိုက်တွန်းထားသကဲ့သို့ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်း ရရှိသူတစ်ဦးအတွက်လည်း သတိထားလုပ်ဆောင်ရမည့် အရာများရှိလေသည်။

၁)။ စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်မှု ကြုံတွေ့ရချိန်၌ တစ်ချိန်ချိန်တွင် စိတ်ဝိညာဉ်ခြောက်သွေ့မှုကြုံတွေ့လာရမည်ကို ကြိုတင်စဉ်းစားထားရန် လိုအပ်ပါသည်။ စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်း ကြုံတွေ့ရသူအတွက်စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း ကြုံတွေ့လာလျှင် မည်သို့လုပ်ဆောင်ရမည်ကို ဆန်းစစ်ရန် တိုက်တွန်းထားပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ထိုသူသည်မိမိ၏ အတောမသတ်နိုင်သည့်လိုအင်ဆန္ဒများနောက်သို့ မလိုက်နိုင်တော့ပေ။ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိတားရန်လိုအပ်သည်။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်မှု ကြုံတွေ့နေရသည့် အခြေအနေတွင် နောင်အခါကြုံတွေ့လာရမည့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းအား ကျွန်ုပ်တို့ရင်ဆိုင် ကျော်လွှားနိုင်ရန်အတွက် စွမ်းအင်အသစ်များ ရှာဖွေသင့်ပါသည်။

၂)။ စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်မှု ကြုံတွေ့နေရသူတစ်ဦးသည် ကတိအမျိုးမျိုး ပြုလုပ်ရန်နှင့် မျှော်လင့်ချက်အမျိုးမျိုးဖြစ်လာစေရန် နှောင့်ယှက်ခြင်း ခံရတတ်သည်။ ထို့ကြောင့် မိမိမလုပ်ဆောင်နိုင်သည့် ကတိမျိုးကိုအခြားသူများအား မပေးမိစေရန်နှင့် မမျှော်လင့်သင့်သည်များကို မမျှော်လင့်မိစေရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများကိုမလုပ်ဆောင်နိုင်ပါက စိတ်ပျက်အားငယ်ခြင်းကိုသာဖြစ်စေတတ်သည်။ ထိုသူ့အတွက် နှိမ့်ချသည့်စိတ်ဖြင့်သာမန်လုပ်နေကျ အလုပ်မျိုးကိုသာ လုပ်ဆောင်ပြီး ထိုအရာများ၌ ကျေးဇူးတင်တတ်ရန် လိုအပ်သည်။ ထို့အပြင် စဉ်းစားချင့်ချိန်နိုင်သည့် စွမ်းရည်ကိုလည်း တိုးတက်အောင် လုပ်ဆောင်သင့်ပါသည်။

၃)။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်နေသူတစ်ဦးသည် မိမိတစ်ဦးတည်းကျေနပ်စေရန်အတွက် ထိုအရာကို မလုပ်ဆောင်ရန် အရေးကြီးလေသည်။ ထို့အပြင်ကျွန်ုပ်တို့၏ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်မှုသည် ကျွန်ုပ်တို့၏ ပန်းတိုင်မဟုတ်ဘဲ ခဏမျှသာကြုံတွေ့ရသည်ကို သတိထားမိစေရန်လည်း အရေးကြီးသည်။ ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ဘုရားသခင်နှင့်ကျွန်ုပ်တို့ပို၍ တစ်လုံးတစ်ဝတည်း ဖြစ်နေရန်သာဖြစ်သည်။

## အကျဉ်းချုပ်



ကျွန်ုပ်တို့၏ ဘဝတွင် စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်းနှင့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းများ ကြုံရတတ်သည်။ စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့၏ အတွင်းနှလုံးသည် ဘုရားသခင်ကို ချစ်မြတ်နိုးစိတ်ဖြင့် လောင်ကျွမ်းနေခြင်းဖြစ်သည်။ ထို့အပြင်၎င်းသည် ကျွန်ုပ်တို့အား မိမိအပြစ်အတွက် ဝမ်းနည်းခြင်း မျက်ရည်နှင့်အတူ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခင်လေးမြတ်ခြင်းတို့ကို တိုးပွားစေသည်။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းသည် ဘုရားသခင်ပေးသနားသည့် ကျေးဇူးတော်ဖြစ်ပြီး ကျွန်ုပ်တို့လူသားများ၏ လုပ်ဆောင်ချက်ကြောင့် မဟုတ်ပေ။

သို့သော်လည်း စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏အတွင်းစိတ်နှလုံးသည် ဘုရားသခင်နှင့်ဝေးကွာသွားခြင်းဖြစ်သည်။ ဤနည်းဖြင့်ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခင်လေးမြတ်ခြင်းများ လျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အတွင်းစိတ်သည် မငြိမ်မသက်ဖြစ်ကာ မကောင်းမှုများကို လုပ်ဆောင်ရန်၊ လောကစည်းစိမ်များကိုရှာဖွေရန်သာ အလုပ်ရှုပ်နေပြီး တာဝန်ယူစိတ်မရှိသည့်အပြင် အရေးကြီးသည့်အရာများနှင့် အရေးမကြီးသည့် အရာများကိုပင် ခွဲခြားနိုင်စွမ်းမရှိတော့ပေ။

စာမျက်နှာ ၁၇ သို့ ⇨




ရူပဗေဒ သဘောတရား (နိယာမ)အရဆိုလျှင် စွမ်းအင်ကို ဖျက်ဆီး၍မရ၊ ဘယ်သောအခါမျှ မပျက်စီး။ သို့သော်စွမ်းအင်သည် ပုံသဏ္ဍာန်ပြောင်းလဲ သွားတတ်သည်။ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာကျဆင်းနေချိန်မျိုး၌ပင် ကြွယ်ဝမှုသည်မပျက်စီး။ သို့သော် ရရှိရန်အခွင့်အရေးကြုံသူလက်ထဲ သို့ပြောင်းလဲရောက်ရှိသွားတတ်သည်။ ထိုကဲ့သို့ အခွင့်အရေးရယူသူများမှာ အရေးရှိသောအခါ အသုံးပြုရန်လက်ထဲတွင် ငွေကြေးအဆင်သင့်ရှိသောသူများဖြစ်သည်။ စီးပွားရေးဆိုသည်မှာ ပစ္စည်းတစ်ခု၏ထိုက်သင့်သောတန်ဘိုးထက် များနိုင်သမျှ များအောင်ရောင်းခြင်း၊ နည်းနိုင်သမျှ နည်းအောင်ဝယ်ခြင်းပင်ဖြစ်သည်။ ကြွယ်ဝမှုဆိုသည်မှာ ကြွေးထူသူများထံမှ ထွက်ပြေး သွားပြီး၊ ဉာဏ်ပညာဖြင့်အသက်ရှင်သူ၊ အဓိပ္ပါယ်ရှိစွာဖြင့်အသက် ရှင်သူများထံသို့ ရောက်ရှိသွားတတ်သည်။ ကျွန်ုပ်တို့ယနေ့ခေတ် ကာလသည် စိတ်ပျက်စရာ ကောင်းလှသည့် စီးပွားရေး ကမောက်ကမ ဖြစ်မှုကြီးသို့ ဦးတည်လျှက် ရှိပေသည်။ အချိန်ကိုအတိအကျ ပြော၍ မရသော်လည်း ဖြစ်ကိုဖြစ်မည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှု မရှိသောသူများသည် အကြီးအကျယ် ထိခိုက်ပျက်စီးရမည်ဖြစ်ပြီး၊ ကြိုတင်ပြင်ဆင်သော သူများသည် ငွေကြေးဆိုင်ရာ အခွင့်အာဏာနှင့် တကွယခင်ကမရရှိဖူးသေးသည့် ကြွယ်ဝမှုများ ရရှိခံစားရသည်။

ထိုအချိန်ကို ပြင်ဆင်နိုင်ရန်အတွက်ဘုရားသခင်သည် ကျွန်ုပ်တို့အားအခက်အခဲပြဿနာများနှင့် ထိပ်တိုက် ရင်ဆိုင်စေသည်။ ယနေ့ပြဿနာကို ဖြေရှင်းနေရခြင်းသည် ထိုအချိန်အတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ ထို့ကြောင့် (ဆာလံကျမ်း ၃၂း၆) “သို့ဖြစ်၍ကိုယ်တော်အပေါ်သစ္စာရှိသူတိုင်းသည် အခက်အခဲကြုံစဉ်အခါ အထံတော်သို့ဆုတောင်းပတ္ထနာပြုကြပါစေ။”သို့မှသာလျှင် ဒုက္ခဆင်းရဲရောက်ချိန်၌အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာသော ရေတို့သည် သူတို့ထံသို့ ရောက်ရှိလာလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အခက်အခဲ ပြဿနာများနှင့်တွေ့ကြုံရန်အခွင့်ပြုလိုက်ခြင်း အားဖြင့် သာ၍မြင့်ရာကုန်းမြင့်ပေါ်သို့ ရောက်ရှိစေသည်။ အရာခပ်သိမ်း၌ သစ္စာရှိစွာဖြင့်အသက်ရှင် နေသည့်တိုင် ဂျိုးဇက်ကဲ့သို့ပင်၊ တစ်ခါတစ်ရံ ဒုက္ခရောက်ရန်ဘုရားသခင်ခွင့်ပြုတတ်သည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ အားနည်းမှုများကို ပြုပြင်ပြီးများလှစွာသော ကြွယ်ဝမှုများကိုအပ်နှံရန်ကျွန်ုပ်တို့အား စိတ်ချနိုင်ပေလိမ့်မည်။ ဂျိုးဇက်ကဲ့သို့ပင် ကျွန်ုပ်သည်လည်း ခံစားရမည့်မြောက်များလှစွာသောအရာများအတွက် ကြိုတင်ပြင်ဆင်ထားရမည်။ သို့မှသာလျှင် ငတ်မွတ်ခေါင်းပါးခြင်းကာလတွင် အသက်ပေါင်းများစွာကိုကယ်နိုင်ပေမည်။ ဘုရားသခင်သည်သူ၏ကြွယ်ဝချမ်းသာမှုသက်သက်အတွက်၊ အခြေအနေကိုအသုံးပြု ပြင်ဆင်နေခြင်းထက် ဝမ်းမြောက်ရာသတင်းစကားအတွက် အခြေအနေကိုသာ၍အသုံးပြုစေချင်သည်။ လူအများဆင်းရဲရခြင်း၏အကြောင်းရင်း တစ်ရပ်မှာတစ်ကိုယ်ကောင်းဆန်ခြင်း(အတ္တကြီးမားခြင်း)ကြောင့်ဖြစ်သည်။ဘုရား

သခင်သည်ကျွန်ုပ်တို့အားစိတ်ချစွာဖြင့်အရင်အနှီးများ၊ အရင်းအမြစ်များအပ်နှံရခြင်း၏ ရည်ရွယ်ချက်အကြောင်းရင်းသည်အရေးကြီးလှပြီး၎င်းတစ်ကိုယ်ကောင်းဆန်မှုကိုဖြေရှင်းရန်လည်းဖြစ်လေသည်။ ဘုရားသခင်သည် ဖြစ်ပျက်လာမည့်အရာများကို ရင်ဆိုင်နိုင်ရန်အတွက်သူ၏ လူများအားပြင်ဆင်နေသည်။ သူသည် သူ၏ အသင်းတော်အား အကြွေးမှလွှတ်ကင်းရန် နှစ်ပေါင်းများစွာ သတိပေးခဲ့သည်။ သို့သော် စီးပွားရေးကပ်ဆိုးသည် မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာသောကြောင့်လူသားများသည် သူ၏သတိပေးမှုကို လျစ်လျူရှုထားကြသည်။ နောင်တရရန် အချိန်များစွာရှိပါသေးသည်။ မနှောင့်နှေးသင့်ပါ။ အချိန် မဆွဲထားပါနှင့်။ ဘုရားသခင်ကို နာခံသူများသည် ဖြစ်ပျက်လာမည့် အရာများအား ကြောက်ရွံ့စရာ အကြောင်းမရှိပါ။ငတ်မွတ်ခေါင်းပါးခြင်းကာလအလယ်၌ပင် ဘုရားသခင်နှင့် ဆိုင်သည့်ကြွယ်ဝမှုကို မျှော်လင့် နိုင်ပါသည်။ ဘုရားသခင်အား အမြဲ မနာခံသောသူမူကား မနာခံခြင်း၏ အကျိုးအပြစ် ဒုက္ခ ပြဿနာများအား လက်ခံ ရရှိလိမ့်မည်။

ဘုရားသခင်၏ကြွယ်ဝမှုကိုရယူနိုင်ကြပါစေ။

**ချစ်ခြင်းများစွာဖြင့်**

**ဖီခနုတ်ဖေါင် (SFX)**

**ပုသိမ်**

## ကောင်းသောစိတ်စွမ်းအားနှင့်မကောင်းသောစိတ်စွမ်းအား အဆက်

**မေးခွန်းများ**

၁)။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းနှင့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း ကြုံတွေ့နေရသူတစ်ဦးသည် မည်သည့်အရာကို ပြုလုပ်ရမည်နည်း။ အဘယ်ကြောင့်နည်း။

၂)။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းသည် စိတ်ပျော်ရွှင်ခြင်းနှင့် တူညီပါသလား။

၃)။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းနှင့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း ကြုံတွေ့ရသည်အခါတွင် မည်သည့်အရာများကို ရှောင်ကြဉ်ရပါသနည်း။ အဘယ်ကြောင့်နည်း။

၄)။ စိတ်ဝိညာဉ် ခြောက်သွေ့ခြင်းကြုံတွေ့နေရသူတစ်ဦးသည် အဘယ်ကြောင့်အရေးကြီးသည့် မိမိ၏ဆုံးဖြတ်ချက်များကို မပြောင်းလဲသင့်ပါသနည်း။

၅)။ စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းနှင့် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းတို့အား အဘယ်ကြောင့်ခွဲခြားရန်ခက်ခဲပါသနည်း။ ရှင်းပြပါ။

၆)။ လူကောင်းတို့သည် စိတ်ဝိညာဉ် ကျေနပ်နှစ်သိမ့်ခြင်းကြုံတွေ့ရ၍ ဆိုးသွမ်းသောသူတို့သည် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်းကို ကြုံတွေ့ကြရသည်ဟု အခြားသူများက ပြောဆိုကြသည်။ ထိုအရာနှင့် ပတ်သက်၍ သင်၏အမြင်ကို ဖော်ပြပါ။

## ❖ ဘုန်းတော်ကြီး ရိန်းမိုးအကြောင်းကို လေ့လာကြပါစို့။

မကြာသေးခင်က ကျင်းပသည့် ဘုန်းတော်ကြီးရိန်းမိုး၏ ရဟန်းသိက္ခာတင်ပွဲသို့ သူ၏မောင်နှမများနှင့်အသိမိတ်ဆွေ အများအပြား တက်ရောက်ခဲ့ကြသည်။ ထိုသို့လူစည်ကားသည့် ရဟန်းသိက္ခာတင်ပွဲ အတွက်ဘုန်းတော်ကြီးရိန်းမိုး အလွန်ဝမ်းမြောက် ပီတိဖြစ်ကာဂုဏ်ယူနေမိသည်။ ထိုကြောင့်သူ၏မိသားစုအိမ်၌ ပထမမစ္ဆားဟောကြားစဉ် သူအဘယ်မျှအလွန်ဝမ်းမြောက်ကြောင်းနှင့်ကျေးဇူးတင်ကြောင်း ဝမ်းသာအားရပြောကြားခဲ့သည်။ သူသည် အပြစ်သားဖြစ်သော်လည်း ဘုရားသခင်က သူ့ကိုအလွန်ချစ်မြတ်နိုးသည်ဟု ခံစားရသဖြင့်

ဘုရားသခင်အား အသက်ထက်ဆုံး အစေခံရန်ဆုံးဖြတ်ခြင်းဖြစ်သည်။ သူ၏ဆရာတော် အကြီးအကဲ စေလွှတ်မည့် မည်သည့်နေရာမဆို သွားရောက်ရန် အဆင်သင့်ဖြစ်နေခဲ့သည်။

ထို့ကြောင့် သူ၏ဆရာတော်က သူကိုအဝေးဆုံးနှင့် အဆင်းရဲဆုံး သာသနာ့နယ်မြေတစ်ခုသို့ စေလွှတ်ခဲ့သည်။ သူသည် စေလွှတ်ခံရသည့်နယ်မြေရှိ ဘာသာသူများအား ချစ်ခြင်းမေတ္တာအပြည့်ဖြင့် အားရရွှင်လန်းစွာအစေခံ၏။ အနီးအနားရှိ ဘာသာသူများသာမက တောင်ပေါ်ဒေသရှိဘာသာသူများထံ နေ့စဉ်လည်ပတ်ရင်းအားပေးခဲ့သည်။ အကူအညီအမှန်လိုအပ်သည့် ဘာသာသူများရှိပါက မိုးရွာသည့်ကြားကပင် သွားရောက်ပြုစုအစေခံလေသည်။ သူ၏လုပ်ဆောင်ချက်များကြောင့် သုံးလပတ်အတွင်း သူတာဝန်ကျသည့် နယ်မြေမှဘာသာသူများ၊ ကလေးများနှင့်လူကြီးများပါမကျန် သူ့အားချစ်ခင်အားကိုးကြလေသည်။ ထို့ကြောင့် သူသည်သူ၏ အလုပ်များအတွက် လိုအပ်သည့်ခွန်အားများကို ပေးသနားသည့်ဘုရားသခင်အား အထူးကျေးဇူးတင် ချီးမွမ်းလေသည်။

သူတာဝန်ကျသည့်နေရာတွင် လူအမြောက်အများကို ကူညီပေးနိုင်ရန်အတွက် လူမှုရေးများ လုပ်ဆောင်ရန် အဖွဲ့စတင် တည်ထောင်နေချိန်ဖြစ်သဖြင့် ဘုန်းတော်ကြီးရိန်းမိုးအား တာဝန်ခံအဖြစ် ခန့်အပ်ခြင်းခံရသည်။ ကက်သလစ် ဘာသာဝင်များသာမက အခြားဘာသာဝင်များစွာအတွက် အကျိုးရှိစေမည့် ထိုလူမှုရေးအသင်း၏ခေါင်းဆောင်ဖြစ်ရသည့်အတွက် ဝမ်းမြောက်ပျော်ရွှင်နေမိသည်။ ထိုလူမှုရေးအသင်း၏ ခေါင်းဆောင်ဖြစ်သည့် ဘုန်းတော်ကြီးရိန်းမိုးသည် အစိုးရအကြီးအကဲများအပါအဝင် ထိုလူမှုရေးအသင်းကို ကူညီသည့်လူများစွာနှင့် ဆက်ဆံပြောဆိုရလေသည်။ ထိုသို့အလုပ်ရှုပ်နေသည့် ဘုန်းတော်ကြီးရိန်းမိုးသည် ယခင်ကသွားရောက်နေကျဖြစ်သည့် ဘာသာသူများထံ မသွားရောက်နိုင်တော့သဖြင့် သူနှင့်အတူနေသည့် ဝါရင့်ဘုန်းတော်ကြီးအား သူသွားနေကျ၊ ဘာသာသူအိမ်များထံ သွားရောက်လည်ပတ်စေခဲ့သည်။ နောက်ပိုင်းတွင် ဘုန်းတော်ကြီးရိန်းမိုးသည် သွားစရာလာစရာတွေများလာပြီး ဩဇာအာဏာရှိသူများနှင့်နီးကပ်နေရခြင်း၊ လူမှုရေးအသင်းသားများ၏ မြောက်ပင့်ပြောဆိုမှုများနှင့် ငွေကြေးအမြောက်အများ စုဆောင်းရခြင်းတို့၌ ပျော်ရွှင်တတ်လာသည်။ ထိုလူမှုရေးအသင်း၌ အစွမ်း ကုန်ကြိုးစားသည့်အတွက်ဝင်ငွေ အမြောက်အများရရှိကာ တဖြည်းဖြည်း မိမိကိုယ်မိမိ စိတ်ကြီးဝင်လာပြီး၊ ဝင်ငွေအမြောက်အများ မရရှိသည့် အခြားဘုန်းတော်ကြီးများထက် သူသာလျှင်အစွမ်းရှိရှိလုပ်နိုင်ကြောင်း ခံစားလာရသည်။ ထို့အပြင်ဘုန်းတော်ကြီးရိန်းမိုးသည် သာမန်အချိန် ဘာသာသူများက မစ္ဆားတရားတောင်းလျှင်လည်း သူကိုယ်တိုင် လုပ်စရာမလိုဘဲ အခြားဘုန်းတော်ကြီးကိုသာ ဖိတ်ခေါ်ရန်စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ ရှောင်ဖယ် တတ်လာသည်။

**မေးခွန်းများ**

- ♣ ဘုန်းတော်ကြီးရိန်းမိုး၏ဘဝတွင် စိတ်ဝိညာဉ်ကျေနပ်နှစ်သိမ့်ခြင်းရှိပါသလား။ မည်သည့်အရာ၌ ဖြစ်သနည်း။
- ♣ ဘုန်းတော်ကြီးရိန်းမိုး၏ဘဝတွင် စိတ်ဝိညာဉ်ခြောက်သွေ့ခြင်း ရှိပါသလား။ မည်သည့်ပုံစံနည်း။
- ♣ ဘုန်းတော်ကြီးရိန်းမိုး၏ဝိညာဉ်ရေး အခြေအနေ တိုးတက်ကောင်းမွန်ပါသလား။ ရှင်းပြပါ။
- ♣ ဘုန်းတော်ကြီးရိန်းမိုး၏ဘဝတွင် မည်သည့်အရာများ မှားယွင်းနေသနည်း။ အဘယ်ကြောင့်နည်း။
- ♣ ဘုန်းတော်ကြီးရိန်းမိုး၏ဘဝတွင် ကောင်းသော စိတ်စွမ်းအားနှင့် မကောင်းသောစိတ်စွမ်းအားတို့ မည်သို့လုပ်ဆောင်နေကြသနည်း။
- ♣ အကယ်၍သင်သည် ဘုန်းတော်ကြီးရိန်းမိုးအား ဝိညာဉ်ရေးလမ်းညွှန်ပေးသူဖြစ်ခဲ့လျှင် သူ့အား သင်မည်သို့ အကြံဉာဏ်ပေးမည်နည်း။ အဘယ်ကြောင့်နည်း။

Br. Thang Ha, SJ

# ပြည့်ဝစုံလင်အသက်တာဆီသို့

လူသားတွေရဲ့ဘဝမှာ စစ်မှန်သော ပြည့်ဝုံလင်သည့်အသက်တာကို မည်သည့်အရာများနှင့်တိုင်းတာပါမည်နည်း။

ဒီလိုမေးခွန်းတွေဖြေရတော့မယ်ဆို ခဏတာတော့တွေဝေဆဲပေါ့. . . နေ့တိုင်း၊ လူသားတွေဟာ လည်ပတ်နေတဲ့စက်ယန္တရားကြီးလိုပဲ ဘဝကိုလျှောက်လှမ်း နေကြပါတယ်။ ဘဝပျော်ရွှင်မှု၊ ပြည့်စုံမှု၊ လုံခြုံမှုတွေကို နည်းအမျိုးမျိုးနဲ့ ရှာဖွေနေတတ်ကြပါတယ်။

လူသားဘဝ လုံခြုံပြည့်ဝမှုကို ဘယ်အရာတွေနဲ့တိုင်းတာကြမလဲ။ အိမ်ကြီးအိမ်ကောင်းတွေမှာ နေခွင့်ရပေမဲ့. . အချိန်တန်လာတော့ အခန်းတစ်ခန်းကနေ မရွေ့နိုင်တော့ပါဘူး။ အစားကောင်း၊ အသောက်ကောင်းတွေ စားပွဲပေါ်မှာအပြည့်၊ စားနိုင်တော့တာက တစ်မျိုးနှစ်မျိုးပဲ။ အဝတ်အစား ကောင်းကောင်းတွေ ဘီတိုထဲမှာအပြည့်နဲ့၊ လေးငါးမျိုးတောင်လဲပြီးမဝတ်နိုင်တော့ပါဘူး။ သုံးစရာပစ္စည်း ကောင်းကောင်းတွေရှိတယ်။ အားလုံးကိုသုံးဖို့ မဖြစ်နိုင်တော့ဘူး။ မိတ်ဆွေများစွာရှိတယ်။ ဆက်သွယ်မှု မပြုနိုင်တော့ဘူး။ သူငယ်ချင်းကောင်းတွေရှိတယ်၊ တွေ့ဖို့ အချိန်နည်းသွားပြီ။ ရာထူးတာဝန်တွေ များစွာယူထားပြီး ထိရောက်စွာမလုပ်ပေးနိုင်ပါဘူး။ ဆက်သွယ်ရေးကိရိယာ ကောင်းကောင်းတွေရှိတယ်။ အထီးကျန်တယ်လို့ အမြဲခံစားရတယ်။ သင်တန်းကျောင်း ကောင်းကောင်းတွေ တက်ခဲ့ကြတယ်။ လူသားအကျိုးအတွက် ပြန်အသုံးချဖို့ အားအင်မရှိသလို ခံစားနေရတယ်။

အထက်ဖော်ပြပါအကြောင်းအရာတွေဟာ တို့များသူတော်စင် ဘဝမှာဖြစ်နေတာပါ။

- စစ်မှန်တဲ့ဘဝ၊ ပြည့်ဝစုံလင်ဖို့အတွက် ဘာတွေများလိုအပ်နေတာလဲ။
- ဘဝလုံခြုံပြည့်ဝမှုကို ပေးတဲ့ကောင်းကင်က အိမ်တော်ပါ။
- ဆာငတ်ခြင်းရှိတဲ့ ဖန်ဆင်းရှင်ရဲ့မေတ္တာပါ။
- ခရစ်တော်ရဲ့တရားတော်ကို ဝတ်ဆင်တတ်ဖို့ပါ။
- စစ်မှန်သော ဆက်သွယ်မှုပြုခြင်းကို ရှာဖွေတတ်ဖို့ပါ။
- မိတ်ဆွေစစ် ခရစ်တော်နဲ့ ပုံမှန်တွေ့ဖို့ပါ။
- တာဝန်ဝတ္တရားတွေဟာ အစေခံဖို့ပါ။
- ခရစ်တော်ဟာ ဘဝအဖော်မွန်ဆိုတာ သတိရှိဖို့ပါ။
- အသိပညာတွေဟာ ဖန်ဆင်းရှင်ကို တနေ့တခြားတိုး၍သိလာနိုင်ဖို့ပါ။



နေ့စဉ်အသက်တာရဲ့ဆက်ကပ်ပူဇော်ခြင်းကို ဆန်းစစ်နိုင်ဖို့ တို့တွေရဲ့ခေါ်တော်မူခြင်းကို ပြန်လည်ထောက်ရှုရမှာပါ။ ခေါ်တော်မူတဲ့မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ပါးကြောင့်သာ ဒီဘဝမှာသက်ရှင်လှုပ်ရှားနေနိုင်ခြင်းကိုသတိမူရပါမယ်။ ခေါ်တော်မူသော ဖန်ဆင်းရှင်ကို မျက်ခြေပြတ်လိုက်တာနဲ့ ဘဝမှာပြည့်ဝစုံလင်တဲ့အသက်တာဟာ တနေ့တခြား လျော့ရဲလာမှာဖြစ်ပါတယ်။ ကျန်ရှိနေတဲ့အချိန်မှာ ဘဝကိုအဓိပ္ပါယ်ရှိစွာ အသက်ရှင်ရမှာပါ။ သခင်ရဲ့ ခေါ်တော်မူခြင်းခံရတာဟာ "ကျေးဇူးတော်နဲ့ပြည့်ဝတဲ့ အသက်တာဆီသို့" ဖြစ်ပါတယ်။

ရိတ်သိမ်းစရာများစွာရှိပြီး လုပ်အားနည်းနေတဲ့အရာတွေကို ဖြေရှင်းဖို့တစ်ခုတည်းသော နည်းလမ်းကတော့ "ဖွဲစိတ်ထက်သန်ခြင်းနဲ့ သခင်ခေါ်ရာလိုက်ဖို့ပါ"။

**စန္ဒာလင်း**





# လူတွေအပေါ်ထားရှိတဲ့ ဘုရားသခင်ရဲ့ချစ်ခြင်း

**မြေစာပင်**

ဓမ္မဟောင်း ခေတ်အချိန်ကာလက ထာဝရဘုရားသခင်နဲ့ လူတွေရဲ့အကြား ဘုရားသခင်ရဲ့ ကိုယ်စားလှယ်တော်များအဖြစ် တမန်တော်လုပ်ငန်းကို လုပ်ဆောင်ခဲ့တဲ့ပရောဖက်တွေအကြောင်းသင်ခဲ့ရတယ်။ ထိုပရောဖက်တွေထဲမှ ပရောဖက် ဟောရှေ (Hosea) အကြောင်း သင်ရတော့ ဘုရားသခင်ရဲ့ လူသားတွေအပေါ်မှာထားတဲ့ ချစ်ခြင်းမေတ္တာတရား ကြီးမားပုံကို တွေ့ရသလို၊ ဘုရားရဲ့လက်သုံးတော်ခံ ပရောဖက်တစ်ပါးဖြစ်တဲ့ ဟောရှေကိုလည်း သနားဂရုဏာဖြစ်မိတယ်။ သူ့ရဲ့ဘုရားအပေါ်မှာထားတဲ့ နာခံခြင်း၊ ချစ်ခြင်းမေတ္တာတရားဟာလည်း ကျွန်တော့်အတွက် လေးစားအတုယူစရာ ဖြစ်ခဲ့တယ်။

ပရောဖက် ဟောရှေ( Hosea)ဟာထာဝရဘုရားသခင်ရဲ့ဗျာဒိတ်တော်ပေးခြင်းအားဖြင့် မိန်းမရှင် (prostitute)တစ်ယောက်ဖြစ်တဲ့ ဂေါမာ(Gomer) ကိုလက်ထပ်ဖို့နဲ့မွေးလာမည့်ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ တာဝန်ပေးခြင်းခံရတယ်။ မကောင်းမှုထဲမှာပျော်မွေ့နေတဲ့၊ အပျော်အပါးလိုက်စားတဲ့ မိန်းမပျက်မ ဂေါမာ(Gomer)ကို ဟောရှေဟာ ထာဝရဘုရားရဲ့အလိုတော်အတိုင်း နာခံမှုအပြည့်နဲ့ လက်ထပ်ခဲ့တယ်။ လက်ထပ်ပြီးတဲ့နောက်ပိုင်းမှာလည်း ဂေါမာဟာ မိမိခင်ပွန်းဟောရှေအပေါ်သစ္စာမရှိပဲ၊ အိမ်က ထွက်ပြေးကာ အခြားယောကျ်ားတွေနဲ့ ဖောက်ပြန်၊ နေထိုင်ခဲ့တယ်။ ဒါပေမဲ့ ဟောရှေဟာ ဘုရားသခင်ရဲ့ အလိုတော်အရ မိမိဇနီးမယားကို ပြန်လိုက်ရှာပြီး ပေါင်းသင်းနေထိုင်ခဲ့တယ်။ ဘယ်လောက်ပဲ မကောင်းတဲ့သူ၊ အပြစ်ထဲနစ်မွန်းနေသူ၊ မိမိအပေါ်ကို သစ္စာမရှိတဲ့သူဖြစ်ပါစေ ဟောရှေဟာ ထာဝရဘုရားရဲ့စကားနားထောင်ရင်း ဂေါမာကိုဆက်လက်ပေါင်းသင်းခဲ့တယ်။ သာမန်လူသားတစ်ယောက် အနေနဲ့ကြည့်မယ်ဆိုရင်ဘယ်သူမှ ထိုကဲ့သို့သော မကောင်းတဲ့ အကျင့်စရိုက်ရှိတဲ့သူကို လက်ထပ်ချင်မှာမဟုတ်သလို လမ်းသွားရင်လည်း မျက်နှာရှောင်လွဲကာ သွားချင်ကြမှာပဲ။ ဒါပေမဲ့ဘုရားရဲ့ သားသမီးတွေအတွက်၊ စွန့်လွှတ်အနစ်နာခံခြင်းတွေနဲ့ ဘုရားစကားနားထောင်ဖို့ နာခံခြင်းရှိဖို့လိုတယ်လို့ ပရောဖက်ဟောရှေက သူ့ဘဝနဲ့ရင်းကာ သင်ခန်းစာပေးခဲ့တယ်။



ထာဝရဘုရားသခင်ဟာ မိမိရဲ့နောက်လိုက်တစ်ယောက်ကို ဘာကြောင့်ဒီလိုအကျင့် စာရိတ္တမကောင်းတဲ့ မိန်းမရှင်မနဲ့ လက်ထပ်ခိုင်းခဲ့ရတာလဲလို့ စဉ်းစားမိခဲ့တယ်။ ဘုရားသခင်ရဲ့ အစီအစဉ်ဟာ တကယ်ကို အံ့သြဖို့ကောင်းသလို၊ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာတရားဟာလည်း အလွန်ကိုကြီးမားလှပါတယ်။ အကြောင်းအရင်းက ဒီလိုပါ။ ပရောဖက် ဟောရှေဟာ အပြစ်ထဲမှာနစ်မွန်းနေတဲ့၊ မကောင်းဒုစရိုက်ကြားမှာ နေထိုင်အသက်ရှင်နေသူ ဂေါမာကို လက်ထပ်ရခြင်းဟာ ဘုရားသခင်ကမိမိ လူမျိုးတော် အီစရာအဲလ်အပေါ်မှာထားတဲ့ ချစ်ခြင်းမေတ္တာ၊ နားလည်ခွင့်

စာမျက်နှာ ၂၃ သို့




အဖြေအား သင်သိလျှင် အံ့အားသင့်ပေလိမ့်မည်။

ကမ္ဘာတစ်ဝှမ်းလုံးက ကက်သလစ်အသင်းတော်၏ ဥသျှောင်ဟု လက်ခံထားသော ရဟန်းမင်းကြီး ဖရန်စစ်၏ လစာသည် သူထမ်းဆောင်ရသည့်တာဝန်ဝတ္တရားများအလိုက် အလွန်များပြားမည်ဟု အချို့က ယူဆကြလေသည်။ သို့သော် အမှန်တရားမှာ ထင်ထားသည့်အတိုင်း မဟုတ်ပေ။

၂၀၀၁ ခုနှစ်တွင် ရဟန်းမင်းကြီး ယောဟန်ပေါလ်လု (၂)၏ လခနှင့်ပတ်သက်၍ အလွန်တရာ များပြားသည်ဟူသော ကောလဟာလ သတင်းရှိခဲ့သည်။ သို့သော် နယူးယောက်တိုင်း(မ်) သတင်းစာက ဗာတီကန် ပြောရေးဆိုခွင့်ရှိသူ Joaquin Navarro-Valls က ပုပ်ရဟန်းမင်းကြီးသည် မည်သည့်အခါမျှ လစာလုံးဝမရရှိပါ ဟု ပြောကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဂျေးဇွစ် အသင်းကဲ့သို့ဆင်းရဲခြင်း ကတိသစ္စာခံယူဖူးသော ရဟန်းမင်းကြီးဖရန်စစ် လက်ထက်တွင် လစာမယူသော အခြေအနေမှာ ပိုမိုမှန်ကန်ပေလိမ့်မည်။ ရဟန်းမင်းကြီးဖရန်စစ်သည် လစာအနေနှင့် တပြားတချပ်မှ ရရှိခံစားခြင်း မရှိပါသော်လည်း သူ၏ခရီးစဉ်များနှင့် နေထိုင်မှုပုံစံများအတွက် ဗာတီကန်မှ အကုန်ကျခံပေးပါသည်။ သူသည် နေထိုင်စားသောက်ရေးအတွက် စိတ်ပူစရာမလိုသော်လည်း သုံးစရာ လစာမရရှိသဖြင့် ပုပ်ဖရန်စစ်သည် အွန်လိုင်းရှော့ပင်းနှင့် ဈေးဝယ်၍မရချေ။

သို့သော် ပုပ်ဖရန်စစ်သည် ကက်သလစ်အသင်းတော်၏ ဆင်းရဲသားရံပုံငွေအား အသုံးပြု၍ သူအလိုရှိသောသူ မည်သူ့အတွက်မဆို ကြိုက်သလောက် ပေးလှူခွင့်ရှိလေသည်။ ဥပမာ Crux (Crux is an online newspaper that focuses on news related to the Catholic Dhurch) သတင်း ဌာနအရ ပုပ်ဖရန်စစ်သည် စိန့်ပီတာဘဏ္ဍာရံပုံငွေမှ ဒေါ်လာ(၅)သိန်းအား မက်ဆီကိုရှိလူပေါင်း ခုနှစ် သောင်းခွဲ (၇၅၀၀၀)အတွက် လှူဒါန်းခဲ့သည်ဟု ဖော်ပြထားသည်။ ထိုသို့လှူဒါန်းခြင်းသည် ပုပ်ဖရန်စစ် ပေးအပ်သော အလှူများထဲမှ အလှူတစ်ခုသာဖြစ်ပြီး ထိုသို့သော အလှူမျိုးအား ပုပ်ဖရန်စစ်သည် သဘာဝ ဘေး၊ စစ်ဘေး၊ မိုးခေါင်ရေရှားနှင့် အခြားသောဘေးဒုက္ခများ ကြုံရသူများအတွက်လည်း လှူဒါန်းလေ့ရှိပေ သည်။

သမ္မာကျမ်းစာအရ သုံးနှစ်တာလုံး လစာမယူ၊ သူတစ်ပါး၏ ရက်ရောသော အလှူဖြင့်သာ ရှင်သန် နေထိုင်သော ယေရှုသခင်၏ ပုံဥပမာအတိုင်း ပုပ်ဖရန်စစ်သည် ရှင်သန်နေထိုင်ရန် တာဝန်ရှိလေသည်။

ဆောင်းပါးရှင်
Philip Kosloski
ဇူလိုင် ၂၄၊ ၂၀၁၉ ခုနှစ်။

ဘာသာပြန်
Lawrence Jangma

## အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့။ (၁၁ ရက်၊ အောက်တိုဘာ)

အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့အား ကမ္ဘာ့ကုလသမဂ္ဂမှ နှစ်စဉ် အောက်တိုဘာလ (၁၁)ရက် နေ့တွင်သတ်မှတ်ထားပါသည်။ အဲ့ဒီနေ့ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ

- မိန်းကလေးများ၏ဘဝမြင့်တင်ရေး . .
- မိန်းကလေးများအတွက်အခွင့်အရေးများရရှိရေး . .
- ကမ္ဘာနှင့်အဝှမ်းဖြစ်နေသော မိန်းကလေးများ၏စိန်ခေါ်မှုများသိသာထင်ရှားမှု ရှိလာပြီး ပြန်လည်ဖြေရှင်းပေးရေး များဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ ကျင်းပခြင်းအားဖြင့် မိန်းကလေးများအား တန်းတူညီမျှသော ပညာရေး အခွင့်အရေးရရှိခြင်း၊ ငယ်ရွယ်သောထိမ်းမြားမှုများ၊ အပျိုဖော်ဝင်ခြင်းများ၊ လိင်အပြုအမူကိစ္စများတို့သည် မိန်းကလေးငယ်များ၏ ဘဝတိုးတက်မှုတွင် ကြီးမားသော အဟန့်အတားများ ဖြစ်စေပြီး၊ ၎င်းတို့အား မှန်ကန်သော နည်းလမ်းများဖြင့် ဖြေရှင်းစေခြင်းဖြင့် ကမ္ဘာတဝှမ်းတွင် ဖြစ်ပေါ်နေသော မိန်းကလေးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တိုက်ဖျက်ရန် ရည်ရွယ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့၏ ထိပ်သီးအစည်းအဝေးပွဲများတွင် ကမ္ဘာတဝှမ်း၌ မိန်းကလေးများ၏ ဘဝမြင့်တင်ရေးအတွက် လုပ်ဆောင်နေကြသော အဖွဲ့အစည်းများမှ အတူတကွစုရုံးကြလျက် မိန်းကလေးငယ်များ၏ ဘဝမြင့်တင်ရေးနှင့် အခွင့်အရေးများ ရရှိစေရန် အကြိတ်အနယ် ဆွေးနွေးတိုင်ပင်ကြပါသည်။

၎င်းအပြင် ကမ္ဘာတဝှမ်းလုံး၌ ထိုနေ့အား အထူးအစီအစဉ်များဖြစ်သော ချီတက်ဆန္ဒထုတ်ဖော်ခြင်း၊ ပြဇာတ်၊ သီချင်း၊ အက၊ ဟောပြောခြင်းများနှင့်အားကစားများ ပြုလုပ်ကျင်းပပါသည်။ ကမ္ဘာ့အဆင့်တွင် မိန်းကလေးငယ်များအား စီးပွါးရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော အရေးများတွင် မိန်းကလေးငယ်များ၏အခန်းကဏ္ဍတွင်လည်းကောင်း၊ ဇာတ်လမ်းပုံပြင်များ၊ လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်လည်းကောင်း ကျင်းပကာ မိန်းကလေးများ၏ဘဝကို မြှင့်တင်ပေးကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် မိန်းကလေးငယ်များနှင့်ပတ်သက်၍ အကြမ်းဖက်မှုများ၊ တန်းတူညီမျှမှုမရှိသော အခွင့်အရေးများသည် လူမှုအသိုင်းအဝိုင်းတွင် အရှိန်အဟုန်ပြင်းစွာ မြင့်မားလာသည့်အပေါ် သတိမူလာကြသည်နှင့်အမျှ ၎င်းအပေါ် ဆွေးနွေးတိုင်ပင်ကာ၊ တန်းတူညီမျှသော အခွင့်အရေးများရရှိရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အသက်(၁၈)နှစ်အောက်ရှိသော မိန်းကလေးများအတွက် ကလေးသူငယ်များ အခွင့်အရေးတွင် ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့ရသည်။ အခြားတဖက်တွင်လည်း မိန်းကလေးငယ်များ၏ဘဝလုံခြုံရေးနှင့် တိုးတက်ရေးအတွက် စိန်ခေါ်မှုများရှိနေရာ ၎င်းအတွက်လုပ်ဆောင်ရန် များစွာလိုအပ်နေပါသေးသည်။

အမိအသင်းတော်မှ အမျိုးသမီးများနှင့်မိန်းကလေးများ၏အခန်းကဏ္ဍကို လုပ်ဆောင်နေသည်မှာ အားရစရာကောင်းသော်လည်း အရှိန်အဟုန်မြင့်မားစွာလုပ်ဆောင်ရန်လည်း လိုအပ်နေပါသည်။ ထိုသို့ဖြည့်စွက်လုပ်ဆောင်နေမှသာလျှင် အမိအသင်းတော်သည် အဖက်ဖက်မှ တိုးတက် လာမည်ဖြစ်ပါသည်။



နိဂုံးချုပ်အနေဖြင့် ယခုလာမည့် ၂၀၁၉ အောက်တိုဘာ (၁၁)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့အား “အနာဂတ်ဘဝ ပိုမိုတောက်ပစေဖို့ မိန်းကလေးများအား တွန်းအားပေးကြစို့” ဟူသောဆောင်ပုဒ်ကို ဆောင်လျက် မိမိတို့ကျရာဒေသ၊ ကဏ္ဍများတွင် တတ်အားသမျှ ကျင်းပပေးခြင်းဖြင့် မိန်းကလေးများ၏ဘဝ တိုးတက်လှပစေရန် လုပ်ဆောင်ပေးကြပါစို့။

“မိန်းကလေးငယ်များဘဝ သာယာလှပပါစေ။”

**စန္ဒာလင်း (၈. ၉. ၂၀၁၉)**

**စာမျက်နှာ ၂၀ မှ**

လွှတ်မှု၊ ပေးဆပ်ခြင်းတွေကို ပြသချင်လို့ပဲဖြစ်ပါတယ်။ မိမိကိုစွန့်ပစ်ကာ အခြားဘုရားများ ကိုကိုးကွယ်နေတဲ့ မိမိလူမျိုးတော် အီစရာအဲလ်လူမျိုးတွေ၊ အပြစ်ဒုစရိုက်ကြားမှာ နစ်မွန်းရင်း ပျော်ပါးသောက်စား၊ မူးရူးနေတဲ့အပြစ်သားတွေကို ချစ်နေတုန်းပဲ၊ ဂရုစိုက်နေတုန်းပဲဆိုတာ ဖော်ပြနေသလို၊ နောင်တတရားတွေနဲ့ပြန်လာဖို့ကို သူ့ရဲ့တပည့် ဟောရှေရဲ့ဘဝအသက်တာဖြင့် ဥပမာပေးခဲ့တယ်။ မိမိလူမျိုးတော် အီစရာအဲလ်ကို ပြန်ခေါ်ခဲ့တယ်။

ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝအသက်တာမှာလည်း ပရောဖက်ဟောရှေလို ပေးဆပ်လိုက်ရတာတွေရှိတယ်။ စွန့်လွှတ်အနစ်နာ ခံလိုက်ရတာတွေရှိတယ်။ မိသားစုအတွင်းမှာ လင်နဲ့မယား စကားများလို့ ကိုယ်မှန်နေပါလျက် အလျှော့ပေးလိုက်ရတာတွေ၊ ခင်ပွန်းသည်ရဲ့ဖောက်ပြန်မှု၊ ဇနီးသည်ရဲ့ ဖောက်ပြန်မှုတွေ၊ မောင်နှမအချင်းချင်းကြားမှာ ကိုယ်ကအကြီးမို့ပေးဆပ် အနစ်နာခံလိုက်ရတာတွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာ ကိုယ့်အမည်ကို ခုတုံးလုပ်ပြီး အသုံးချခံသွားတာတွေ၊ အဖွဲ့အစည်းအသင်းအဖွဲ့တွေမှာလည်း အသင်းအဖွဲ့တစ်ခုလုံးကောင်းစားရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ မိမိရဲ့အချိန် မိမိရဲ့လုပ်အားကို ပေးဆပ်နေကြရတဲ့သူတွေ အများကြီးပဲရှိပါတယ်။ ထိုသို့သော လူမျိုးတွေဟာ ပရောဖက်ဟောရှေလို ဘုရားသခင်ရဲ့ စကားကိုနားထောင်ရင်း ဘုရားသခင်ဖြစ်စေချင်တဲ့ သူတစ်ယောက်အဖြစ်နေထိုင်အသက်ရှင် နေကြသူများဖြစ်ပါတယ်။ ကိုယ့်ကြုံတွေရတဲ့ ဒုက္ခကကြီးတယ်၊ ကိုယ်ထမ်းထားရတဲ့ ဝန်ထုပ်ကလေးတယ်ဆိုပြီး၊ မငြီးငြူမိအောင် ကျွန်တော်တို့ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကိုယ်က အပြစ်ထဲမှာနစ်မွန်းနေတယ်၊ အပြစ်မဖြေ ကိုယ်တော်မြတ်မပင့်တာ၊ ဘုရားကျောင်းမတက်တာကြာခဲ့ပြီဆိုရင် နောင်တတရားနဲ့ဘုရားဆီကိုပြန်ဖို့လိုပါတယ်။ အပြစ်ကိုမုန်းပြီးအပြစ်သားကိုချစ်တဲ့ဘုရားက ချစ်ခြင်းမေတ္တာတရားနဲ့ အမြဲဆီးကြိုနေမှာဖြစ်ပါတယ်။ ဒါကြောင့် ချစ်ခြင်းမေတ္တာကြင်နာသနားခြင်းတွေနဲ့ အနစ်နာခံ ပေးဆပ်ပြီးချစ်နေတဲ့ ဘုရားသခင်ဆီကို နောင်တတရားနဲ့ ကျွန်တော်တို့ ပြန်သွားဖို့ လိုပါတယ်။ ချစ်ခြင်းမေတ္တာတော်ရှင် ဘုရားသခင်ဆီ ကျွန်တော်တို့ အတူအကွပြန်ကြရအောင်လို့ ဖိတ်ခေါ်ချင်ပါတယ်။

**မေမြစာပင်**





ကျွန်တော်တို့လောကမှာနေစဥ်အခါမှာ လိုအပ်ချက်တွေအများကြီးရှိကြပါတယ်။ လိုအပ်ချက်တွေဆိုတာတွေကိုလည်း ဘယ်ဟာက ပိုအရေးကြီးသလဲဆိုတာကို မိမိကိုယ်တိုင်စဥ်းစားပေးရမဲ့ အရာတွေကိုရွေးချယ်တတ်ကြရမှာ ဖြစ်ပါတယ်။ မွေးရာမှသည် သေသည့်အထိ လျှောက်လှမ်းရတဲ့ခရီးဟာ ရှည်လျားတတ်ပါတယ်။ ချို့ယွင်းချက်တော့ရှိတာပေါ့။ တချို့ကျတော့ လျှောက်လှမ်းချိန် သိပ်မကြာကြပေမဲ့၊ များသောအားဖြင့် နှစ်ပေါင်းငါးဆယ်ကျော်လောက် လျှောက်လှမ်းရပါတယ်။

မိုးဇယ်ဦးဆောင်ပြီး အီသရေလလူမျိုးတွေက ကန္တာရထဲမှာလျှောက်ခဲ့ရတာတော့ နှစ်ပေါင်းလေးဆယ်ကြာပါတယ်။ အဲဒီလို နှစ်ပေါင်းလေးဆယ်လျှောက်သွားရတဲ့ ခရီးလမ်းတစ်လျှောက်မှာ အခက်အခဲများစွာနဲ့ အန္တရာယ်များစွာကို တွေ့ကြုံခဲ့ရပါတယ်။ နောက်ဆုံးမှာ ဘယ်သူတွေပဲကျန်ပြီး ဘုရားသခင်ကတိပေးရာမြေကို ရောက်သွားကြသလဲဆိုတာတော့၊ ယုံကြည်ခြင်းမပျက်ဘဲ ခရီးဆုံးအထိကြံ့ကြံ့ခံလျှောက်ခဲ့တဲ့သူတွေသာပဲ နို့နဲ့ပျားရည်စီးဆင်းရာဖြစ်တဲ့ ဘုရားသခင် ကတိပေးတဲ့နေရာကို ရောက်ရှိကြပါတယ်။ ဒီကန္တာရခရီးဟာ ကျွန်တော်တို့ လောကကိုဖြတ်သန်းနေကြရတဲ့ခရီးကိုပြတဲ့ သာဓကဖြစ်ပါတယ်။ စာဖတ်သူကို အကြံတစ်ခုပေးပါရစေ။ ထွက်မြောက်ရာကျမ်းကို ဖတ်ဖြစ်အောင်ဖတ်ဘို့ တိုက်တွန်းလိုပါတယ်။ အဲဒါဆို ဘယ်လိုသူတွေက ပန်းတိုင်ကို ဆွတ်ခူးကြမလဲဆိုတာ မီးမောင်းထိုးပြထားတာ တွေ့ရှိပါတယ်။

အခုရေးတဲ့ ဆောင်းပါးလို့ပဲ ပြောမှာလား။ ဩဝါဒလို့ပဲ ပြောမှာလားဆို အဓိကအကြောင်းရင်းက "ဝိညာဉ်ရေး ရှင်သန်တိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေတဲ့အရာ"ဟာ ဘာလဲဆိုတာကိုဝေမျှအသိပေးဖို့ပဲ ဖြစ်ပါတယ်။ ဒီဆောင်းပါးရဲ့ခေါင်းစဥ်ကိုတော့ "လူတစ်ယောက်အတွက် အဓိကလိုအပ်ချက်" လို့ နာမည် ပေးထားပါတယ်။

ကျွန်တော်တို့ လူသားတွေဟာ တနေ့ကျရင် ဒီလောက ကနေ ထွက်သွားကြရမယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီတော့က ဒီလောကမှာအတွက်ရော၊ နောင်သံသရာအတွက်ရော၊ ရိက္ခာဆိုတာစုဆောင်းထားရမှာဖြစ်ပါတယ်။ လူအတော်များများက သေပြီးသည်နောက်ဆိုတာကို မတွေးကြဘဲ လောလောဆယ် လောကအသက်တာအတွက်ပဲ စဥ်းစားပြီးမိမိရဲ့အချိန် မိမိရဲ့အင်အားတွေကို အသုံးပြုတတ်ကြပါတယ်။ တစ်နေ့မှာ၂၄ နာရီရှိပါတယ်။ ဒီ၂၄ နာရီကို ဝိညာဉ်ရေးအတွက် သို့တည်းမဟုတ် ကောင်းကင်နိုင်ငံရိက္ခာအတွက် ဘယ်နှစ်နာရီလောက် အသုံးပြုသလဲဆိုတာကို ခဏခဏ စဥ်းစားကြဖို့တော့လိုလိမ့်မယ်ထင်တယ်။ ကျမ်းစာမှာ ရေးထားတာရှိပါတယ်။ "ဘုရားသခင်နဲ့ ဘုရားသခင်ရဲ့နိုင်ငံတော်ကို အရင်အဦးရှာပါ။" ဆိုတဲ့ကျမ်းပိုဒ်ရှိပါတယ်။ နောက်ပြီး ဘာကတိဆက်ပေးလည်းဆိုတော့ "ဘုရားသခင်နဲ့ဘုရားသခင်နဲ့ဆိုင်တဲ့အရာကို အရင်အဦးရှာလျှင် ကျန်တာဘုရားပေးမယ်" ဆိုတာ ပြောထားပါတယ်။

ဒီနေရာမှာ ယုံကြည်ခြင်းက စကားပြောလာပါတယ်။ ဘာလည်းဆိုတော့ "ငါ ဘုရားနဲ့ဘုရားရဲ့



နှုတ်တော်ထွက်စကားကို ဘယ်လောက်ယုံကြည်သလဲ” ဆိုတဲ့မေးခွန်းပါ။ နောက်ကျမ်းချက် တစ်ချက်ကတော့ “သင့်ရဲ့ယုံကြည်ခြင်းဟာ မုံညှင်းစေ့လောက်ရှိလျှင်” ဆိုတာကြားဖူးကြမှာပါ။ ကျွန်တော်တို့ ဘုရားကို အမြဲတမ်းဆုတောင်းကြပါတယ်။ ဒါပေမဲ့ လိုတာပဲတောင်းတာ များပါတယ်။ တကယ်တော့ စဉ်ဆက်မပြတ် ဆုတောင်းရမဲ့ အချက်က “ယုံကြည်ခြင်း မလျော့နည်းသွားအောင်၊ ယုံကြည်ခြင်းပိုပြီးကြီးမားနက်ရှိုင်းအောင်” အတွက်ကတော့ ဆုတောင်းတိုင်းထည့်တောင်းသင့်တဲ့အချက် ဖြစ်တယ်လို့ထင်ပါတယ်။

ယခုဆောင်းပါးရဲ့အဓိကအချက်ဖြစ် “Helps to grow in spirituality” ဆိုတဲ့ ဝိညာဉ်ရေးမှာရှင်သန်ကြီးထွားဘို့အတွက် အထောက်အကူပေးတဲ့ အရာများကို ပြောပြလိုပါတယ်။ ဝိညာဉ်ရှင်သန်ကြီးထွားသီးပွင့်လာနိုင်ဖို့ အထောက်အကူပေးတဲ့ အရာတွေထဲက အဓိကကျတဲ့ အရာနှစ်ခုကို ဝေမျှလိုပါတယ်။ ဒါတွေကတော့ (၁) ဆုတောင်းခြင်း Prayer နဲ့ (၂) ဒုက္ခစရိယာခံထမ်းခြင်း Suffering ပဲ ဖြစ်ပါတယ်။

## Prayer ဆုတောင်းခြင်း

ဆုတောင်းခြင်းဆိုတာ ဘာလဲလို့မေးလာရင် ဆုတောင်းခြင်းဆိုတာ ဘုရားသခင်နဲ့ဆက်သွယ်ခြင်းဆက်ဆံခြင်းလို့ခေါ်တဲ့ (Personal Relitionship with the Lord) လို့ခေါ်ပါတယ်။ မိမိနဲ့ဘုရားနဲ့ဆက်သွယ်ခြင်းကိုဆုတောင်းခြင်းလို့ခေါ်ပါတယ်။ နောက်ပြီး တကယ်ဆုတောင်းတဲ့သူဆိုတာ ဘယ်သူလဲလို့




မေးလာရင်တော့ "The one who is transformed by his/her prayer" လို့ဆိုတဲ့မိမိဆုတောင်းခြင်းဟာမိမိကိုပြောင်းလဲစေတဲ့သူကို“ဆုတောင်းတဲ့သူ” “A man of Prayer” လို့ခေါ်ပါတယ်။ ဒီအချက်ဟာ အရေးကြီးပါတယ်။ ဆုတောင်းတယ်လို့မြင်ရပေမဲ့ ဘာပြောင်းလဲမှုမှ မတွေ့ရင်တော့၊ တကယ်ဆုတောင်းတဲ့သူမဟုတ်ဘူးလို့ဘဲ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရဆုတောင်းကြတဲ့သူတွေ အများကြီး တွေ့ကြပါတယ်။ ဒါပေမဲ့ဒီဆုတောင်း တဲ့သူတွေဟာ ပြောင်းလဲမှုရှိကြရဲ့လားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။

အချိန်အကြာကြီးဆုတောင်းတယ်။ ဒူးထောက်ဆုတောင်းတယ်။ မတ်တပ်ရပ်ဆုတောင်းတယ်။ စသဖြင့် ပုံစံအမျိုးမျိုး၊ အချိန်အကြာကြီး ဆုတောင်းကြတယ်။ သီးခံခြင်း၊ နှိမ့်ချခြင်း၊ နားလည်ပေးခြင်း၊ အနစ်နာခံပေးခြင်း၊ ကိုယ်ချင်းစာတရားထားခြင်း၊ သူတစ်ပါးကို ကူညီခြင်း၊ ဘုရားတရားစကား ပိုပြောခြင်း၊ အမုန်းစကားကို ရှောင်ခြင်း၊ သူတပါးကိုနားလည်ပေးခြင်း၊ အကောင်းမြင်တတ်ခြင်း၊ စတဲ့ကောင်းတဲ့စိတ်တွေပိုရှိလာသလား။ ဒါဆိုရင် “A man of Prayer” ဆုတောင်းတဲ့သူလို့ ဆိုလို့ရတယ်။ ဘာဖြစ်လဲဆိုရင် ပြောင်းလဲမှုတွေတွေ့ရလို့ပါပဲ။

ဆုတောင်းခြင်းဆိုတာ ဘုရားသခင်နဲ့ ဆက်သွယ်ခြင်းလို့ အစပိုင်းမှာပြောထားပါတယ်။ ဒါဟာလေ့ကျင့်မှု လုပ်ရပါမယ်။ နေရာတိုင်းမှာ ဖြစ်စဉ်တိုင်းမှာ ဘုရားရဲ့အသံ၊ ဘုရားရဲ့ခြေရာလက်ရာ၊ ဘုရားရဲ့အလုပ်အကိုင်ကိုမြင်ပြီး ဘုရားနဲ့ဆက်သွယ်စကားပြောခြင်းဖြစ်တဲ့ ဒီနေရာဟာ ကျေးဇူးတင်တာပါမယ်။

ကျေးဇူး တောင်းခံတာလည်း ပါမှာဖြစ်ပါတယ်။ ဥပမာ- ထမင်းစားနေရင်း စိတ်ထဲကနေ ဘုရားကို ကျေးဇူးတင်မယ်။ နေရဲ့အပူကိုခံစားရရင်၊ လေရဲ့ အေးမြမှုကိုခံစားရရင်၊ မြင်ကွင်းထဲက မြင်ရတဲ့အရာ တွေကိုကြည့်ပြီးဘုရားနဲ့ ဆက်သွယ်ခြင်းဟာဆု တောင်းခြင်းပါပဲ။

သံယောဟန် ၁၅း၇ မှာ ဘာပြောထားလဲဆို တော့ "သင်တို့သည် ငါ၌တည်နေကြ၍ ငါ၏တရား တော်သည် သင်တို့၌ တည်နေလျှင် သင်တို့အလိုရှိ သော အရာမှန်သမျှကို တောင်းလျှောက်ကြလော့။ ထိုအရာကို သင်တို့အား ငါပေးတော်မူလိမ့်မည်။" လို့ပြောထားပါတယ်။ ဒီနေရာမှာ အရေးကြီးစာလုံး တစ်လုံးပါတယ်။ "ငါ၌တည်နေခြင်း" ဆိုတာပဲဖြစ်ပါ တယ်။ စာဖတ်သူ ဘယ်လိုနားလည်ပါသလဲ။ "ငါ၌ တည်နေခြင်းဆိုတာ ပေါင်းစည်းခြင်း၊ တစ်လုံးတစ်ဝ တည်းဖြစ်ခြင်းကို ဆိုလိုပါတယ်။ ဒါဆိုရင် ဘယ်လို အခြေအနေမျိုးမှာ တစ်လုံးတစ်ဝတည်း ပေါင်းစည်း လို့ရပါသလဲကို ထပ်ဆင့်စဉ်းစားရမှာ ဖြစ်ပါတယ်။ ဘုရားနဲ့တူလေလေ၊ ပိုပြီးသန့်ရှင်းလာ လေလေဆို ရင် ဘုရားနဲ့ပိုပြီးပေါင်းစပ်လို့ရတာကို ဆိုလိုပါတယ်။ ပိုပြီးနီးကပ်လေလေ ပိုပြီးပေါင်းစပ်လေလေ။ မိမိရဲ့ ဆုတောင်းခြင်းဟာ ပိုအောင်မြင်လေလေ ဖြစ်နိုင် ပါတယ်။

နောက်ပြီး ဆုတောင်းခြင်းဆိုတာ မိမိရဲ့ အားနဲချက်တွေကို ပိုပြီးပျောက်အောင် လုပ်ပေးနိုင် ပါတယ်။ သခင်ယေဇူးကိုယ်တိုင် ဆုတောင်းခြင်းအ ရေးကြီးတာကို ပြသခဲ့သလို သွန်သင်ပြသခဲ့ပါတယ်။ ဆုတောင်းခြင်းဟာ ကောင်းတဲ့အသီးအပွင့်တွေကို သီးပွင့်စေပါတယ်။ ဒါကြောင့် ဆုတောင်းခြင်းဟာ မိမိရဲ့ဝိညာဉ်ရေး ရှင်သန်သီးပွင့်ဖို့ ထိရောက်တဲ့ အကူအညီ တစ်ခုဖြစ်တယ်လို့ ပြောလိုပါတယ်။ ဆုတောင်းခြင်းပုံစံ အမျိုးမျိုးရှိပါတယ်။ မိမိကြိုက်တဲ့ ဆုတောင်းနည်းကို သုံးနိုင်သလို ပုံစံပြောင်းပြီးသုံး လည်းရပါတယ်။ ဆုတောင်းချင်စိတ်နဲ့ ဆုတောင်း ဖြစ်ဖို့သည်သာ အရေးကြီးပါတယ်။

ဥပမာ- Lectio Divina, Meditation, Oratio, Contemplatio, ကိုယ်တော်မြတ်ဖူးခြင်း၊ စိတ်ပုတီးစိတ်ခြင်း၊ စသည်အားလုံးဟာ ဆုတောင်း ခြင်းတွေပဲဖြစ်ပါတယ်။ အဓိက ကတော့ ဆုတောင်း ခြင်းကိုပြုခြင်းဟာ ဝိညာဉ်ရေးအတွက် လုပ်ကြရမဲ့ အရေးကြီးတဲ့ အလုပ်ဖြစ်တဲ့အတွက် ကြိုးစားကြဖို့ အကြံပြုခြင်း ဖြစ်ပါတယ်။ "သင်တို့သည်ငါနှင့် ကင်းလျှင် ဘာမျှမတတ်နိုင်။" (ရှင်ယောဟန် ၁၅း၅)

## Sufferings ဒုက္ခဝေဒနာခံထမ်းခြင်းများ

ဒုတိယ ဝိညာဉ်ရေး ရှင်သန် ကြီးထွားဖို့ အ တွက်အထောက်အကူပေးတဲ့အရာက"ဒုက္ခဝေဒနာ" ပဲဖြစ်ပါတယ်။ ဒါပေမဲ့ လောကလူသား တော်တော် များများက "ဒုက္ခဝေဒနာ" ကို အဆိုးလို့ မြင်တွေ့ခံ ယူတတ်ကြပါတယ်။ ဒါကြောင့်လည်း "ဆုတောင်း ခြင်း" ကိုပြုကြတဲ့အခါမှာ "ဒုက္ခမှလွဲပါစေ၊ ဝေဒနာ တွေပျောက်ကင်းပါစေ" လို့ပဲ ဆုတောင်းကြတယ်။ ကမ္ဘာပေါ်မှာ အရောင်းရဆုံး ကုန်ပစ္စည်းနဲ့ စာအုပ် စာပေတွေဟာလည်း "ဒုက္ခ ကင်းဝေးနည်း၊ ဝေဒနာ ပျောက်ကင်းနည်း တွေပဲဖြစ်တာ ကိုတွေ့ရပါတယ်။ သို့သော် ကျွန်တော်တို့အားလုံး သိကြတဲ့အတိုင်း လူ ဆိုတဲ့ သတ္တဝါဟာ တနေ့ကျရင် သေကြရမှာပဲဖြစ် တယ်။ များသောအားဖြင့် မသေခင်တော့"နာ"ကြရ တယ်။"မသေဆေး" ဆိုတာတော့ မရှိပါဘူး။ ရောဂါ အမျိုးမျိုးခံပြီး သေခြင်းကို ရင်ဆိုင်ကြရ မှာပါပဲ။

ဒီနေရာမှာ အပြစ်နဲ့ ရောဂါဝေဒနာတို့ရဲ့ ဆက်စပ်မှု ကလေးတွေ ဖြစ်ပါတယ်။ သခင်ခရစ် တော်ဟာ လူမမာတွေကို ကုသပျောက်ကင်းစေတဲ့ အခါမှာ"သင်ရဲ့အပြစ်တွေကို ခွင့်လွှတ်လိုက်ပြီ။ ငြိမ် သက်ခြင်းနဲ့သွားလော့။"လို့ပြောလိုက်တာနဲ့လူမမာ ဟာပြန်ကောင်းလာတာ တွေ့ရပါတယ်။ ဒါကြောင့် ရောဂါဝေဒနာ ဆိုတာလည်း အပြစ်နဲ့ဆက်နွယ်မှုရှိ တတ်ပါတယ်။ ဒါကြောင့် ဒုက္ခဝေဒနာ ခံရခြင်းမှာ အကြောင်းနှစ်ချက် ရှိပါတယ်။ (၁)အပြစ်ကြောင့် (၂)ပိုပြီး ရင့်ကျက်စေလိုသောကြောင့် (သို့မဟုတ်)

Purification လို့ခေါ်တဲ့ လူကိုသန့်စင်စေဖို့ ဆိုပြီး အကြောင်းချက် နှစ်ခုရှိပါတယ်။ ဒါကြောင့် ပဌမအချက်မှာ "အပြစ်ရှိခြင်း"မရှိဘဲနဲ့ ဒုက္ခခံဝေဒနာ ခံနေရသေးရင် ဘုရားသခင်က ကျွန်တော်တို့ကို ဆေးကြောသန့်စင်နေတယ်လို့ ယူဆရမှာဖြစ်တယ်။

ဥပမာ- သံချေးတက်နေတဲ့ ဓါးကို သန့်စင်ချင်ရင် ပန်းပဲဆရာဆီအပ်ပြီး၊ ပန်းပဲဆရာကမီးနဲ့ဖုတ်ပြီးသံချေးကိုထုခွာမှာဖြစ်တယ်။ အဲဒီ ဒုတိယနည်းဟာ ဝိညာဉ်ကို သန့်ရှင်းတိုးတက်စေတဲ့ နည်းပဲဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်ဆီမှာ "ခံနိုင်ရည်ကျေးဇူးတော်တောင်းခံဖို့လိုပါတယ်။"

ပျံလွန်သွားတဲ့ ဆရာတော်ကြီး ဂျိုးဇက်ဦးသောင်းရွှေပြောသွားတာရှိပါတယ်။ ဘာလဲဆိုတော့ "ကက်သလစ် ဘာသာဟာ ဒုက္ခကိုရှောင်တဲ့ဘာသာမဟုတ်ဘူး၊ ဒုက္ခကိုရှာတဲ့ဘာသာဖြစ်တယ်။ ဒါဟာလဲ စဉ်းစားစရာပါပဲ။ ကက်သလစ် ဘာသာက အရိုအသေပြုတဲ့ လက်ဝါးကပ်တိုင်(သို့) ခရူးစူးကားတိုင်ဆိုတာ သခင်ယေဇူးဆင်းထုတော်ပါတဲ့ လက်ဝါးကပ်တိုင် ဖြစ်ပါတယ်။ လက်ဝါးကပ်တိုင် အရွယ်အစားကြီးရင် သခင်ယေဇူးရဲ့ ဆင်းထု အရွယ်အစားလည်းကြီးတယ်ဆိုတာ လေးနက်စွာ ထောက်ရှုစေချင်ပါတယ်။ "လို ချင်တာ" ဆုတောင်းကြရမှာ မှန်တယ်။ မိမိလိုချင်ရာ တွေများလွန်းလို့ မမှတ်မိနိုင်ရင် စာရွက်နဲ့ ရေးပြီး တောင်းပါ။ ဒါပေမဲ့ အရေးကြီးတဲ့ အချက်တစ်ချက် ရှိတယ်။ မိမိ ဆုတောင်းချက်တွေ ပြောပြီးရင်အဆုံးသတ်မှာ"ကိုယ်တော်ရဲ့ အလိုတော်အတိုင်းဖြစ်စေပါ။"ဆိုပြီးအဆုံးသတ်ရမှာဖြစ်တယ်။ ဒါကြောင့် ပညာရှင်တွေ ဘာပြောထားလဲ ဆိုတော့ "Try your best and leave the rest in the hands of God and BE HAPPY" သင် အတတ်နိုင်ဆုံးကြိုးစားပါ။ ကျန်တာ ဘုရားသခင်လက်ထဲကို ပူဇော်လိုက်ပြီး ပျော်ပျော်နေပါ။

ဒုက္ခဝေဒနာ ခံထမ်းရခြင်းနဲ့ ပတ်သက်ပြီး သံယောဟန် ၁၅း၂ မှာ ပြောထားတာ ကိုလည်း ထောက်ရှု စေချင်ပါတယ်။ ဘယ်လို ရေးထားလဲဆိုတော့ ကိုယ်တော်သည် "ငါ၌ အသီးမသီးသောအကိုင်းအခက် ရှိသမျှတို့ကို ဖြတ်တောက် ပစ်တော်မူ



၍၊ အသီးသီးသော အကိုင်းအခက်ဟူသမျှကိုမူကား ပိုသီးစေရန် ရှင်းလင်းပြုပြင်ပေးတော်မူလိမ့်မည်။" ဒီနေရာမှာ အသီးသီးနေပေမဲ့ ပိုသီးအောင် အကိုင်းအခက် တချို့ကို ရှင်းလင်းပစ်တယ်ဆိုတာ တွေ့ရတယ်။ တပင်လုံးကို ခုတ်ပစ်တာမဟုတ်ဘူး။ အကိုင်းအခက် တချို့ကိုပဲခုတ်ပစ်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီထက် ပိုသီးအောင်ဖြစ်တယ်။ အကိုင်းအခက်တွေကို ရှင်းလင်းတယ် ဆိုတဲ့သဘောက ဒုက္ခဝေဒနခံထမ်းစေတယ် ဆိုတဲ့သဘောပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝိညာဉ်ရေး ပိုမိုရှင်သန်ကြီးထွား၊ သီးပွင့်ဖို့ပါ။

နောက်ပြီးတော့ ဒုက္ခဝေဒနာ ခံထမ်းရခြင်းဟာဖြင့် ကိုယ့်ရဲ့အားနဲချက်ကို သိလာတယ်။ ဒီအချက်ဟာ နိမ့်ချခြင်းကို တွန်းပို့ပေးပါတယ်။ ဥပမာ- မျက်စိကောင်း၊ ခြေလက်ကောင်းတဲ့အချိန်၊ လုပ်နိုင်တဲ့အချိန်မှာ "ငါ" ဆိုတဲ့မာန ကြီးစိုးနေ တတ်တယ်။ "ငါ"လုပ်လို့ရတယ်၊ ငါသွားလို့ရောက်တယ်၊ စသဖြင့်ပေါ့။ မျက်စိကွယ်၊ လေဖြတ်တဲ့အချိန်ကျရင် "ငါဘာမှ မတတ်နိုင်ပါလား"ဆိုတာ သိရှိလာလိမ့်မယ်။ အဲဒီ အချိန်မှာ ဘုရားနဲ့ နီးလာတတ်ပါတယ်။ ဘုရားနဲ့နီးလာလေလေ၊ ဘုရားဆီက"ရတနာ"တွေရလွယ်လေလေပါပဲ။ ဘုရားနဲ့အဝေးကြီး လက်လှမ်းမမှီနိုင်တဲ့ နေရာမှာ နေရင်တော့ ဘုရားဆီက ရတနာ ရဖို့နဲနဲခက်သွားတယ်ပေါ့။

နောက်တစ်ခု သိထားဖို့က ဘုရားသခင်ရဲ့

တန်ခိုးနဲ့ သူရဲ့ချစ်ခြင်းဟာ ကျွန်တော်တို့ရဲ့ ဒုက္ခနဲ့ဝေဒနာတွေကို "ဆေးဝါး" အဖြစ်အသွင် ပြောင်းစေတယ်ဆိုတာ သိထားဖို့လိုတယ်။ ဘာအတွက် ဆေးဝါးလဲဆိုတော့ "အပြစ်" ဆိုတဲ့ "ရောဂါ" ကိုပျောက်ကင်းစေတဲ့ "ဆေးဝါး" ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ အဆိုအမိန့်တစ်ခုနဲ့ အဆုံးသတ်ချင်ပါတယ်။ ဘယ်လိုလဲဆိုတော့ "We should keep in mind that God could not allow Sufferings to come upon us, unless he saw that out of our Suffering there result abundant good" အတိုဆုံးပြောရရင်တော့ "ကျွန်တော်တို့အတွက် အကျိုးမပေးရင်တော့၊ ဘုရားသခင်က ကျွန်တော်တို့ကို ဒုက္ခဝေဒနာခံဖို့ ခွင့်ပြုမှာမဟုတ်ဘူး။"

ဖတ်ရှုသူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ။

## တစ်ခုကများလာလျှင်၊ တစ်ခုကလျော့လာမယ်

ဆရာတော်ဂျွန်မန်းဆိုင်းဟိုး
ပုသိမ်

၁။ ဒေါသများလာရင်၊ ကြင်နာစိတ် လျော့လာမယ်။
၂။ အတ္တတွေများလာရင်၊ ရိုးသားဖြောင့်မတ်ခြင်းတွေ လျော့လာမယ်။
၃။ စိုးရိမ်ပူပန်မှုတွေများလာရင်၊ ပျော်ရွှင်ငြိမ်းချမ်းခြင်း လျော့လာမယ်။
၄။ သံသယစိတ်တွေများလာရင်၊ အချင်းချင်းယုံကြည်မှု လျော့လာမယ်။
၅။ ပြိုင်ဆိုင်မှုတွေများလာရင်၊ တည်ငြိမ်မှုတွေ လျော့လာမယ်။
၆။ မတရားမှုတွေများလာရင်၊ အချင်းချင်းလေးစားမှုတွေ လျော့လာမယ်။
၇။ ရယူပိုင်ဆိုင်မှုတွေများလာရင်၊ စာနာသနားခြင်းတွေ လျော့လာမယ်။
၈။ မကောင်းမြင်စိတ်တွေများလာရင်၊ စိတ်ရင်းစေတနာတွေ လျော့လာမယ်။
၉။ လောဘရမ္မက်တွေများလာရင်၊ ကူညီရိုင်းပင်းခြင်းတွေ လျော့လာမယ်။
၁၀။ ဆန္ဒရမ္မက်တွေများလာရင်၊ ဖြူစင်သန့်ရှင်းစိတ်တွေ လျော့လာမယ်။
၁၁။ မာနတွေများလာရင်၊ သည်းခံနှိမ့်ချစိတ်တွေ လျော့လာမယ်။
၁၂။ ကပ်ဖက်ရပ်ဖက်စိတ်တွေများလာရင်၊ စည်းလုံးခြင်းတွေ လျော့လာမယ်။
၁၃။ အတင်းအဖျင်းတွေများလာရင်၊ ကောင်းသတင်းတွေ လျော့လာမယ်။
၁၄။ မုန်းတီးစိတ်တွေများလာရင်၊ မေတ္တာစိတ်တွေ လျော့လာမယ်။
၁၅။ အကြံအဖန်တွေများလာရင်၊ အမှန်အကန်တွေလျော့လာမယ်။
၁၆။ သဝန်တိုစိတ်တွေများလာရင်၊ ချစ်တဲ့စိတ်တွေ လျော့လာမယ်။
၁၇။ ပျင်းရိတာတွေများလာရင်၊ ဘဝတိုးတက်မှုတွေ လျော့လာမယ်။
၁၈။ ကိုယ့်ရပိုင်ခွင့်အတွက်ပဲလုပ်နေရင်၊ နာခံခြင်းသစ္စာတွေ လျော့လာမယ်။
၁၉။ ဘဝမေ့တာများလာရင်၊ ကျေးဇူးတရားတွေ လျော့လာမယ်။
လျော့တာကို များစေမလား၊ များတာကို လျော့စေမလား၊ မင်းစဉ်းစား . . . ။





(၂၀၁၉ ခုနှစ်တွင်ကျရောက်သည့် (၆၉)နှစ်ပြည့်၊ မွေးနေ့အမှတ်တရ)
(၁၀-၈-၁၉၅၀) - (၁၀-၈-၂၀၁၉)

# ဆေးရုံ အင်္ကျီ



တချို့က. .
အမှတ်တံဆိပ် ဘရန့်ထိပ်မှ
ဝတ်တတ်တာတဲ့. . .
တချို့က. .
ရာဇာတန်ဘိုး သိန်းကျော်ဖိုးမှ
ဝတ်တတ်တာတဲ့
တချို့ကတော့. .
နှစ်ခေါက်နှစ်ခါ
မဝတ်တတ်ပါတဲ့. . . .
သို့ပါသော်လည်း . . .
ကိုယ်ခန္ဓာပန်း အားအင်ခမ်းက
ကြွလာဆေးရုံ ကုန်ကုန်လူတို့
မငြူမစူ ဝတ်ရတာက . .
သူငါ ထည်လဲ ဝတ်ဆင်ထားတဲ့
မများတန်ဘိုး ဘရန့်မထိုးတဲ့
ဆေးရုံအင်္ကျီ ကျွန်ုပ်ကိုပါ . . .

# ခေါင်းတလား



ခေါင်းတလား၊ မကောင်းစကားလို့ တချို့ကပြောကြတယ်။
ခေါင်းတလားမြင် ကြောက်စိတ်ဝင်လို့ တချို့ကပြောကြတယ်။

**သို့သော်**

ခေါင်းတလားကား ကြောင်းမကြားဘဲ မလွဲရောက်လာ ကြောက်စရာ။
ဓမ္မတာသေမင်း ထောက်ရှုခြင်းအတွက် အချက်အချာ ကျလှ၏။
မြင်တတ်ပါမူ တစ်မူထူးခြား ခေါင်းတလားကား သူ့အလှနှင့် သူရှိ၏။

**ဆရာတော် ဂျွန်စောယောဟန်**




### အချိန်ကား ဝသန်ကာလ၏ ဩဂုတ်လ ၂၀၁၉ .......

မွန်းတည့် ၁၂း၀၀နာရီ အချိန်ခန့်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ သိုးထိန်းခရီး စတင် ထွက်လာခဲ့သည်။ လမ်းခရီးရှိ မအူပင်မြို့ စိန်ရိတား ဘုရားကျောင်းသို့ ခေတ္တဝင်ရောက်၍ ခရီးဆက်လက် ထွက်ခွာလာခဲ့ရာ ဖျာပုံမြို့ဘုရား ကျောင်းသို့လည်း ခေတ္တ ဝင်ရောက်ခွင့်ရခဲ့သည်။ ထိုမှ ဘိုကလေးမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ သည်။ အချိန်ကား ညနေ ၅း၀၀နာရီခန့် ရှိနေပြီး ဖြစ်သည်။ လမ်းတစ်ဝက် အရောက်တွင် သဲကြီး မဲကြီး ရွာချလိုက်သော ဝသန်မိုးမုန်တိုင်းနှင့်ဆုံ တွေ့လိုက်ရသောကြောင့် ခရီးဖင့်ခဲ့ရပြီး အချိန် နာရီဝက်ခန့် နောက်ကျ၍ ဘိုကလေးမြို့သို့ ဝင်ခဲ့ ရသည်။ ဘုရားကျောင်းအဝင်အဝ လမ်းမပေါ်၌ စောင့်ကြိုနေကြသော ကျောင်းထိုင် ဘုန်းတော် ကြီးနှင့်အတူ ဘာသာတူ ကလေး၊ လူကြီးများကို အားရကြည်နူးဖွယ် တွေ့မြင်ရပေသည်။ ခေတ္တ အနားယူပြီးနောက် ဘာသာတူများနှင့်အတူ ကိုယ်တော်မြတ် ဖူးမြော်ခြင်းကို ပြုလုပ်ခဲ့ကြရာ ကလေးသူငယ်များလည်း အားတက်သရော ပါဝင်ခဲ့သည်ကို သတိပြုမိပြီး၊ ညနေ ဆွမ်းဘုဉ်း သောအချိန်၌လည်း ဆွမ်းကပ်သော လူကြီးများ နှင့်အတူ၊ ကလေးငယ်လေးများကလဲ ဝိုင်းဝန်းကူ ညီ နေကြသည်ကို တွေ့မြင်ရပေသည်။ နောက် တစ်ရက်၊ နံနက် စောစော ၆း၃၀ နာရီ၊ အချိန် မဏ္ဍားတရားတော်၌လည်း စစ္စတာရ်နှင့်အတူ၊ ကလေးငယ်များသည် ကွာရာအဖွဲ့၌ အားတက် သရော ဓမ္မသီချင်းများကို ချီးမွမ်းသီဆို ခဲ့ကြသည်ကို အားရဖွယ် သတိထားမိပြန်သည်။ မဏ္ဍားအပြီး နံနက်စာ စားသောအချိန်၌လည်း လူကြီးများနှင့်အတူ ထုံးစံအ တိုင်း ဝိုင်းကူညီပေးနေသော ကလေးများကို တွေ့ရပြန် လေသည်။ အနားသို့ခေါ်၍ အရွယ်ရောက်သောအခါ ဖြစ်ချင်သောဆန္ဒကို မေးမြန်းကြည့်ရာ ရဟန်းသီလရှင် ဖြစ်ချင်သော အများစု၏ ဆန္ဒကိုသိရှိရပေသည်။ ၎င်း စိတ်ဆန္ဒများသည် ကလေးသူငယ်များ တွေ့မြင်သော ရဟန်း၊ သီလရှင်တို့၏ ဆက်ကပ်အနစ်နာခံ၍ အများ အကျိုးပြုနေသော ပုံစံကောင်းများကြောင့်ဟု ခံစားမိရ ပေသည်။ အတုမြင်အတတ်သင်ဆိုသည့်အတိုင်း နုနယ် သော ကလေးများ၏ ပတ်ဝန်းကျင်သည် ကလေးများ အပေါ်၌ဩဇာသက်ရောက်မှုကြီးပေရာ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုပ္ဗစရိယ မိနှင့်ဖဟု ဆိုသည့်အတိုင်းမွေး ဖွားပေးသော မိဘများအပြင်၊ မိဘနေရာ တွင်ရှိနေကြ သော ရဟန်းကိုရင်၊ သီလရှင်၊ ဓမ္မဆရာ ကျောင်းဒကာ တို့၏ အပြုအမူအပြောအဆိုများသည် ပုံစံကောင်းများ ဖြစ်ရန် အင်မတန် အရေးကြီးလှကြောင်း သတိပြုမိပေ သည်။

### စောနေနိုင် ဘုရားကျောင်း (ကျိုက်လတ်)

ဘိုကလေးမြို့မှ ညနေ ၃း၃၀ နာရီ အချိန်ခန့် တွင် မအူပင်မြို့သို့ ခရီးပြုခဲ့ရာ၊ လမ်းခရီး၌ကျိုက်လတ် မြို့ရှိ စိန်ဖရန်စစ်ဇေဗီးယား စစ္စတာရ်များ ဦးစီးသော စောနေနိုင်ဘုရားကျောင်းသို့ အကြည့်အရှုပြုရန်ခေတ္တ ဝင်ခဲ့ရာ၊ ပေါင်းသင်မြေဆွ၊ သန့်ရှင်းရေး ပြုလုပ်နေကြ

သော ဘော်ဒါနေ ကလေးသူငယ်များ၏ ချစ်စဖွယ်ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးသော စိတ်နေစရိုက်များကို သတိထားမိပေသည်။ မပြည့်စုံသော နေရာဖြစ်၍ ကြိုးစားပမ်းစား ရှာဖွေပြုစုပေးနေကြသော စစ္စတာရ်တို့၏ မိခင်စိတ်ဓါတ်၊ သာသနာပြုစိတ်ဓါတ်ကိုလည်း ဂုဏ်ယူအားကျ မိပေသည်။ ၎င်းဘော်ဒါမှကျောင်းပြီး၍ ထွက်ခွာသွားကြသော ကျောင်းသားဟောင်းများသည်လည်း ဘဝတူ ဘော်ဒါနေ ညီငယ်ညီမလေးများ အဆင်ပြေစေရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်ကနေ ပြန်လည် ထောက်ပံ့နေကြောင်းကိုလည်း မုဒိတာပွားဖွယ် ကြားသိခဲ့ရပေသည်။ ၎င်းကလေးသူငယ်များနှင့်အတူ ခေတ္တဘုရားဝတ်ပြု၍ ဖြစ်လိုသော ဆန္ဒများကိုမေးကြည့်ရာ တချို့ကရဟန်း၊သီလရှင် တချို့ကဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ ဖြစ်ချင်သည်ဟု မျှော်မှန်းချက်များကို ပြောပြကြပေသည်။ မိဘနှင့်အနေဝေးကြရှာသော ကလေးငယ်များဟာ စစ္စတာရ်တို့ရဲ့ရင်ခွင်မှာ ထွေးပွေ့မှုနှင့်ယုယမှုတို့ကို ထာဝစဉ်ခံစားနိုင်ပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေဟု ဆန္ဒပြုရင်း မအူပင်မြို့သို့ ခရီးဆက်ခဲ့ပေတော့သည်။

**စိန့်ရိတား ဘုရားကျောင်း (မအူပင်မြို့)**


ညနေ ၅း၀၀ နာရီ၊ ကျော်ခန့်တွင် စိန့်ရိတားဘုရားကျောင်းသို့ ရောက်ရှိအနားယူခဲ့ပြီး ညနေပိုင်း စိပ်ပုတီးစိပ်နေကြသော ဘော်ဒါကျောင်းသူ၊ ကျောင်းသားများနှင့်အတူ ကျွန်ုပ်လည်းဝင်ရောက်၍ စိပ်ပုတီးစိပ်ခဲ့ပေသည်။ အသက်အရွယ်ငယ်သော်လည်း သာသနာကောင်းကျိုးနှင့်လူသားများကောင်းကျိုးအတွက် ရည်ရွယ်ချက်ထားပြီး၊ ဆုတောင်းပေးနေကြသော ဘော်ဒါနေ ကလေးသူငယ်များ၏ ဆုတောင်းသံသည် မေတ္တာတော်ရှင်ဘုရားသခင်၏နှလုံးသားကိုလှုပ်ရမ်းနေမည်ဟုကျွန်ုပ်ယုံကြည်မိပါသည်။ ကလေးသူငယ်များ ပြုပေးသော တောင်းဆုများ အတွက်လည်း ကျေးဇူးတင်နေမိပါသည်။ ကျွန်ုပ် ရှစ်တန်းကျောင်းသားဘဝတွင် သူငယ်ချင်းများနှင့်အတူ ဤမယ်တော်ဂူရှေ့မှာပင် စိပ်ပုတီးစိပ်ကြ၊ တောင်းဆုပြုကြသော အတိတ်ကပုံရိပ်များကိုလည်းပြန်လည်၍မြင်ယောင် တမ်းတမိပေသည်။ အချိန်နှင့်အမျှ တောင်းဆုပြုသူများပြောင်းလဲသွားကြသော်လည်း မိခင်မယ်တော်မာရီယားမှာမူ မပြောင်းမလဲပဲ၊ အစဉ်အမြဲကြားဝင် တောင်းဆုပြုပေးလျက်ပင်ရှိနေပေသည်။ နံနက် မစ္ဆားတရား၌ ကျမ်းစာဖတ်သော၊ တရားထောက်သော၊ ဓမ္မသီချင်းသီဆိုချီးမွမ်းကြသော၊ ဘော်ဒါနေကျောင်းသူ၊ကျောင်းသားများ၏ အရည်အသွေးများကိုမြင်တွေ့ရပေရာ ဉယျာဉ်မျိုးကောင်းများ၏ ပြုစုပျိုးထောင်မှုအောက်၌ တောက်ပလာမည့် အရိုင်းပန်းလေးများ၏ အနာဂတ်ကိုမျှော်တွေး၍ မြက်ရှင်းပေါင်းသင်ပေးနေကြသော ဉယျာဉ်သခင်များအတွက်လဲ တောင်းဆုပြုပေးခဲ့ပေသည်။



**ဂရက်စုကျေးရွာ (ပန်းတနော်)**

ပန်းတနော်၊ ဂရက်စုကျေးရွာလေးသို့ မိဘများပွဲနေ့ကျင်းပရန် ကျောင်းထိုင်ဘုန်းတော်ကြီး၏ဖိတ်ခေါ် ချက်အရ မအူပင်မြို့မှ နံနက် ၈း၀၀ နာရီခန့်တွင် ထွက်ခွါ၍ သနပ်ခါးပါးကွက်ကြားနှင့်ကျောင်းသွားကြ

မည့်ဘော်ဒါကလေးငယ်များကို လက်ပြနှုတ်ဆက်ရင်း ခရီးဆက်ခဲ့ရာ ကားလမ်းအဆုံး၊ ရေလမ်းနှင့်ခရီးဆက်ရမည့်နေရာတွင် တာဝန်ကျစစ္စတာရ်ကြီး ဦးဆောင်သော ဘာသာတူများမှ ပွဲထောင် လေးစီးအပြည့်၊ Hearty Welcome ဆိုသော စာတန်းနှင့် တပျော်တပါး လာရောက်စောင့်ကြိုနေကြသည်ကို အမောပြေ



ဖွယ်တွေ့မြင်ခံစားခဲ့ရပေသည်။ ပွဲထောင် စက်လှေဖြင့် နာရီဝက်ခန့် အကြာတွင် နာမည်ကျော် အင်းလေးကန်ထက် အလှပိုသော ရေမြုပ်ကျေးရွာ၊ ဂရက်စ ဘုရားကျောင်းဆိပ်ကမ်းသို့ ဆိုက်ကပ်ချိန်တွင် ကျောင်းထိုင် ဘုန်းတော်ကြီး၊ စစ္စတာရ်၊ ဘရာသာရ်၊ ဘာသာတူများနှင့်အတူ ဘင်ခရာအဖွဲ့မှဦးဆောင်၍ဘုရားကျောင်းသို့ဝင်ရောက် ဝတ်ပြုခဲ့ကြပေသည်။ တောခေါင်၊ ရေရှား ခေါင်ပါးသော အရပ်ဖြစ်သော်လည်း သာသနာပြုများ၏ မဆုတ်မနစ်ကြိုးပမ်းမှုကြောင့် ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၏ လက်ရှိတစ်ခုတည်းသော ဘင်ခရာအဖွဲ့အဖြစ် ဤကျေးရွာလေးမှ ကလေးသူငယ်များက ဦးဆောင်နေပေသည်။ ဤကလေးငယ်များသည် အရိုင်းပန်းလေးများ ဖြစ်ကြသော်လည်း ဥယျာဉ်မှူး၏ ပြုစုပျိုးထောင်မှုအတိုင်း ပွင့်လန်းလာနိုင်သော အနာဂတ်၏ ရတနာလေးများ ပင်ဖြစ်သည်။ နောက်တစ်နေ့ နံနက်မစ္ဆားတရားတွင် ဘုရားကျောင်းအပြည့် ကလေးလူကြီးမကျန် ပါဝင်ဝတ်ပြု ဆုတောင်းခဲ့ကြသည်ကိုလည်း အားရကြည်နူးဖွယ် တွေ့မြင်ခံစားခဲ့ရပေသည်။ ကျေးလက်သဘာဝ မိဘပွဲနေ့အား ဂုဏ်ပြုသော လှေပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ စက်လှေပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများကို ပျော်ရွှင်စွာကျင်းပခဲ့ကြပြီး ညအချိန်ဖျော်ဖြေပွဲအခမ်းအနား၌ ဆုပေးပွဲများကို ထည့်သွင်းကျင်းပ ဂုဏ်ပြုခဲ့ကြပေရာ အောင်နိုင်သူများမှာ ပျော်တပြုံးပြုံးမော်မဆုံး ဖြစ်နေကြသည့်ကိုလည်း ကြည်နူးဖွယ်တွေ့မြင်ရပေသည်။ ဇရာထောင်းလို့ ခန္ဓာညောင်းခဲ့ပေမယ့် **"ကမ္ဘာဆုံးတိုင်"** ဆိုသည့် ဘုရားရှင်၏ လမ်းညွှန်မှုအတိုင်း မေတ္တာစိတ်ထန်၊ သာသနာ့အားမာန် အပြည့်ဖြင့် သက်ဆုံးတိုင်အောင် အညတရကျေးရွာလေး၌ ကလေးသူငယ်များ၏ ဝိညာဉ်ရေး၊ ပညာရေး၊ လူမှုရေး၊ အဘက်ဘက်၌ တိုးတက်နိုင်ရေးအတွက် လက်ကျန်အသက်တာကိုပေးဆပ်နေသော ဇရာပြို ရဟန်းအိုနှင့် ကညာပျို စစ္စတာရ် ဘရာသာရ်၊ ဓမ္မဆရာ၊ ဘာသာသူတို့၏ စွန့်စားအနစ်နာခံမှုများကိုလည်း နှလုံးထက် အက္ခရာတင်ကာ မြို့တော်မဟာရန်ကုန်သို့ ပြန်လည်ခရီးပြုခဲ့တော့သည်။

ဥယျာဉ်မှူးများ လန်းဆန်းကြပြီး အရိုင်းပန်းလေးများလည်း ပွင့်လန်း၊ ရနံ့သင်းနိုင်ပါစေဟု ဆန္ဒပြုရင်း . . . . . . . . . . . .


**ဆရာတော်ဂျွန်စောယောဟန်**
**(ရန်ကုန်ဂိုဏ်းချုပ်သာသနာ)**

*Quote for St. Joseph....*

*The greatest male saint who ever lived, was not a deacon, not a priest, not a bishop, not a pope, not a hermit, not a monk. He was a husband, father, adn a worker.*

*What makes a Christian is not so much the external conditions of his existence as the attitude of his heart. ------- St. Josemaria Escriva*



ခြောက်နှစ်အရွယ်ရှိတဲ့ သင်းကွဲခရစ်ယာန်ကောင်းလေးဟာ၊ သူရဲ့ကက်သလစ် သူငယ်ချင်းတွေ၊ ဂုဏ်ကျေးဇူးတော် ဆုတောင်းစာရွတ်ဆိုတာ၊ မကြာမကြာကြားနေခဲ့တယ်။ သူလည်းရွတ်ချင်လွန်းတာနဲ့၊ အလွတ်ရတဲ့အထိမှတ်ထားပြီး၊ နေ့တိုင်းရွတ်ဆိုပါလေရော။ တစ်နေ့တော့ "ကြည့်ပါအုံး မေမေရယ်၊ ဘယ်လောက်လှလိုက်တဲ့ ဆုတောင်းစာလဲ။" လို့ သူ့အမေကို ပြောလိုက်ပါတယ်။ အမေဖြစ်သူက "နောက်ဘယ်တော့မှ၊ အဲ့သည်အကြောင်း မပြောနဲ့။" လို့ ပြန်ပြောလိုက်တယ်။ "သည်ဆုတောင်းစာဟာ၊ ကက်သလစ်ခရစ်ယာန်တွေရဲ့ တယူသန်တဲ့ ဆုတောင်းစာပါ။ ဆင်းတုတွေ၊ ရုပ်တုတွေ၊ မေရီကို ဘုရားမှတ်ပြီး၊ ကိုးကွယ်နေကြတာတွေ။ တကယ်တော့၊ သူမဟာအမေတို့နဲ့မထူးခြားတဲ့၊ အိမ်ထောင်ရှင်မပါ။ ရော့-သည်ကျမ်းစာကိုယူပြီးဖတ်။ သည်ထဲမှာ၊ တစ်နေ့တာအတွက်နေ့စဉ် ဘာလုပ်ရမလဲဆိုတာတွေ၊ အားလုံးပါတယ်။"အဲ့ဒီနေ့ကစပြီး ကောင်လေးဟာ၊ ကြိုက်လှချည်ရဲ့ဆိုတဲ့၊ ဂုဏ်ကျေးဇူးတော်ဆုတောင်းစာကို မဆိုတော့ဘဲ၊ တစ်နေ့တစ်နေ့ ကျမ်းစာပဲ ဖတ်တော့တာပေါ့။

တစ်နေ့မှာတော့၊ ဧဝံဂေလိကျမ်းစာဖတ်နေတုန်း၊ ကောင်းကင်တမန်က မယ်တော်သခင်မကိုအမိန့်တော်ပြန်တဲ့ကျမ်းချက်ကို တိုက်တိုက်ဆိုင်ဆိုင်၊ ဖတ်မိပါလေရော။ ကလေးပီပီ၊ ဝမ်းသာအားရနဲ့ သူ့မေမေဆီပြေးပြီး၊ "မေမေ၊ မေမေ၊ သားသား ဂုဏ်ကျေးဇူးတော် ဆုတောင်းစာကို၊ ကျမ်းစာထဲမှာရှာတွေ့ပြီ၊ ကျမ်းစာထဲမှာလေ ဂုဏ်ကျေးဇူးနဲ့ပြည့်စုံတဲ့မာရီးယား၊ ဘုရားရှင်သင်နဲ့ရှိပါစေ။ မိန်းမတကာတွေထက်၊ သင်ဟာမြတ်သော မင်္ဂလာရှိတယ်။" လို့ပြောထားတယ်လေ မေမေ။ ဘာဖြစ်လို့များ၊ တယူသန်တယ်လို့ မေမေပြောတာလဲဟင်။



ကျမ်းစာကို ဆက်ဖတ်လိုက်တော့၊ အဲလစ်ဇဘက်က၊ မယ်တော့်ကိုနှုတ်ဆက်တဲ့၊ အကြောင်းအရာကိုဖတ်မိပြန်ရော။ ပြီးတော့၊ မယ်တော်ရဲ့"မာညီဖီကက် ဆုတောင်းစာထဲမှာ၊ ကာလအစဉ်အဆက်ငါ့ကိုမင်္ဂလာရှိသောသူလို့ ခေါ်ကြလိမ့်မယ်။" စတဲ့ဆုတောင်းတွေကိုဖတ် လိုက်ပြန်ပါတော့တယ်။ ခုတစ်ခေါက်တော့ ကောင်လေးဟာ၊ သူ့မေမေကိုမမေးတော့ဘဲ၊ ဂုဏ်ကျေးဇူးတော် ဆုတောင်းစာကို၊ အရင်အတိုင်း၊ နေ့စဉ်ပြန်ရွတ်ဆို နေပါတော့တယ်။ ကယ်တင်ရှင်ရဲ့ မယ်တော့်ကို၊ ခုလိုမင်္ဂလာရှိရှိနှုတ်ခွန်းဆက်ရတာကို၊ သူပျော်နေတယ်။

သူ့အသက်(၁၄)နှစ်ပြည့်ပြီးတဲ့တစ်နေ့။ လူတိုင်းကပြောတယ်၊ အမိမယ်တော်ဟာ၊ ရိုးရိုးသာမန်အမျိုးသမီးတွေလိုပါပဲ၊ လို့သူ့မိသားစုထဲမှာ၊ မယ်တော်နဲ့ပတ်သက်တဲ့၊ အကြောင်းအရာတွေ၊ ဆွေးနွေးပြော

ဆိုနေသံကြားလိုက်ရပါတယ်။ အလွဲလွဲ၊ အချော်ချော်တွေနဲ့ ထင်ကြေးတွေ ပေးကောင်းနေဒါကို၊ ကြားလိုက်တဲ့ကောင်လေးက၊ မနေသာတော့တဲ့နောက် "အမိမယ်တော်ဟာ၊ အပြစ်စွန်းထင်းခဲ့တဲ့၊ အာဒမ်ရဲ့ သားသမီးတွေနဲ့မတူဘူး။ တကယ်မတူတာပါ။ ကောင်းကင်တမန်တောင်မှ သူ့ကို ကျေးဇူးတော်နဲ့ပြည့်ဝတဲ့ အမျိုးသမီးတွေထဲမှာ၊ မင်္ဂလာရှိတဲ့သူလို့ ဂုဏ်ဖော်ချီးမွမ်းနှုတ်ခွန်းဆက်ခဲ့တယ်။ မယ်တော်ဟာ၊ ယေဇူးခရစ်တော်ရဲ့ မယ်တော်ဖြစ်တယ်။ ဆိုတော့၊ ဘုရားရဲ့မယ်တော်ပေါ့။ ဒီဂုဏ်တော်ထက်၊ မြတ်တဲ့ဂုဏ်တော်ကို ဘယ်ဖန်ဆင်းခံသတ္တဝါမှ ပေးအပ်မြှောက်စားမခံခဲ့ရပါဘူး။ ဧဝံဂေလိကျမ်းစာထဲမှာ သူ့ကိုလူမျိုးတကာက မင်္ဂလာရှိတဲ့သူလို့ခေါ်တွင်မယ့်အကြောင်း၊သင်တို့ဟာသူ့ကို ဝေဖန်ပြစ်တင်ကြမယ့်အကြောင်း နှုတ်တော်ထွက် စကားတော် ရှိနှင့်ပြီးသား ဖြစ်ပါတယ်။ သင်တို့ရဲ့ စိတ်နေသဘောထားဟာ၊ဧဝံဂေလိကျမ်းစာထဲက စိတ်နေစိတ်ထားနဲ့ ဒါမှမဟုတ်ရင်၊ ကျမ်းစာတော်မြတ်နဲ့အညီ၊ သင်တို့ကြွေးကြော်ဟောပြောနေတဲ့၊ ခရစ်ယာန်ဘာသာတရားရဲ့ အခြေခံအုတ်မြစ်နဲ့ လားလားမှ မဆိုင်ဘူးလို့ ဝင်ထောက်လိုက်ပါတော့တယ်။

အမေဖြစ်သူဟာ သားတော်မောင်ရဲ့ ထိမိနက်ရှိုင်းတဲ့အပြောအဆိုကိုကြားလိုက်ရတော့- "ဘုရားရေ ကျွန်မသားလေးတော့၊ ကြီးလာရင် ရဟန်းမင်းကြီးရဲ့ဘာသာဖြစ်တဲ့၊ ကက်သလစ်ဘာသာဖြစ်သွားမှာ၊ အစိုးရိမ်ဆုံးပဲ။" လို့မခံချိမခံသာနဲ့ တဗျစ်တောက်တောက်၊ ရေရွတ်လိုက်ပါတယ်။ အမေဖြစ်သူကြိုတွေးခဲ့မိသလို၊ သိပ်မကြာခင်မှာပဲ၊ အဲသည်ကောင်လေးက၊ မိမိလက်ရှိသက်ဝင်ယုံကြည်နေတဲ့ ဘာသာရေးသွန်သင်ချက်တွေ၊ ပြီးတော့ ကက်သလစ်အသင်းတော်ရဲ့ ဘာသာရေးသွန်သင်ချက်တွေကို၊ ကျကျနန၊ လေ့လာခဲ့ပါတော့တယ်။ အဲဒီလိုလေ့လာလိုက်တော့၊ ကက်သလစ်အသင်းတော်ဟာ၊ အမှန်ကန်ဆုံးအသင်းတော်ဖြစ်တာကို သိလိုက်ရတော့တယ်။ နောက်ဆုံးတော့၊ ကောင်းလေးဟာ၊ ကက်သလစ်ဘာသာဝင်တစ်ဦးအဖြစ်ခံယူခဲ့ပြီး၊ အသင်းတော်အတွင်း၊ အရမ်းတက်ကြွလှုပ်ရှားတဲ့၊ အသင်းသားတစ်ဦးဖြစ်လာပါတော့တယ်။

သူဘာသာပြောင်းပြီး မကြာခင်မှာပဲ၊ အိမ်ထောင်သည်အစ်မနဲ့ဆုံဖြစ်တယ်။ အစ်မဖြစ်သူကလည်း၊ သူ့ရဲ့လုပ်ရပ်အပေါ်၊ နားမခံသာတဲ့ လေသေနတ်နဲ့ ပစ်ပါလေရော။ "မောင်လေး၊ မမရဲ့သားတွေကို၊ မမ ဘယ်လောက်ချစ်ပြီး၊ အလိုလိုက်သလဲ၊ မင်းအသိဆုံးဘဲ။ ဒီလောက်ချစ်တယ်ဆိုပေမယ့်၊ သူတို့ထဲက တစ်ယောက်ယောက်ဟာ၊ ရဟန်းမင်းကြီးရဲ့ ဘာသာဖြစ်တဲ့၊ ကက်သလစ် ဖြစ်သွားရင်တော့လား၊ အစိပ်စိပ် အမွှာမွှာ၊ စွဲဆုတ် ပစ်လိုက်မယ်။"လို့မြိန်ရည်ရှက်ရည် ပြောသွားလေရဲ့။ အစ်မဖြစ်သူရဲ့ ဒေါသ မီးတောက်ဟာ သံပေါလ်လုရဲ့ နောင်တရ အကျင့်မပြောင်းလဲခင်က အတိုင်းပဲလို့ ခိုင်းနှိုင်းလို့ရပါတယ်။ ဒါပေမယ့်သူမရဲ့ခံစားချက်၊ သဘောထားတွေဟာ၊ ဒမားစကပ်(စ်)မြို့အသွားမှာ အကျင့်ပြောင်းလဲ ခဲ့တဲ့၊ သံပေါလုလို၊ ပြောင်းလဲကောင်းပြောင်း



လဲလာကောင်းပါရဲ့။ ဒီလိုနဲ့တစ်နေ့။ သူ့အစ်မရဲ့သားတစ်ယောက်အသည်းအသန်နေထိုင်မကောင်းဖြစ်လေရော။ လူနာရဲ့အခြေအနေနဲ့ပတ်သက်လို့ ဆရာဝန်တွေကမျှော်လင့်ချက်မရှိတော့ဘူးဆိုလာလို့လက်လျှော့လိုက်ကြပြီ။ ဒီချိန်မှာ မောင်လေးဖြစ်သူကသူ့အစ်မ အနား၊ အသာအယာလေး ချဉ်းကပ်သွားပြီး၊ "မမရေ မမရဲ့သားလေး၊ ကျန်းမာလာစေချင်တာတော့ အသေအချာဘဲ မဟုတ်လား။ ကောင်းပြီ၊ ကျွန်တော်လုပ်ခိုင်းတဲ့အတိုင်းလုပ်ပါ။ ကျွန်တော်ဆုတောင်းစာရွတ်သလို၊ နောက်ကလိုက်ရွတ်ပါ။ ဂုဏ်ကျေးဇူးတော် ဆုတောင်းစာကို တစ်ကြိမ်ရွတ်


ဆိုကြမယ်။ ပြီးတော့၊ မမရဲ့သား ပြန်လည်ကျန်းမာလာရင် ကက်သလစ်သာသနာရဲ့ သွန်သင်ချက်တွေအားလုံးကိုလည်း လေ့လာပါ့မယ်၊ ကက်သလစ်အသင်းတော်နဲ့ အသင်းတော်ရဲ့သွန်သင်ချက်တွေဟာ၊ အမှန်ကန်ဆုံးဘဲ၊ ဒါကြောင့်ဘယ်လို စိန်ခေါ်မှုရှိရှိ၊ ကက်သလစ်အသင်းတော်ကိုပဲ၊ ပွေ့ပိုက်လက်ခံယူပါ့မယ်လို့ဂတိပေးပါ။”လို့ကြင်ကြင်နာနာနဲ့ သူ့အစ်မကိုနား ချလိုက်ပါတယ်။

အစမှာတော့ အစ်မဖြစ်သူဟာ အလိုတူဖို့ ခက်ခဲနေရှာတယ်။ သားကိုချစ်တဲ့ဇောနဲ့ နောက်ဆုံးတော့၊ မောင်ဖြစ်သူရဲ့ဖြောင်းဖျတာကို လက်ခံလိုက်တယ်။ ပြီးတော့ ဂုဏ်ကျေးဇူးတော်ဆုတောင်းစာကို၊ မောင်ဖြစ်သူက တိုင်ပေးပြီး၊ အစ်မဖြစ်သူက နောက်က လိုက်ဆိုပါတော့တယ်။ နောက်နေ့မှာ အစ်မဖြစ်သူရဲ့ သားလေးဟာ ကျန်းမာရေး လုံးဝကြီးပြန်လည်ကောင်းမွန် လာပါတော့တယ်။ သားလေး ပြန်လည်နေကောင်းလာတော့၊ မိခင်ဖြစ်သူက၊ ပေးထားတဲ့ဂတိအတိုင်း၊ ကက်သလစ်အသင်းတော်ရဲ့သွန်သင်လမ်းညွှန်ချက်တွေကို၊ စတင်လေ့လာပါတော့တယ်။ လေ့လာမှုပြုပြီး အတန်ကြာတော့၊ သူနဲ့သူ့မိသားစုတစ်စုလုံး၊ ဆေးကြောခြင်း မင်္ဂလာတော်ကို၊ ခံယူခဲ့ပါတော့တယ်။ သူ့မရဲ့မောင်ကိုလဲ၊ အခုလိုပြောပြပေးတဲ့အတွက်၊ ကျေးဇူးတင်မဆုံး ဖြစ်နေရပါတော့တယ်။

ဒီအကြောင်းအရာ အဖြစ်ပျက်တွေကို၊ ပြန်ပြောင်းပြောပြသူကတော့၊ ဘုန်းတော်ကြီး (Francis Tuckwell) ဖြစ်ပါတယ်။ ညီအစ်ကို၊ မောင်နှမအပေါင်းတို့ ကက်သလစ်ဖြစ်လာခဲ့ပြီး၊ အစ်မဖြစ်သူကိုလဲ ဘာသာထဲရောက်အောင်၊ ပြီးတော့မိမိဘဝကိုရက်ရက်ရောရော၊ ပေးဆက်လှုပ်ရှားခဲ့တဲ့ကောင်လေးက၊ ဘယ်သူဖြစ်လေမလဲ လို့ထင်ပါသလဲ။ အဲဒီလူကတော့ တခြားလူမဟုတ်ပါဘူး။ ခုစကားပြောနေတဲ့ ဘုန်းတော်ကြီးပဲဖြစ်ပါတယ်။ အခုကျွန်တော်ဖြစ်နေတဲ့ ဘဝဟာ မယ်တော်သခင်မက ပေးထားတာပါ။ ဒါကြောင့်ကျွန်တော်ဟာ မယ်တော့်ကို ကျေးဇူးကြွေးတင်တယ်။ ညီအစ်ကို၊မောင်နှမအပေါင်းတို့ သင်တို့လည်း မိမိတို့ဘဝကို၊ အမိမယ်တော်ထံ၊ လုံးဝဥဿုံ ဆက်ကပ်အပ်နှံထားလိုက်ပါ။



ဂုဏ်ကျေးဇူးတော် ဆုတောင်းစာနဲ့ စိပ်ပုတီးကို၊ မရွတ်၊မဆိုဘဲ၊ တစ်နေ့တာကို ဘယ်တော့မှ မကုန်ဆုံးစေပါနဲ့။ ပီတာဆိုတဲ့ ကျောက်ပေါ်မှာ၊ တည်ထားခဲ့တဲ့ စစ်မှန်တဲ့ အသင်းတော်ကနေ ခွဲထွက်သွားခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ သင်းကွဲညီအစ်ကိုတွေကို အမြင်မှန် ပြန်ရဖို့အရေး၊ ဆုတောင်းပေးကြပါ။ ကျွန်တော်တို့ရဲ့အသင်းတော်ကြီးဟာ၊ ငရဲတံခါးမအောင်နိုင်တဲ့ အသင်းတော်ကြီး ဖြစ်ပါတယ်။



မှတ်ချက်။ ။ ဤဆောင်းပါးကို နှစ်သက်မိ၍ဘာသာပြန်ဆိုလိုက်ရပါသည်။ တိုက်ခိုက် ထိုးနက်ရန် ဟူသော စိတ်ပုတ်၊ စိတ်ယုတ်၊ စိုးစဉ်းမျှ မရှိကြောင်းကိုလည်း၊ မှန်သောစကားကိုဆိုပါသည်။ ဝေမျှရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ၊ ဖတ်ရှုပြီးနောက် အကျိုးအကြောင်း စဉ်းစားဆင်ခြင်ရန်သာ။ လက်ခံ၏၊ လက်မခံ၏ ဆိုသည်မှာ မိမိ၏ဘာသာရေး ခံယူချက်အပေါ်၌သာ တည်မှီနေပေမည်။

**ကျေးဇူးအထူးတင်လျှက်**

**ကိုပိုက်(မြန်မာစာ)**



# ဧဒင် ... ဘဝ .....

နေခြည်ဖြာ နံနက်ခင်း ...
ပန်းပေါင်းရဲ့ ရနံ့သင်းလို့ ...
လေညင်းရယ် သယ်ဆောင်ဖြန့်ကြဲ ...
မွှေးပျံ့နေမြဲ ...

ကျေးငှက်သံ စီစီညံ ...
ရှုမငြီး တောင်စွယ်တန်းက ...
ချစ်စရာ တောကောင်လေးများ ...
ခုန်ပေါက်ပျော်ပါး ...

စမ်းချောင်းရေ သွင်သွင်စီး ...
မိုးအလဲ့မှာ ကြည်လွှလွှ ...
အေးမြမြ ရေပြင်ထဲမှာ ...
ငါးကလေးတွေ ကူးခတ်ကစား ...

ဘဝသုံး နန်းဥယျာဉ် ...
စွဲမက်ဖွယ် ဘဝတရား ...
ပြီးပြည့်ရဲ့ ရဂုံနန်း .....
ဘုရားမြတ် လက်ရာ ...

ဂိဗ်ယာဝင် ပုံပြင်လေး ...
မရိုးနိုင် ရင်မှာစွဲ ....
နားဝင်ချို မေ့စကား ....
ဧဒင်ရယ်... လှနေဆဲလား ...

(လောက အနိဋ္ဌါရုံလွှမ်းမိုး အနိုင်ယူတဲ့ ခေတ်ကြီးမှာ ဧဒင်ရဲ့အလှကို မေ့သွားသလိုလို ...။ ဧဒင်ရဲ့ အလှက မှုံဝါးဝါး ဖြစ်လာသလိုလို ...။ ရဟန်း၊ သူတော်စင်များရဲ့ ဘဝတွေလဲ ... ဧဒင်ရယ်... လှနေဆဲလား... ဆိုသလို ...)

ရှားမာန် ...




လောကမှာ အလှဆုံးက စိတ်ထားပါ။ တချိန်တုန်းက လူတွေဟာ စိတ်ထားကောင်းသူတွေ၊ စိတ်ရင်းကောင်းသူတွေကိုမြတ်နိုးခဲ့ကြတယ်။ ရင်းနှီးချင်ကြတယ်။ အဲဒါက တချိန်တုန်းကမှန်ပြီး၊ အခုက မမှန်တော့သလိုဖြစ်နေတာတွေရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ စိတ်ထားကောင်းသူထက်၊ အခြေအနေကောင်းသူကိုပဲ ပေါင်းသင်းချင်ကြတယ်။ ရင်းနှီးချင်ကြတယ်။ မိတ်ဆွေဖွဲ့ချင်ကြတယ်။ လက်ရှိအနေအရ လူချစ်လူခင်များချင်ရင် အနေထားသုံးခုမှာ တခုခုကို ပိုင်ဆိုင်ထားရမလိုဖြစ်နေပါတယ်။ အဲဒါတွေက ပိုက်ဆံ၊ ရာထူး၊ ဂုဏ်သိက္ခာ (Social Status) တွေပဲဖြစ်ပါထယ်။ အဲဒီတခုခုကို ပိုင်ဆိုင်ထားသူရဲ့ဝန်းကျင်မှာ လူတွေဝိုင်းဝိုင်းလည်နေတတ်ကြပါတယ်။ အဲဒီအမှန်တရားကတော့ စိတ်ထားကောင်းသူတွေထက်၊ အနေထားကောင်းသူတွေထံမှာ ရနိုင်စရာရှိလို့ပါပဲ။ ရနိုင်စရာမရှိရင် ဘယ်သူက ဘယ်သူ့ကိုမှ မပေါင်းသင်းချင်ကြပါဘူး။

အရာရာပြည့်စုံကြွယ်ဝနေပေမဲ့ စိတ်ထားမကောင်းသူတွေရဲ့ဘဝဟာလဲအမြဲတန်းမကောင်းနိုင်ပါဘူး၊ စိတ်ထားကောင်းသူတွေဟာ မိမိအတွက်ရော၊ သူတစ်ပါးအတွက်ပါ ကောင်းတာကိုပဲဖြစ်စေချင်တယ်။ စိတ်ထားမကောင်းသူတွေဟာ ကိုယ့်မှာတော့ အကောင်းဖြစ်စေချင်ပြီး၊ တပါးသူတွေမှာတော့ မကောင်းတာဖြစ်စေချင်ပါတယ်။ စိတ်ထားကောင်းသူမှာ ကြိုက်သူ၊ မကြိုက်သူဆိုပြီးခွဲခြား ဆက်ဆံခြင်းမရှိပါဘူး။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် မျှော်လင့်ခြင်း မတူသလို၊ ရယူခြင်းလည်း မတူတော့ပါဘူး။ မိမိအားသူတစ်ပါးပြုလုပ်လိုသောအရာကို၊ သူတစ်ပါးအားပြုပါလို့ သခင်ခရစ်တော်ကပြောပါတယ်။ ဒါဆိုရင် သူတစ်ပါး၌မိမိဖြစ်စေလိုသောအရာဟာ မိမိ၌ဖြစ်မယ်ဆိုတာ မပြောပြဘဲသိနိုင်ပါတယ်။ ဒါကို ပုံဥပမာလေးနဲ့ ပြောပြချင်ပါတယ်။

တစ်ခါက ကိုလမင်းဆိုတဲ့ လယ်သမားတစ်ယောက်ရှိခဲ့ဘူးထယ်။ သူဟာ အင်မတန်သနားတက်သူပါ။ ရွာမှာ နေမကောင်းသူရှိရင်၊ သူ့မြင်းလှည်းနဲ့ခေါ် သွားပြီး၊ ဆေးခန်းပြပေးတယ်၊ အိမ်အရောက်လည်း ပြန်ပို့ပေးတယ်။ အကူညီတောင်းပြီး ရောက်လာသူကို၊ ဗလာလက်ချည်းပြန်ပို့လေ့မရှိပါဘူး။ သူရဲ့စိတ်ကောင်းနှလုံးကောင်းရှိခြင်းကြောင့်၊ လယ်ယာသီးနှံတွေလည်း အထွက်နှုန်းကောင်းခဲ့ပါတယ်။ ဒါကိုမြင်တဲ့ကိုနေမင်းဟာ မနာလိုဝန်တိုဖြစ်ခဲ့ပါတယ်။ ကိုနေမင်းဟာ အလွန်ပျင်းရိပြီး၊ အလုပ်မကြိုးစားဘဲ အောင်မြင်ချင်နေသူ၊ အလုပ်မလုပ်ဘဲ ချမ်းသာချင်သူဖြစ်ပါတယ်။ ဒါကြောင့် သူဟာဆင်းရဲသည်ထက် ဆင်းရဲနေပါတယ်။ တိုးတက် အောင်မြင်နေသူ ကိုလမင်းကိုလည်းမနာလိုဖြစ်ပြီး၊ မကောင်းကြံပါတော့တယ်။

တစ်ညတော့ ရွာသူရွာသားများ အိပ်ပျော်နေတဲ့အချိန်လေးမှာ၊ ကိုနေမင်းက ကိုလမင်းရဲ့လယ်ကို မီးရှို့လိုက်ပါတယ်။ ဒါကိုသိသွားတဲ့ရွာသားတွေက ကိုလမင်းအိမ်ကိုတံခါးခေါက်ပြီး လာရောက်နိုးချိန်မှာတော့၊ လယ်ယာသီးနှံ ထက်ဝက်ကျော် လောင်ကျွမ်းသွားပါပြီ။ ရွာသားတွေနဲ့အလုပ်သမားတွေ ဝိုင်းပြီး

မီးငြိမ်းသတ်ပြီးချိန်မှာတော့၊ လေးပုံတစ်ပုံသာ ကျန်ပါတော့တယ်။ ဒီလိုလုပ်တဲ့သူကို ခန့်မှန်းကြည့်တဲ့အခါ၊ ကိုနေမင်းရဲ့လယ်ဘက်က စလောင်တာဖြစ်တဲ့အတွက်၊ ကိုနေမင်းရဲ့လက်ချက်ပဲဖြစ်ရမယ်လို့ ကိုလမင်းတွေးမိခဲ့ပါတယ်။ ဒါမေမယ့် စွတ်စွဲပြောဆိုခြင်းမပြုခဲ့ပါဘူး။ အဲ့ဒီလိုဖြစ်ပြီး နှစ်လအကြာမှာ၊ ကိုနေမင်းအိမ်မှ ငိုကြွေးသံတွေကြားလိုက်ရလို့ ကိုလမင်းဟာ သွားပြီးပြေးကြည့်ခဲ့ပါတယ်။ ကိုနေမင်းရဲ့သား မနာမကျန်းဖြစ်လို့သေလုမျောပါးဖြစ်နေတာကိုတွေ့ပြီး၊ ခါတိုင်းလိုပဲမြင်းလှည်းပေါ်တင်ကာ ဆေးရုံခေါ်သွားပေးခဲ့ပါတယ်။ သားလေးလည်း အသက်ပြန်ရှင်လာပါတယ်။ ဒီလို ကိုလမင်းရဲ့မေတ္တာမပျက်တဲ့ လုပ်ရပ်ကိုကြည့်ပြီး၊ ကိုနေမင်းဟာနောင်တရ၊ ငိုကြွေးကာ တောင်းပန်ခဲ့ပါတယ်။ သူတို့တွေလည်း အိမ်နီးနားချင်းကောင်းအဖြစ် ဆက်လက်နေ ထိုင်ခဲ့ကြပါတယ်။

ဤဖြစ်ရပ်မှာ မိမိအပေါ် မနာလိုဝန်တို၊ မကောင်းကြံပြီး၊ ထိခိုက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသော်လည်း ကိုနေမင်းရဲ့မိသားစုအပေါ် ထားရှိတဲ့ မပြောင်းလဲတဲ့မေတ္တာနဲ့ချစ်ခြင်းကိုပြပြီး ကူညီခဲ့တဲ့ကိုလမင်းရဲ့ လုပ်ရပ်ကိုကြည့်ရင် အားရစရာကောင်းပြီး၊ အတုယူစရာလည်းကောင်းပါထယ်။

သခင်ခရစ်တော်ရဲ့ ဘဝတစ်လျှောက်ကို ပြန်ကြည့်လျှင်လည်း၊ တစ်ကြိမ်တစ်ခါမှ သူတစ်ပါးအပေါ် မနာလို၊ ဝန်တိုခဲ့ခြင်းမရှိခဲ့ပါဘူး။ သူ့အပေါ် မကောင်းကြံကာ၊ လုပ်ကြံဖို့ဖာရိရှဲနှင့် ဇာတုကဲတို့က ကြိုးစားခဲ့ကြသော်လည်း၊ သူတို့ရဲ့အလယ်မှာ ကောင်းမှုများပြုလုပ်ရန် မနှောင့်နှေးခဲ့ပါဘူး။ နာမကျန်းသူများကို ကုသမှုပေးခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် သခင်ခရစ်တော်ဟာ မကောင်းမှုကိုမပြုတက်ဘဲ၊ ကောင်းမှုကိုသာ ပြုတက်သူဖြစ်ကြောင်း သိရပါထယ်။

တစ်ခါက ဂေါတမဟာ ချောင်းကမ်းနားဘေးမှာ သူရဲ့တပည့်တော်တွေနဲ့ လမ်းလျှောက်နေခဲ့ပါတယ်။ အဲဒီအချိန်မှာ ကင်းမြီးကောက် တစ်ကောင်ဟာ ချောင်းရေထဲမျှောပါနေပြီး၊ ကမ်းမကပ်နိုင်ဖြစ်နေခဲ့ပါတယ်။ ဒါကိုမြင်တဲ့ ဂေါတမဟာ ကင်းမြီးကောက်ကို လက်နဲ့ဆယ်ပါတယ်။ အဲဒီအချိန်မှာ ကင်မြီးကောက်ကကြောက်ပြီး အစွယ်နဲ့လက်ကို တုပ်လိုက်ပါတယ်။ ဗုဒ္ဓလည်းနာလို့ကင်းမြီးကောက်ကို ရေထဲလွှတ်ချလိုက်ပါတယ်။ နောက်တစ်ကြိမ်ဆယ်ဖို့ ကြိုးစားခဲ့တယ်၊ အတုပ်ခံရလို့ပြန်လွှတ်ချလိုက်တယ်။ တတိယအကြိမ်လည်း ဒီလိုပဲ ပြုလုပ်တာကိုတွေ့တော့၊ ဗုဒ္ဓရဲ့တပည့်တော် တစ်ပါးက "အရှင်ဘုရားကို ကင်းမြီးကောက်တုပ်မှန်းသိလျက်နှင့်အဘယ့်ကြောင့် အကြိမ်ကြိမ်ကယ်ဖို့ကြိုးစားနေရပါသနည်း။" လို့မေးတော့၊ ဗုဒ္ဓက "မိမိကိုယ်ကို ကာကွယ်ရန်အခြားသူကို အစွယ်နှင့်ထိုးခြင်းဟာ ကင်မြီးကောက်ရဲ့ပင်ကိုယ်စိတ်ရင်းပါ၊ အဲဒီလိုပဲ သူတစ်ပါးအားဘယ်နည်းနဲ့ပဲ ဖြစ်ဖြစ်ကူညီရမယ်ဆိုတာ ငါ့ရဲ့ပင်ကိုယ်စိတ်ရင်းပါ။" လို့ပြန်ဖြေလိုက်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကောင်းမှုပြုရာ၌ စိတ်အားထက်သန်သူများ ဖြစ်ရမယ်လို့ သိနားလည်လိုက်ရပါတယ်။

ခရစ်တော်သခင်လို၊ ဗုဒ္ဓလို၊ အထက်ကဖော်ပြခဲ့တဲ့ လယ်သမားကြီးလို ပင်ကိုယ်စိတ်ရင်းကောင်းရှိဖို့ရန်အတွက်၊ မိမိရဲ့စိတ်ထားကို အမြဲပြုပြင်နေရမှာဖြစ်ပါတယ်။ လူ့ဘဝမှာ စိတ်နေစိတ်ထားကသာ အရေးအကြီးဆုံးလို့နားလည်သူတွေ နည်းပါးပါတယ်။ တချို့ကတော့ **အရည်အချင်းက** အရေးအပါဆုံးလို့ပြောတတ်ကြတယ်။ အချို့တွက်က **အသိဉာဏ်က** အရေးအပါဆုံးလို့ပြောပြီး၊ အချို့ကတော့ **အလုပ်ကျိုးစားမှုက** အရေးအပါဆုံးလို့ ပြောတက်ကြပါတယ်။ တကယ်တော့ဒါတွေအားလုံးထက် **စိတ်နေစိတ်ထားက**သာ အရေးအပါဆုံးဖြစ်တာကို ပညာရှင်များက လေ့လာသုံးသပ် ထားပါတယ်။ ဒါကို သင်္ချာနည်းနဲ့ ပြန်လည်ဝေမျှတွက်ပြပါမယ်။ A ကနေ Z အထိကို 1 ကနေ 26 ထိ အမှတ်စဉ်အတိုင်း မှတ်လိုက်ပါ။ ပြီးရင် အရည်အချင်း၊ အသိဉာဏ်၊ အလုပ်ကြိုးစားခြင်း၊ စိတ်နေသဘောထားတို့ကို စာလုံးတစ်လုံးစီရဲ့တန်ဖိုးနဲ့ဖြည့်ကြည့်လိုက်ပါ။

အရေးအပါဆုံးဟာ ဘယ်အရာလဲဆိုတာ ထွက်ပေါ်လာပါလိမ့်မယ်။ အခုလက်တွေ့ဖြည့်ကြည့်ကြပါစို့။

| A | B | C | D | E | F | G | H | I | J | K | L | M |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 |

| N | O | P | Q | R | S | T | U | V | W | X | Y | Z |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 14 | 15 | 16 | 17 | 18 | 19 | 20 | 21 | 22 | 23 | 24 | 25 | 26 |

S+K+I+L+L = 19+11+9+12+12+19 = 82

K+N+O+W+L+E+D+G+E = 11+14+15+23+12+5+4+7+5 = 96

H+A+R+D+W+O+R+K = 8+1+12+4+23+15+18+11 = 98

A+T+T+I+T+U+D+E = 1+20+20+9+20+21+4+5 = 100

အထက်ပါ အက္ခရာစဉ်အညွှန်းအတိုင်း တွက်ချက်လေ့လာကြည့်မယ်ဆိုရင် လူ့ဘဝမှာ(၁၀၀ )ရာခိုင်နှုန်းအထိအရေးပါတဲ့ အရာဟာ၊ စိတ်နေစိတ်ထား (Attitude) ပါပဲဆိုတာ အဖြေထွက်ထားတဲ့အတိုင်းပါပဲ။ အဲဒါကလွဲပြီး ကျန်တဲ့အရာတွေမဖြစ်နိုင်ပါဘူး။ လေ့လာကြည့်မယ်ဆိုရင်လည်း မိမိကိုယ်တိုင်ကြိုက်နှစ်သက်တဲ့ စကားလုံးကို သူ့တန်ဖိုးနဲ့အညီ ဖြည့်ကြည့်လို့ရပါတယ်။ စိတ်ဓာတ်မြင့်မှ ဘဝတင့်မှာပါ။ ဒါကြောင့်စိတ်နေစိတ်ထား ကောင်းသူများဖြစ်အောင် ကြိုးစားနေထိုင်ကြရအောင်။ မြင့်မြတ်သော စိတ်ထားပိုင်ရှင်မြတ်စွာဘုရား သခင်ခရစ်တော်အရှင်ရဲ့ ချစ်သား၊ ချစ်သမီးများအဖြစ်၊ စိတ်ထားမြတ်စွာကျင့်ကြံ နေထိုင်ကြသွားပါစို့။


**J သွေး** (O.S.M)

## အောက်တိုဘာလ ၂၀၁၉၊ အထူးသာသနာပြုလအတွက် ဆုတောင်းမေတ္တာ

ကောင်းကင်ဘုံရှင် အဖဘုရားသခင် ကိုယ်တော်ရှင်၏ တစ်ပါးတည်းသောသားတော် ယေဇူးခရစ်တော်သခင်သည် သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက် မိမိနောက်တော်သို့လိုက်သူများအား“သွား၍ လူမျိုးတကာတို့အားတပည့်တော်များဖြစ်စေကြလော့။”ဟု မိန့်မှာတော်မူ ခဲ့ပေသည်။ ဆေးကြောမင်္ဂလာအားဖြင့် ကျွန်ုပ်တို့သည် အသင်းတော်၏ သာသနာပြုလုပ်ငန်းတွင် မျှဝေဆောင်ရွက်သူများဖြစ်လာကြောင်းကိုလည်း သတိရစေပါသည်။

သတင်းကောင်းကိုဟောပြောသက်သေခံရာ၌ ရဲဝံ့၍ထက်သန်သောစိတ်ရှိကြရန် ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ကျေးဇူးတော်များနှင့် အားဖြည့်ပေးတော်မူပါ။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်တာဝန်အပ်နှင်းထားသော အသင်းတော်ကြီး၏ ပြီးမြောက်ရန်များစွာလိုသေးသည့် သာသနာပြုလုပ်ငန်းတွင် သစ်လွင်ထိရောက်ပီပြင်သည့် ဘဝသက်သေပုံစံများဖြင့် ပါဝင်လုပ်ဆောင်ရင်း လောကကမ္ဘာထံ အသက်နှင့်အလင်းကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။

ယေဇူးခရစ်တော်သခင်၏ ကယ်တင်ခြင်းမေတ္တာနှင့်ကရုဏာတော်ကို လူသားအားလုံးတွေ့ကြုံခံစားနိုင်ရေးအတွက် ကျွန်ုပ်တို့လုပ်ဆောင်နိုင်ကြရန် ကူမတော်မူပါမည့်အကြောင်း တစ်ဆူတည်းသော ဘုရားဖြစ်တော်မူလျက်ကိုယ်တော်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်နှင့်တပေါင်းတစည်းတည်း ကာလအဆက်ဆက်အသက်ရှင်၍ စိုးစံတော်မူသော ယေဇူးခရစ်တော်ဘုရားရှင်ကိုအမှီပြု၍ တောင်းလျှောက်ကြပါသည် ဘုရား။ အာမင်။



## Padre Alfredo Cremonesi (1902-1953)

"ကျွန်တော်တို့ တတွေ တိတ်တဆိတ်ပုန်းအောင်းနေရတာ ခြောက်နှစ်တောင်ရှိခဲ့လေပြီ။ စစ်ပွဲကြီး ကလည်း မပြီးဆုံးနိုင်။ ကြမ်းလိုက်တဲ့ဘဝ။ ပြောပြဖို့တောင် စကားမရှိတော့။ ကိုလိုနီအင်္ဂလိပ်တွေက ရသမျှအကုန်ယူသွားကြပြီ။ စစ်ပွဲတွေနဲ့ဆင်းရဲခြင်းတွေသာထားခဲ့တာလေ။ အခုဂျပန်တွေ ရောက်လာပြန်ပြီ။ ကျွန်တော်တို့တွေ တောထဲကိုပြေးရပြန်ပြီပေါ့။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပြေးရတာ ဘာကိုမှ ယူသွားလို့ မရလိုက်။ အသက်မသေဖို့က ပိုအရေးကြီးတာကိုး။

အဲဒီအချိန်တွေမှာ ချက်စရာဆီတစက်မရှိ၊ စားစရာဆန်က မလောက်ငှ၊ ပေါင်မုန့်ဆိုတာကတော့ အိမ်မက်ထဲတောင် ထည့်မမက်နိုင်။ ဆားကလည်း ရှာဝယ်လို့မရ။ အဝတ်မရှိလို့ ဂုံနီအိပ်တွေကိုဖောက်ပြီး ဝတ်ခဲ့ရတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ပြက်တောက်။ လဲလှယ်ရောင်းချဖို့ကလည်း နေရာမရှိ၊ ဈေးတွေကပိတ်၊ ဒုက္ခအတိ ဖြစ်ခဲ့ရတဲ့ဘဝ။ ရေသောက်ဗိုက်မှောက်ပြီး နေခဲ့ရတဲ့နေ့တွေကလည်း မနည်းလှ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ကရုဏာတော်ကြောင့် ကျွန်တော်နဲ့ ကျွန်တော့် ဘာသာသူတွေ အသက်မသေဘဲ ရှာပြန်နိုင်ခဲ့ကြတယ်လေ။" **(၁၉၄၆ ခုနှစ်၊ ဖေဖဝါရီ လ ၂၀ ရက်)**


၂၀၁၉ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် ရဟန်းမင်းကြီးဖရန်စစ်သည် အသင်းတော်အတွက်၊ ယုံကြည်ခြင်းအတွက် ဘဝနှင့်အသက်ပေးခဲ့သော ဘုန်းတော်ကြီး (Padre Alfredo Cremonesi) ကို သူတော်စဉ် (Beato) အဖြစ်တင်မြှောက်ရန် အတည်ပြုသော သဝဏ်လွှာကို ပီမေ(PIME)အသင်းဂိုဏ်းသို့ ပေးပို့လာသည်။ ၁၉၅၃ခုနှစ်၊ ဖေဖဝါရီလ(၁၂)ရက် နေ့တွင် ဘုန်းတော်ကြီးမှာ တောင်ငူသာသနာပိုင်၊ ဒေါ်နိုခူတိုက်နယ်တွင် ယုံကြည်ခြင်းအတွက်၊ တရားမျှတခြင်းအတွက် အသက်စွန့်ခဲ့ရသည်။ ဘုန်းတော်ကြီးCremonesi (ခရေမိုနေဇီ)ကိုအောက်တိုဘာလတွင် သူတော်စဉ်အဖြစ် တင်မြှောက်မည်ဖြစ်ပါသည်။

၁၉၀၂ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ဘုန်းတော်ကြီး အာဖရက်ဒို ခရေမိုနေဇီကို Ripalta Guerina (Cremona) တွင်မွေးဖွားခဲ့သည်။ ဘုန်းတော်ကြီးသည် ဘုရားတရားကြည်ညိုသောမိသားစုအသိုင်းအဝိုင်းမှ မွေးဖွားကြီးပြင်းခဲ့သည်။ ငယ်စဉ်က ကျန်းမာရေး ချူချာလှသည်။ သူ၏ဖခင်မှာ သာသနာပြုဘဝအဖြစ် ရွေးချယ်ခဲ့ခြင်းကို မနှစ်သက်ခဲ့ပါ။ ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလတွင်၊သူ့မိခင်၏အကူအညီဖြင့်ပီးမေမစ်ရှင်နရီ(PIME) ရဟန်းဖြစ်ကျောင်းသို့ ဝင်ရောက်ခဲ့သည်။ အာဖရက်ဒိုမှာသင်ယူလိုစိတ်ပြင်းပြသူ၊ စွန့်စားချင်သူ၊ လုပ်ရဲကိုင်ရဲရှိသူ ဖြစ်သည်။ သူသည် စာရေးခြင်းကိုလည်း ဝါသနာထုံသူဖြစ်သည်။ သူ၏ကဗျာစာပေ၊ ဆောင်းပါးများကို ကက်သလစ်ခရစ်ယာန်အသင်းတော်ပိုင် သတင်းစာများ၊ ဂျာနယ်များတွင် မကြာခဏဖော်ပြခြင်း ခံခဲ့ရသည်။

၁၉၂၄ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက် နေ့တွင် ရဟန်းသိက္ခာကို ခံယူခဲ့သည်။ တစ်နှစ်ကြာပြီးနောက်မြန်မာနိုင်ငံ

ကိုထွက်ခွါခဲ့သည်။ သူ၏အသက်မှာ ၂၃နှစ် သာရှိသေးသည်။ မထွက်ခွာခင် သူ့မိသားစုနှင့်သူ့ငယ်ချင်းများကိုအပြီးအပိုင် နှုတ်ဆက်ကာ ဝေးလံ ခေါင်ပါးသော တောင်ငူသို့ ခရီးနှင်ရန် ဂျေနိုဘာဆိပ်ကမ်းသို့ ထွက်ခွါခဲ့သည်။ ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက် နေ့တွင် တောင်ငူသို့ ရောက်ခဲ့သည်။ သာသနာပြုအားလုံးရဲ့ ပထမဦးဆုံး ဒုက္ခကား ဘာသာစကားနှင့် ယဉ်ကျေးမှု မတူတဲ့ ပြဿနာဖြစ်သည်။ ရောက်ရောက်ချင်း တစ်နှစ်မှာပင်ဘာသာစကားကိုကောင်းစွာသင်ယူပြီး လူနေမှုပုံစံကိုစတင်ကာ ပြောင်းလဲခဲ့ရသည်။ ထို့နောက် သာသနာအမှုတော်ကို စတင် လုပ်ဆောင်ခဲ့သည်။ တောင်ငူတွင် နေစဉ်အတွင်း ကရင်နှင့်၊ ကရင်နီလူမျိုးများရှိရာ ရိုးမတောင်တန်းဒေသတွင်သာသနာပြုချင်စိတ်များ တဖွဲဖွဲဖြစ်ခဲ့သည်။ သူ၏အိပ်မက်သည်အမှန်တကယ်ဖြစ်လာခဲ့သည်။ သာသနာပိုင်ဆရာတော်မှသူ့အားဝေးလံခေါင်သီသော တောင်တန်းများအကြားရှိ ဒေါ်နိုခူကျေးရွာသို့ ပို့ခဲ့သည်။ ၎င်းဒေသတွင် ထိုအချိန်၌ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည်။ ဘာသာသူများရှိရာ ကျေးရွာများသို့ သွားရောက်ရာတွင် ခြေလျှင်ဖြင့်ငါးနာရီကျော်လောက် လျှောက်ရသည်။ နေ့ချင်းတွင်း သာသနာသို့ပြန်ဖို့က မဖြစ်နိုင်။ ထို့ကြောင့် နယ်လှည့်ထွက်ပါက စားစရာ၊ သောက်စရာ အပြည့်ထည့်သွားရသည်။ သို့မဟုတ် ပါက ထမင်းငတ်ဖို့က သေချာသည်။

သာသနာပြု လုပ်ငန်းတွင်စိတ်အားထက်သန်တက်ကြွသောသူဖြစ်လင့်ကစား၊ စိတ်ဓါတ်ကျခဲ့ရသော နေ့တွေရှိခဲ့ပါသည်။ သူ၏စာတစ်စောင်တွင် ယခုကဲ့သို့ရေးခဲ့သည်။ "အမှန်တိုင်းပြောရရင်၊ ကလေးတစ်ယောက်လို ငိုခဲ့ရတဲ့နေ့တွေက မနည်း။ ဆင်းရဲပြီးသနားစရာကောင်းတဲ့ ဒီလူတွေအတွက် အကောင်းဆုံး လုပ်ပေးချင်ပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် အထမမြောက်ခဲ့။ နိုင်ငံရေး၊ လူမှုရေး ပြဿနာတွေက ဖြေရှင်းလို့မနိုင်။ အဲဒါကြောင့် ဘာကိုမှ လုပ်လို့မရတဲ့ ဘဝနဲ့ အသက်ရှင်ခြင်းထက် သေတာမှ ကောင်းအုံးမယ်လို့တောင်ဆုတောင်းမိပါရဲ့။"ဒါကတော့လူငယ်သာသနာပြုပေါက်စရဲ့ကိုယ့်ကိုကိုယ်အားမရတဲ့အခြေအနေပေါ့။ ဤအခြေအနေတွင် ဆုတောင်းခြင်းသာ အကောင်းဆုံး၊ သာသနာပြုခြင်းဖြစ်သည်ကို နားလည် သဘောပေါက်ကာ ကိုယ်တော်မြတ် ဖူးမျှော်ခြင်းကို နာရီပေါင်းမြောက်များစွာပြုလုပ်ခဲ့သည်။ အထူးသဖြင့်ညအချိန်တွင်ကိုယ်တော်မြတ်စက္ကမင်တူးအရှေ့တွင်သာ အချိန်ကုန်ဆုံးခဲ့သည်။




ယခုကဲ့သို့ ရုန်းကန်နေရင်း၊ ဆယ်နှစ်တာ တင်းတင်းပြည့်ခဲ့လေသည်။ သူ၏ စာတစ်စောင်တွင် ဤကဲ့ သို့ရေးထားသည်။ "ကိုယ့်ကိုကိုယ် မေးခွန်းတွေမေးမိပါရဲ့။ ငါဘာတွေလုပ်ခဲ့ပြီးပြီးလဲ။ ဘာကြောင့် ငါဒီနေရာမှာ ရှိနေရတာလဲ။" ဒီကြားထဲ ရာသီဥတု အခြေအနေတွေကြောင့် ကျန်းမာရေးက ချူချာလာသည်။ အဲ့ဒီအချိန်တွင် သူ၏အသက်မှာ ၃၅ နှစ်သာရှိသေးသည်။ သူတဖြည်းဖြည်း နားလည်လာသည်က သာသနာပြုတစ်ယောက်၏ဘဝသည် သာမညသာဖြစ်သည်။ ခရစ်တော်မပါလျှင် ဘာမှမတက်နိုင်။ သာသနာပြုတိုင်းသည် ဘုရားသခင်၏ သနားကရုဏာတော်ကြောင့် သာသနာလုပ်ငန်းစဉ်၌ ပါဝင်ခွင့်ရနေသော၊ ဘုရားသခင်၏လက်သုံးခံ တောင်ဝှေးသဖွယ်သာဖြစ်သည်။ ကျွန်ုပ်တို့၏တာဝန်မှာ ဒေသနာတော်၊ သတင်းကောင်းကို မျှဝေပေးပြီး၊ မိမိယုံကြည်ခြင်းကို လူအများအရှေ့တွင် သက်သေခံဖို့သာဖြစ်သည်။ ဘာသာသူသိုးစုနှင့်အတူဒုက္ခအခက်အခဲများကိုအတူတကွကျော်လွှားခြင်းသည်သာလျှင် ကောင်းသော သက်သေခံမှု တစ်ခုဖြစ်

သည်။ အားငယ်နေသူများကို ဖေးမပေးခြင်း၊ မျှော်လင့်ခြင်းမဲ့သူများကို အားဖြည့်ပေးခြင်းသည်လည်းအကောင်းဆုံးသောသာသနာပြုခြင်း ဖြစ်သည်။ ဘုရားကျောင်းများများ ဆောက်နိုင်မှ၊ ဘော်ဒါကျောင်းတွေ ဆောက်ပေးနိုင်မှ အောင်မြင်သောသာသနာပြုခြင်း မဟုတ်ပါ။

ဤကဲ့သို့မိမိဘဝအခြေအနေကို နားလည် သဘောပေါက်ပြီး မိမိ၏အလိုအတိုင်း မဟုတ်ဘဲ ဘုရားသခင်၏ အလိုတော်အတိုင်း လျှောက်လှမ်း အသက်ရှင်ကာ သာသနာပြုခြင်းကို သူ၏သိုးစုနှင့်အတူ၊ အေးအတူပူအမျှ ပျော်ပျော်ရွှင်ရွှင်၊ ဝေမျှခံစားခဲ့သည်။ ထို့ကြောင့်သူ့ကို "အပြုံးပိုင်ရှင်ကိုယ်တော်" လို့တင်စားခံခဲ့ရသည်။ မကြာခင်တွင် ဒုတိယကမ္ဘာစစ်ကြီးက မြန်မာပြည်သို့ကူးစက်လာခဲ့သည်။ ဂျပန်တပ်မတော်ကြီးကမြန်မာပြည်အတွင်းချင်းနင်းဝင်ရောက်လာခဲ့သည်။ ကိုလိုနီဗြိတိသျှများက သာသနာပြုများကို အင်ဒီးယားသို့ ခေါ်ဆောင်သွားခဲ့သည်။ သို့သော် တောင်ပေါ်ဒေသတွင် ဆယ်နှစ်ကျော် နေထိုင်ဖူးသော သက်ကြီးရွယ်အို သာသနာပြုများ ကျန်ရစ်ခဲ့ရသည်။ ၎င်းအထဲတွင်ဖာသာရ်ခရေမိုနေဇီကလည်း ဘာသာသူသိုးစုနှင့် ဒုက္ခအခက်အခဲကို အတူတကွကျော်ဖြတ်ရန်စိတ်ဆုံးဖြတ်ကာ မြန်မာပြည်တွင်ကျန်နေခဲ့ရန် ဆုံးဖြတ်ခဲ့သည်။ ဤအချိန်များသည်သူ့အတွက် အခက်ခဲဆုံးအချိန်တွေဖြစ်ခဲ့သည်။ မည်သည့် အဆက်အသွယ်၊ မည်သည့်အကူအညီမှ မရ၊ ဒုက္ခအတိဖြစ်ခဲ့ရသော ကာလတွေဖြစ်ခဲ့သည်။ အစားအသောက်၊ ဆေးဝါးမရှိ။ သဘာဝသစ်ဖုသစ်ဥတွေကို အစားအစာအဖြစ် စားသုံးခဲ့ရသည်။ ကာလ ကြာလာသည်နှင့် အမျှ သူနှင့်သူ၏သိုးစုများမှာအားနည်းလာပြီး၊ အဖျားအနာများပေါများလာခဲ့သည်။



၁၉၄၃ ခုနှစ် စက်တင်ဘာလ(၈)ရက်နေ့တိုင်၊ အီတလီနှင့် ဂျပန်နိုင်ငံတို့မှာ မဟာမိတ်ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုးဝါးဆုံးရန်သူအဖြစ် အသွင်ပြောင်းခဲ့သည်။ ထိုကာလတွင်အီတလီမစ်ရှင်နရီများကို ဂျပန်အစိုးရက နှိပ်စက်ညှင်းပန်းခဲ့သည်။ အချိန်တိုအတွင်းမှာဂျပန်များသည် တောင်ငူတစ်ခွင်သို့အရှိန်အဟုန်မြန်စွာစီးနင်းဝင်ရောက်ခဲ့သည်။ဖာသာရ်ခရေမိုနေဇီနှင့်သူ့လူတို့မှာ စစ်ရှောင်ရန် အချိန်မရလိုက်ဘဲ နီးစပ်ရာတောထဲကိုသာ အပြေးအလွှား ရှောင်ပုန်းခဲ့ရသည်။ ဂျပန်စစ်တပ်များသည် ကျွဲ၊နွား၊ကြက်၊ဝက် ရရာပစ္စည်းအကုန် ယူဆောင်သွားကြသည်။ စစ်ရှောင်ဖို့ရာ မလွယ်ကူတော့ပေ။ ပြေးစရာနေရာကမရှိ၊ နောက်ဆုံးသူနှင့် သူ၏သိုးစုများမှာ စစ်ဒဏ်ကိုအံတုရင်း ဒီဒေသမှာပင်ဆက်လက်နေထိုင်ဖို့ အစီအစဉ်ဆွဲခဲ့ကြသည်။ ကျေးဇူးတော်ကြောင့်မည်သူ တစ်ဦးတစ်ယောက်မျှ အသက်မသေခဲ့။ သူတို့နှင့်အိမ်နီးချင်း ရွာများမှာမီးရှို့ခံခဲ့ရပြီး၊ မြောက်များစွာသော ရွာသားများမှာ အသတ်ခံခဲ့ရသည်။ သို့သော် သူတို့ရွာတွင် စားစရာဘာတစ်ခုမျှ မကျန်ခဲ့ပါ၊ ဂျပန်များက အကုန် သယ်ဆောင်သွားကြလေပြီ။ ဆန်တစ်ပြည်၊ ကြက်တစ်ကောင်တောင်မှမချန်ခဲ့ပေ။ ထိုအချိန်အတွင်း ရွာထဲကိုပြန်မဝင်ရဲ၊ မထင်မှတ်ဘဲ ဂျပန်များ ပြန်ရောက်လာတတ်သောကြောင့်ဖြစ်သည်။ သစ်ဥသစ်ဖု၊ သစ်သီးဝလံများကို စုကာ အစားအစာအဖြစ် ရှာဖွေစားသောက် ခဲ့ရသည်မှာ စစ်ကြီးပြီးသည့် အထိပင်ဖြစ်လေသည်။

၁၉၄၇ ခုနှစ်တွင် ဂျပန်များထွက်ခွာပြီးနောက် မြန်မာပြည်ကြီးသည် အင်္ဂလိပ်တို့လက်မှ လွတ်လပ်ရေး ရခဲ့သည်။ ဖာသာရ်ခရေမိုနေဇီသည် ဒေါနိုခူသို့ ပြန်လာနိုင်ခဲ့သည်။ စစ်ဒဏ်ကြောင့် ပျက်စီးခဲ့သော အဆောက်အဦးများကို ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။ အပျက်အစီးများမှာ တစ်စချင်းပြန်ကောက်ယူရသည့် အခြေအနေထိတိုင်ဖြစ်ခဲ့သည်။ သာသနာပြုလုပ်ငန်းကို အစကနေ ပြန်လည်အကောင်အထည် ဖော်ခဲ့ရ

သည်။ ပထမအနေနဲ့ စာသင်ကျောင်းများ
အမြန်ပြန်လည် တည်ဆောက်ခဲ့ရသည်။
ဘုရားစကားသင်ကြားခြင်း၊ အင်္ဂလိပ်စာသင်
ပေးခြင်း၊ လူမမာများကို ဆေးကုပေးခြင်း
စသည့်တမန်တော် လုပ်ငန်းများကိုတဖြည်း
ဖြည်းချင်းပြန်လည် အသက်သွင်းနိုင်ခဲ့သည်။
မကြာလိုက်ပါ။ ပြဿနာအသစ်က ပေါ်လာ
ပြန်သည်။ မြန်မာပြည်အစိုးရနှင့် ကရင်နီတိုင်း
ရင်းသားလက်နက်ကိုင်တို့၏ ပဋိပက္ခများကြီး
ပွားလာပြီး၊ လက်နက်ကိုင်တိုက်ပွဲများ မကြာ
ခဏ ဖြစ်ပေါ်လာခဲ့သည်။ ထိုအချိန်များတွင်
ဖာသာရ်ခရေမိုနေဇီသည် လက်နက်ကိုင်ဆွဲ
တိုက်ပွဲဝင်ခြင်းကို အားမပေးဘဲ ညှိနှိုင်းအဖြေ
ရှာခြင်းကိုသာ နှစ်သက်ခဲ့သည်။ စစ်ပွဲ၏ဒဏ်
ကိုကောင်းကောင်း ခံစားခဲ့ရသူ ဖြစ်သော
ကြောင့်ကြိုးစားကာ ညှိနှိုင်းခြင်း၊ အကြမ်း
မဖက်ဘဲ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်
သူ၏သိုးစုကို တိုက်တွန်းခဲ့သည်။ အတက်နိုင်
ဆုံးမြန်ပြည်အစိုးရနှင့် သော်လည်းကောင်း၊
လက်နက်ကိုင်အဖွဲ့များနှင့်သော်လည်းကောင်း
သင့်မြတ်အောင်နေခဲ့သည်။သို့သော်လူမျိုးရေး
စိတ်အားထက်သန်သော လက်နက်ကိုင်အဖွဲ့
များအနေဖြင့် (အထူးသဖြင့် ပရိုတက်စတန်
များမှ)သူ့ကိုညှိုညင်ခဲ့ပြီး ဒေါနိုခူမှမောင်းထုတ်
ခဲ့သည်။ အကြောင်းကား သူ့ကိုနှစ်ဖက်ချွန်အ
ဖြစ်သံသယရှိခဲ့ကြသည်။ သို့ဖြစ်၍ တောင်ငူသို့
ပြန်သွားခဲ့ရသည်။

များမကြာမီ အချိန်တွင် ဒေါနိုခူဒေသ
မှာငြိမ်းချမ်းစ ပြုလာသည့်အတွက်၊ မိမိသာသ
နာပြုခဲ့သော ရွာလေးသို့ ပြန်လာခဲ့ပြန်သည်။
အခြေအနေများက အပြောင်းအလဲ မြန်လှ
သည်။ ငြိမ်းချမ်းသောကာလက မကြာလိုက်
ပါ။ ပဋိပက္ခများကအစပြုလာပြန်သည်။ လက်
နက်ကိုင် တိုင်းရင်းသားများနှင့် စစ်တပ်တို့
အကြား၊ မကြာခဏ ထိပ်တိုက် ရင်ဆိုင်မှုများ
ဖြစ်ပြီး၊ ပြဿနာကြီးထွား လာပြန်သည်။ ကျောင်းထိုင်ဘုန်း
တော်ကြီးအနေဖြင့် သူ့သိုးစု၏ အခွင့်အရေးကို ကာကွယ်
ပေးပြီး၊ ပြဿနာတွေ မကြီးထွားလာအောင် ညှိနှိုင်းပေး
ခြင်း၊ စစ်ပြေးဒုက္ခသည်များကို ကူညီပေးခြင်းကြောင့်စစ်
တပ်ကပါ မျက်စိစပါး



မွေးဆူးလာသည်။
သူ့ကိုမယုံမကြည်ဖြစ်
လာသည်။ မြန်မာ
ပြည်စစ်တပ်သည်
တိုက်ပွဲတစ်ခုတွင်
ပြင်းထန်စွာကျဆုံးခဲ့ခြင်းကြောင့်သူပုန်နှိမ်နင်းရေးစစ်ပွဲများ
ကိုအပြင်းအထန် တိုက်စစ်ဆင်လာသည်။ ထင်မှတ်မထား
သောအချိန်တွင် ဖာသာရ်ခရေမိုနေဇီနှင့်အတူ အချို့သော
ရွာသားများကို သူပုန်တို့၏ သူလျှိုအဖြစ် စွပ်စွဲကာခေါ်
ဆောင်သွားခဲ့ကြသည်။ ဖာသာရ် ခရေမိုနေဇီမှာ မိမိတို့
ပါဝင်ပက်သက်ခြင်း မရှိကြောင်း၊ ဖမ်းဆီးခံရွာသားများမှာ
အပြစ်မရှိကြောင်းရှင်းပြခြင်းကို နားမဝင်ဘဲ ရုတ်တရက်ဆို
သလို သေနတ်ကိုထုတ်ကာ ရွာသူကြီးကို အရင်ပစ်လိုက်
သည်။ ပြီးနောက် ဖာသာရ်ခရေမိုနေဇီ၏ ရင်ဝတည့်တည့်
သို့အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြသည်။ ဖာသာရ်
ခရေမိုနေဇီသည် ၁၉၅၃ ခုနှစ်၊ ဖေဖဝါရီလ(၇)ရက်နေ့တွင်
သေနတ်ဒဏ်ရာများဖြင့် အသက်ပေးခဲ့ရလေသည်။





**စောပီတယ်** (PIME)




၂၀၁၉ ဇူလိုင်လ ၁ - ၅ ရက်နေ့အထိ MLI Team မှဦးဆောင်ကာ Leadership Workshop for Future and Ongoing Religious Superiors ခေါင်းစဉ်ဖြင့် Fr. M.S Jocob (SJ), Fr. Mark Raper (SJ), Sr. Francisca (FCJ) နှင့် Doctor Mark Labuntog တို့မှ ဦးဆောင်ဝေမျှ ခဲ့ကြပါသည်။

ဂိုဏ်းပေါင်းစုံမှ သူတော်စင်(၄၂)ပါး ပါဝင်တက်ရောက်ခဲ့ကြသည်။ သင်ကြားမှုပုံစံ အမျိုးမျိုးဖြင့်ဝေမျှခဲ့ကြပြီး၊ သင်တန်းခေါင်းစဉ်ရဲ့ အဓိပ္ပါယ်ကို ဖော်ကျူးတဲ့ games လေးတွေဟာလည်း ရင်ထဲစွဲကျန်စေခဲ့ပါသည်။ Subject တစ်ခုပြီးတိုင်း group studies, sharing, reflections များပြုလုပ်ခြင်းအားဖြင့်လည်း အသိတရားများစွာ ကြွယ်ဝစေခဲ့ပါသည်။ သင်တန်းတလျှောက်အရာရာအဆင်ပြေစေရန်နောက်တန်းမှပါဝင်ကူညီမှုအားလုံးကိုလည်း ကျေးဇူးတင်ခြင်းများနဲ့ မှတ်တမ်းတင်အပ်ပါသည်။ နှစ်စဉ် CRCM မှစီစဉ် ဝေမျှပေးသော သင်တန်းများအားဖြင့် သူတော်စင်များအတွက် ဝိညာဉ်ခွန်အားများ၊ အတွေးအခေါ် အသစ်များ အမှန်တကယ်ကြွယ်ဝစွာ ရရှိခံစားရပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါသည်။






## နှစ်သိမ့်ဆွေးနွေးခြင်းအနုပညာ

(Art of Accompaniment Basic Counselling)

ထိုသင်တန်းအား ၂၀၁၉၊ ဇူလိုင် ၁၅ မှ ၁၉ ထိ၊ CRCM တွင် (၅)ရက်တာ ကျင်းပခဲ့ပါသည်။ သင်တန်းတွင် ဂိုဏ်းပေါင်းစုံမှ သီလရှင်(၃၀)ပါး တက်ရောက်ခဲ့ပါသည်။ သင်တန်းအား ကောင်းသောသိုးထိန်း သီလရှင်အသင်းမှ Sr. Agnes မှ ဦးဆောင်ပြီး Sr. Benedicta နှင့် Sr. Olviia တို့မှ ကူညီအားဖြည့်ပေးခဲ့ပါသည်။

သင်တန်းတွင် ပါဝင်သင်ယူဆွေးနွေးခဲ့သော အကြောင်းအရာများမှာ နှစ်သိမ့်ဆွေးနွေးခြင်း (Basic Counselling)၊ လူသားဖွံ့ဖြိုးမှုဖြစ်စဉ် (Eric Erikson နှင့် Freud)၊ လူပုံစံအမျိုးမျိုး (Enneagram)၊ ပြဿနာဖော်ပြသော မိသားစုဇယား (Genogram)၊ နှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု (Accompaniment)၊ ကုသခြင်းနည်းပညာ (Therapies)၊ Awareness Meditation Relaxation (AMR), Child Abuse, Case Study/ Case Plan, Child Abuse ပုံစံအမျိုးမျိုး၊ Empty Chair, Group Process, Self case တို့ဖြစ်ပါသည်။ နောက်ဆုံးနေ့တွင် သင်တန်းဆင်းလက်မှတ်ပေးခြင်း၊ အပိတ်ဆုတောင်းခြင်းဖြင့် အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

Sr. Benedicta



# JESUS and Lu Chaw DIALOGUE SERIES....

### DIALOGUE XIII

Jesus- Nowadays you seem to be very lax in spiritual exercises.
Lu- Yes, my Lord, it is true.
Jesus- What's wrong with you?
Lu- I fall in love with outside activities, esp. with the young girls.
Jesus- Hmm.....You are still flying and not yet tired of these things.
Lu- As it was in the beginning and is now and.....
Jesus- It will be forever and forever. Isn't it?
Lu- You have already known me and why don't You tackle me now?
Jesus- I am waiting for your tiredness and boredom. How's your life today, Lu Chaw?
Lu- Hoo.. It is very difficult to say exactly that I am Ok and she is OK.
Jesus- Who is she?
Lu- Ah! You are interested in my private affair....
Jesus- Each individual human being is an apple of my eye.
Lu- So, it is alright to speak about my love...I mean the final love of my research.
Jesus- Do you mean that love affair is like research? Then, how do you define genuine love?
Lu- Let's say....it is a momentary touch that will bring you excitement and maybe at last, it will make you give your life totally for the beloved one.
Jesus- Are you excited now regarding that girl?????
Lu- I suppose so.....
Jesus- Oh!!!! I see................!
Lu- I feel that you are making fun of me... a kind of sarcasm!!!!
Jesus- I know how you feel and I understand that man is always prone to love and to be loved. Especially for you, I would like to say that you are still hungry and thirsty. Aren't you?
Lu- Yeah!!!!! You get the point... I have to admit it.
Jesus- So then, what is your next plan?
Lu- Well, I will find out whether her love for me is real or not......
Jesus- You might be playing the game and you do not want to be the loser. I beg you not to hurt the other's feelings. She might be a genuine lover.
Lu- I know that I am not satisfied with one girl only. That is my personal problem. What shall I do????
Jesus- Know your soft point as well as a hard one.
Lu- And then?????
Jesus- Confess that you are weak and it " Metanoia ".
Lu- I have to take a considerable time to consider it. It is not yet time to change completely of myself.
Jesus- Well, then, you have to face the consequences of your promiscuity and do not complain before Me. It is your own deed.
Lu- Are you disappointed with me?
Jesus- I am never disappointed with anyone but they do fail to trust my Mercy. This is the final failure of the miserable sinners. They don't trust me though I am ready to forgive and forget.
Lu- I have to do something for me and also for her.
Jesus- Desire without a decision for deed is just a dream.
Lu- You know, that I am fragile and feeble in making myself better.
Jesus- That knowledge can make you face reality.
Lu- I am afraid to face reality.
Jesus- Salvation cannot be granted to ant one unless he or she is ready to humble oneself as he or she is nothing. You need a life to come up to Me. St. Theresa of Child Jesus did it and she had obtained my mercy.


Lu- I see that fear to lose oneself is the main stumbling block to my progress.
Jesus- Especially for you, it is a pleasure-seeking spirit. Isn't it?
Lu- Yes, indeed, my Lord. I need You…. I need You…I need You.

************************************

Lu- Is that all???????
Jesus- Accept yourself as you are.
Lu- Then, what……..?
Jesus- Be patient with yourself and with others.
Lu- Oh….. I see.
Jesus- In reality, you do not see yet.
Lu- I am not patient with You anymore.
Jesus- Whether you are patient with me or not, I am Who I am.
Lu- Are you purposely scaring me by Your Name?????
Jesus- I just point out to you that you are not what you are because as long as you are following your own desires, esp. for gaining the pleasures, you are not yet who you are. You are pretending to be who you are not.
Lu- Oh…. I am confused.
Jesus- It is better to be confused humbly with Me then to be proud of yourself without Me.
Lu- Yes, I do agree but still, I am bored to death while I am away from the other-half of mine who is living in Pathein.
Jesus- Stop bemoaning and you will find peace.

## DIALOGUE XlV

Jesus- How is your plan today the monthly retreat for the FSAG daughters?
Lu- I have already decided to give them the last one and I am going to renounce myself that I am not fit to their community.
Jesus- Why??????
Lu- I am emotionally and personally abused by their interference in my private affairs.
Jesus- Do you think that by going away from this community you can terminate your relationship with them?
Lu- I will maintain some of my contacts with a few sisters because we are friends. The only thing that I have to do is not to say anything uncharitable towards the superiors. I have to stand on the truth and witness the truth, of course.
Jesus- It is not so easy now to be a witness of the truth, esp. in the present moment of Church's situation in your country. I know many cases of abuse afflicted on the righteous clergy and religious because they dare to speak out the truth and justice.
Lu- What shall I do, then?????
Jesus- Be brave, be silent, weep and pray!!!!!!
Lu- I cannot be silent while seeing all these injustices done to my brethren. I have the blood of John the Baptist.
Jesus- Then, you know well how John the Baptist ended his life.
Lu- I know and even now I am feeling that the martyr's blood is already flowing out of me….
Jesus- Do not imagine too much. You are not yet tried as he was.
Lu- But spiritually and emotionally, I am already suffering a lot.
Jesus- I do not take your words seriously because you would have changed soon.
Lu- Wait and see, my Lord.
Jesus- But, I do have a deep respect for the freedom of mind and action of the man. I am patiently and lovingly waiting for your conversion.
Lu- Do I need to be converted to witness justice and truth????
Jesus- Yes, of course. To change others, you need to change yourself first.
Lu- So, what is the matter of conversion in regard to this affair?????
Jesus- first, you have to accept that you cannot make it all into better though they seem to be right and correct according to the ideal of practical justice and eternal truth. Second, you need to accept the mystery of evil with a humble heart. Third, whatever you do, do it with kindness and leave the result into my hands. Then, take rest for a while and taste the outcome of your try.



Lu- I do not think that I am fit to that expectation.
I am very short-tempered and impatient.
Jesus- Patience is a prerequisite to attaining the goal.
Lu- According to your timing. Yes, but to our shorter life-span,
it is too short and insufficient.
Jesus- Lu Chaw, are you doing your work or working for my mission?
Lu- I know that it is your mission but I am impatient with the
present situation because the authoritative persons
are gaining the upper-hand, very often unjustly……
Jesus- You know how I faced the charges of Sanhedrin and of Pilate.
Lu- You were amazingly serene….
Jesus- That is the POINT, Lu Chaw, that is the POINT.
Lu- But you are God-Man and I am a real human being.
I do have my own feelings and experiences.
Jesus- I too had the same experiences but I understand you.
Lu- How long will you wait for the opportune time??????????
Jesus- You have no right to know it. Wait and Pray!!!!!!
Lu- Hmmmmmmm...
Jesus- What's up?
Lu- It is altogether old saying again: "Man proposes, God, dispose".
Jesus- Then, why you're worrying a lot????
Lu- It is too long to wait for your interference in our human affairs.
Jesus- I am not interested in interfering in human affairs. I dearly respect their freedom of choice.
Lu- But I do think that sometimes you need to show up your power.
Jesus- How can you connect my power and your problems with the religious? I do not see any con nection at all...
Lu- I am helpless in the present situation….I mean I am being abused psychologically by their gossips and misunderstandings.
Jesus- They too are my daughters and I gave them to understand. They too have their woman's nature. I forgive them.
Lu- I know that I am wounded and hard to find forgiveness for them.
Jesus- You are very stubborn, my friend. It is not good for your health.
Lu- I do not know what you mean for my health!!!!!!
Jesus- To be healthy, you need to have peace of mind that cannot be attained without having the spirit of forgiveness. Of course, it is mainly based on unconditional love.
Lu- So, you mean it for spirituality.
Jesus- Every human being is both physical and spiritual. Usually, they forget about it when they have to beat their opponents.
Lu- Then, spirituality is all for all????
Jesus- Without having the relational responsibility and fraternal concern among all of you, human society can never be able to enjoy TRUE PEACE.
Lu- so, what shall I do to promote the relationship with my old acquaintances to have a smooth friendship?
Jesus- Forget the past grievances, concentrate on the present need and do not worry about future uncertainty.
Lu- Hmmm, I am not sure that I can do it now. I am deeply wounded, You Know!!!!
Jesus- A wounded healer is the best physician.
Lu- For what?????
Jesus- For everything. Do not see that I am wounded on the Cross!!!!
Lu- Can a wound heal other wounds????
Jesus- Taste and see that the wound is sweet both for you and for others.
Lu- My argument with you is now terminated. I give up for the time being. You are so clever that I cannot beat you now.
Jesus- I shall wait for the opportune time to meet with you and today is the best day for us.

Fr. Hubert Myo (M.L.M)



## တောင်ငူသာသနာ၊ စိန့်ဗင်းဆင်းဒီပေါလ် လူငယ်များတွေ့ဆုံပွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် သစ်ပင်စိုက်ပျိုးခြင်း

တောင်ငူ ဂိုဏ်းအုပ်သာသနာ၊ SSVP စိန့်ဗင်းဆင်းဒီပေါလ်အသင်း၊ လူငယ်များတွေ့ဆုံခြင်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှု၊ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်တရပ်ကို(၃. ၈. ၂၀၁၉)တနင်္ဂနွေနေ့၊ သံမိုးတောင်တိုက်နယ်၊ သံမိုးတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ နံနက် ၉း၀၀ နာရီတွင် ရဟန်းတော်(၅)ပါးဖြစ်ကြသော Rev.Fr. ဆယ်ဗာစတီယန်သိန်းမောင်၊ Rev.Fr. ဒါညေးလယ်အာခိုး၊ Rev.Fr. စတာလင်ကျော်လွင်ဦး၊ Rev.Fr. ဂျွန်ဇော်ဝမ်းနှင့် Rev.Fr. အာဘေးလယ်ကိုဖိုးတို့မှ မစ္ဆားတရားတော်မြတ်ကို ဦးဆောင်တင်ပူဇော်ပေးခဲ့ပြီး SSVP National ဥက္ကဋ္ဌ ဆရာဦးအယ်လ်ဖောင်းဇို ကျော်မင်း၊ National Youth Coordinator ဒေါ်ဘယ်ရောနီကာအိမွန်မြင့်မောင်တို့မှ ဝေမျှပို့ချပေးကာ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ဥက္ကဋ္ဌဆရာဦးစတီးဗင်းဉာဏ်လင်းဦးနှင့် တောင်ငူဂိုဏ်းအုပ်သာသနာ SSVP ဥက္ကဋ္ဌဒေါ်နော်မန်းမေတို့မှ အပြည်ပြည်ဆိုင်ရာလူငယ်များအတွက် ပုပ်ရဟန်းမင်းကြီး၏ အားပေးနိုးဆော်စာများ ဖတ်ကြားပေးခဲ့ကြပါသည်။ ၎င်းအစီအစဉ်ကို Sr.ဘက်နက်ဒက်မြတ်နှင်းနွယ်မှ အဖွင့်ဆုတောင်းမေတ္တာဖြင့် ဦးဆောင်ပေးခြင်း၊ ရဟန်းတော်(၅)ပါးတို့မှအားပေး အမှာစကား မြွက်ကြားခြင်းနှင့် ပို့ချချက်ကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ညနေ ၄း၀၀နာရီ အချိန်တွင် ဘုရားကျောင်းနှင့်မယ်တော်ဂူ ပတ်ဝန်းကျင်၌ နှစ်ရှည်ပင် (၁၃၀) ပင်စိုက်ပျိုးခဲ့ပြီး၊ ကွန်ဖရင့်(၁၈)ခုမှ လူငယ်များနှင့် လေ့လာသူ စုစုပေါင်း (၁၅၀)ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ဒက်ဖူးမယ် (I.S.R)





## တောင်ငူသာသနာ ၊ ကက်သလစ် ကျန်းမာရေးကော်မရှင်လှုပ်ရှားမှု။

တောင်ငူသာသနာ၊ ကက်သလစ်ကျန်းမာရေးကော်မရှင်အဖွဲ့မှ သာသနာအတွင်းတွင် ငှက်ပျောတောတိုက်နယ်ရှိ လူနာများကို (၁၁. ၈. ၂၀၁၉) တနင်္ဂနွေနေ့၊ ဗဟုန်းကျေးရွာ၊ ကက်သလစ်ဓမ္မာရုံ၌ကျန်းမာရေးပညာပေးကာကွယ်စောင့်ရှောက်ခြင်းနှင့် လူနာများတို့အား ဆေးဝါးကုသ ပေးခဲ့ကြပါသည်။ ကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ Dr. ဒန်ဇန်နှင့်အတူ သီလရှင်များနှင့်သူနာပြုဆရာမများ လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြပြီး လူနာဦးရေ (၁၅၀)ဦး ဆေးဝါးကုသမှု ခံယူနိုင်ခဲ့ကြပါသည်။

ဒက်ဖူးမယ် (I.S.R.)



## ရာသက်ပန် သစ္စာပြုရန် အတွက် ပြင်ဆင်ခြင်း သင်တန်း

(3rd Aug - 29th Sep)

သုံးပါးသစ္စာခံ သီလရှင်အသင်းဂိုဏ်းပေါင်းစုံမှ ရာသက်ပန်သစ္စာပြုမည့် သီလရှင်ငယ်များအား မှန်ကန်လေးနက်ကောင်းမွန်စွာ သစ္စာပြုနိုင်ရန်ပြင်ဆင်ပေးသည့် သင်တန်းကို ဩဂုတ်လ(၃)ရက်မှ စက်တင်ဘာလ(၂၉) ရက်အထိ Catholic Religious Conference of Myanmar (CRCM) တွင်ပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းကို မြန်မာနိုင်ငံသုံးပါးသစ္စာခံရဟန်း၊ကိုရင်၊သီလရှင်များ၏ တာဝန်ခံဖြစ်သော ဆရာတော်ဂျက်စတင်းစောမင်းသိုက်မှ အဖွင့်မစ္ဆားတရားတော်ဖြင့်ဖွင့်လှစ်ပေးခဲ့ပြီး အသင်းဂိုဏ်း(၉)ဂိုဏ်းမှသီလရှင် (၄၇)ပါးတက်ရောက်ခဲ့ကြပါသည်။

ထိုသင်တန်းတွင် ဆက်ကပ်အပ်နှံခြင်းအသက်တာ၊ ဧဝံဂေလိသစ္စာတော်သုံးပါး၊ ဆုတောင်းခြင်းနှင့် ဝိညာဉ်ရေးအသက်တာ၊ လူသားဆိုင်ရာဖြစ်တည်မှုနှင့် ခရစ်ယာန်တို့၏ခေါ်တော်မူခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးပညာ၊ အသင်းတော်၏စာချွန်တော်များ၊ သမ္မာကျမ်းစာတော်တွင်ပါရှိသော အမျိုးသမီးများနှင့်အသင်းတော်အတွင်း သူတော်စဉ်များ၏အခန်းကဏ္ဍ၊ ခရစ်တော်၏ရှင်သန်ခြင်းဘဝအသက်တာနှင့် ယနေ့ခေတ်စိန်ခေါ်မှုများ အကြားကျွန်ုပ်တို့၏ခေါ်တော်မူခြင်း၊ ခေါင်းဆောင်မှုနှင့်လူထုဆက်သွယ်ရေးပညာ၊ အသင်းတော်၏လူမှုရေးဆိုင်ရာသွန်သင်မှု၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်လုံခြုံသော လူဘဝအသက်တာ စသည့်ဘာသာရပ်များနှင့်အတူ အပါတ်စဉ် ဝိညာဉ်လမ်းညွှန်မှုခံယူခြင်း၊ ပုံမှန်စဉ်းစားထောက်ရှုခြင်းများ ပြုလုပ်ခြင်း၊ အတူတကွနေထိုင်ခြင်း အသက်တာ၌ အချင်းချင်းသင်ယူခြင်း၊ စာပေများ လေ့လာဖတ်ရှုခြင်း၊ လေ့လာရေးခရီးထွက်ခြင်းများအားဖြင့် မိမိတို့ရွေးချယ် ဆက်ကပ်နေကြသော ဘဝအသက်တာကို ပိုမိုသိနားလည်စွာဖြင့် ရာသက်ပန်သစ္စာပြုခြင်းကို ပြုလုပ်နိုင်ရန် ပြင်ဆင်ပေးခဲ့ပါသည်။

ထို့နောက် တစ်ပါတ်တာဝတ်စောင့်ခြင်းကိုပြုလုပ်ပြီး၊ ရိုသေထိုက်လှသော အဖကာဒီနယ်ချားလ်စ်ဘိုမှ ဦးဆောင်သည့် ကျေးဇူးတင်မစ္ဆားတရားတော်ဖြင့် ဤသင်တန်းကို အောင်မြင်စွာ အဆုံးသတ်ခဲ့ပါသည်။

Nan Nwe Pyone (sfx)






**ဖာသာရ်** Ragheed Ganni ကား အဘယ်သူနည်း။ အဘယ်သို့သော ဘုန်းတော်ကြီးနည်း။ သူသည် ကျွန်ုပ်တို့ခေတ်အခါ၏ တရားတော်အတွက် ကွပ်မျက်ခံခဲ့ရသော ဓမ္မအာဇာနည်တစ်ပါး ဖြစ်ပါသည်။ ကိုယ်တော်မြတ်စက္ကရမင်တူးကို ချစ်သောစိတ်ကြီးမား ပြင်းပြပုံမှာ ရာစု အဆက်ဆက်က သာသနာတော်ကြီး၏ ရဟန္တာသူတော်သူမြတ်များ ကဲ့သို့ပင်ဖြစ်ခဲ့ပါသည်။

ဖာသာရ်သည် သူ၏ခိုင်မြဲစွာ သက်ဝင်ယုံကြည်သော တရားတော်အတွက် ကွပ်မျက်ခံရပြီး ပျံလွန် သွားခဲ့သည်မှာ(၁၁)နှစ် ကြာခဲ့ပြီဖြစ်ပါသည်။ သူ့အားရဟန္တာအဖြစ် တင်မြှောက်နိုင်ရန် လိုအပ်သော အချက်အလက်၊ အထောက်အထားများကိုလည်း သက်ဆိုင်ရာရုံးတော်သို့ ပေးပို့ထားပြီးလည်းဖြစ်ပါသည်။ ဖာသာရ်မပျံလွန်မီ နှစ်နှစ်အလိုခန့်လောက်မှ နိုင်ငံတကာ၏ မျက်နှာစာတွင် လူသိများလာခဲ့သူဖြစ်သည်။ လူသိများလာခဲ့ရခြင်းမှာ(၂၀၀၅)ခုနှစ်၌ အီတလီနိုင်ငံ၊ ဘာရီမြို့တွင် ကိုယ်တော်မြတ် ကွန်ဂရက်စ် (စည်းဝေးဆုတောင်းပွဲကြီး)ကိုပြုလုပ်ခဲ့သည်။ထိုစည်းဝေးဆုတောင်းပွဲတွင် သူသည်လည်း စကားပြောခွင့်ရခဲ့သည်။ သူပြောကြားသော အကြောင်းအရာထဲတွင် သူ၏ညီမ၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုပါလာသည်။ ထိုအကြောင်းအရာကား ယခင်နှစ်က (သူ၏ မိန့်ခွန်းကိုပြန်လည် ရည်ညွှန်းသည်ဖြစ်ရာ ၂၀၀၄ ခုနှစ်ဖြစ်ပေမည်။) ဇွန်လ(၂၀) ရက်နေ့၌ အမျိုးသမီးပျိုတစ်စုသည် တနင်္ဂနွေနေ့အတွက် အလှေ့အထ ရှိသည့်အတိုင်း၊ ဘုရားကျောင်းကန်သို့လာရောက်၍လဲကျင်း၊ သန့်ရှင်းမှုများကို လုပ်ဆောင်လေ့ရှိကြသည်။

သူ၏ညီမဖြစ်သူ Raghad သည် အသက်(၁၉)နှစ်ရှိပြီး၊ သူမလည်း ထိုအုပ်စုထဲတွင်ပါဝင်သည်။ သူ၏ညီမဖြစ်သူသည် ကြမ်းခင်းကို တိုက်ချွတ်ရန် ရေဆွဲလာနေစဉ်တွင် လူငယ်နှစ်ဦးက ပေါက်ကွဲစေတတ်သောဗုံးကို ညီမဖြစ်သူနှင့်ကိုက်အနည်းငယ်မျှသာဝေးသော အကွာအဝေးတွင် ပစ်လွတ်လိုက်သည်။ ဤသို့အန္တာရာယ်ရောပြွန်းလှသော အခြေအနေမှထူးဆန်းစွာ လွတ်မြောက်သွားခဲ့သည်။ လွတ်မြောက်သွားသော်လည်းထိုထက်ထူးဆန်းသော အဖြစ်အပျက်တစ်ခုထပ်မံဖြစ်ပျက်သွားခဲ့သေးသည်။ ထိုအဖြစ်အပျက်ကား ဘုရားသခင်၏ စောင့်မတော်မူခြင်းကြောင့်ညီမဖြစ်သူသည် သေကံမရောက် သက်မပျောက်ခဲ့သကဲ့သို့ဖြစ်သော်လည်းဒဏ်ရာကားရခဲ့သည်။ ထိုရခဲ့သောဒဏ်ရာများသည် ဖာသာရ်နှင့်ဖာသာရ်၏ သိုးစုများအတွက်မှာမူ ဝမ်းနည်းစရာပါ။ စိတ်မကောင်းစရာ၊ လက်စားပြန်ချေရန် အကြောင်းတရားဖြစ်မလာခဲ့ဘဲ၊ ခွန်အားရစရာ အကြောင်း တရားအဖြစ်သာ ပြောင်းလဲသွားခဲ့သည်။ ညီမဖြစ်သူ၏အဖြစ်အပျက်ကိုထောက်၍ ကြုံတွေ့ရသောနေ့စဉ်ကားတိုင်များကို အကောင်းဆုံးထမ်းဖြစ်ခဲ့သည်။ "မိုဆူးမှ ခရစ်ယာန်များသည် ဘာသာရေးတွေးခေါ် ပညာရှင်များ မဟုတ်။ အချို့သည် စာပင်မတတ်ကြ။ သို့သော် မျိုးဆက်ပေါင်း များစွာ၏ နှလုံးသဲပွတ်၌ ကိန်းဝပ်အမြစ်တွယ်နေသောအမှန်

တရားတစ်ခုကား တနင်္ဂနွေနေ့ မစ္ဆားတရား၌ ပါဝင်ပူဇော်ပြီး၊ ကိုယ်တော်မြတ် စက္ကရမင်တူးကို မပင့်ယူရလျှင် ကျွန်ုပ်အသက်မရှင်နိုင် ဟူသည့် အသိပင်ဖြစ်ပါသည်။”ဟုပြောကြားခဲ့ပါသည်။ ဤအကြောင်းများကို ဘေနေဒစ်တင်း အဆောင်တစ်ခု၌ ဖာသာရ် Ragheed Ganni နှင့် အရှေ့အလယ်ပိုင်းမှ ခရစ်ယာန်ဘာသာတူတို့၏ မစ္ဆားတရားတော်မြတ်ကို ချစ်မြတ်နိုးကြပုံ၊ ယုံကြည်ခြင်းကြီးစွာဖြင့် ပါဝင်ကြသည့်အကြောင်းကို ပြောပြသောအခါ ကျောင်းသားတစ်ဦးက “တစ်ခါတစ်လေမစ္ဆားတရားပါဝင်ပူဇော်ဖို့ပျင်းတာနဲ့မသွားချင်ဘူးလို့ငြင်းခဲ့မိတာရှိခဲ့တယ်။” လို့ ရိုးသားပွင့်လင်းစွာထုတ်ဖော်ဝန်ခံခဲ့သည်။

ဖာသာရ် Ragheed Ganni သည် အီတလီနိုင်ငံ၌ ခုနှစ်နှစ်ကြာ သီတင်းသုံးခဲ့သောကြောင့်၊အီတလီစကားကိုလည်းကျွမ်းကျင်စွာပြောဆိုတတ်ပြီး၊ သူ၏ဇာတိမြေ အီရတ်သို့ (၂၀၀၁) ခုနှစ်၊ ရဟန်းသိက္ခာကို ခံယူပြီးမှသာ ပြန်သွားခဲ့သည်။ ပြည်တော်ပြန်ချိန်တွင် အမေရိကန်က ဆာဒမ်ဟူစိန် အရေးတော်ပုံ ဆင်နွှဲနေချိန်ဖြစ်၍ နိုင်ငံရေး၊ လူမှုရေး၌ ခရစ်ယာန်ဘာသာဝင်များအတွက် အလွန်ခက်ခဲသော အချိန်ဖြစ်ခဲ့သည်။ ခရစ်ယာန်လူနည်းစုကိုရန်လိုသော အစွန်းရောက် မွတ်စလင်များ၏ အကြမ်းဖက်လုပ်ရပ်များမှာ လျော့သွားခြင်းမရှိ၊ ရပ်တန့်သွားခြင်းမရှိ။ ၎င်းတို့၏ပစ်မှတ်မှာ အရက်ဆိုင်သည်ပထမဖြစ်ပြီး၊ ဒုတိယပစ်မှတ်မှာ လူနည်းစုဘာသာဝင်များ၏ ဘုရားကျောင်းကန် များဖြစ်သည်။ ထို့နောက်ခရစ်ယာန်များကို တွေ့ရာသင်္ချိုင်းဓါးမစိုင်း (ရှင်ပေါလုအကျင့်မပြောင်းလဲခင်အဖြစ်ကို ပြန်လည်မြင်ယောင်ကြည့်လိုက်ပါ)။


၂၀၀၅ ခုနှစ် သူ၏မိန့်ခွန်း၌ ထူးခြားဖြစ်စဉ်များစွာကို ထည့်သွင်းပြောကြားခဲ့ရာတွင်ထိုနှစ် ဩဂုတ်လနှောင်းပိုင်း၌ စိန့်ပေါလ်ဘုရားကျောင်းမှ ညနေ ၆း၀၀ နာရီ မစ္ဆားအပြီးတွင် ဗုံးဖောက်ခွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ကားတစ်စီးတွင် ဖောက်ခွဲရန် ဗုံးအလုံးပေါင်းများစွာ ပူးချည်ထားခဲ့ သော်လည်း ဘုရားသခင်၏ ကာကွယ်ပေးမှုကြောင့် ဗုံးတစ်လုံးသာ ပေါက်ကွဲခဲ့ပြီး၊ လူနှစ်ဦးသေဆုံးကာ၊ လူပေါင်းများစွာ ဒဏ်ရာရခဲ့ကြသည်။

ထို့အတူ အပြစ်မဲ့သန္တေယူတော်မူသောပွဲ အကြိုညဥ့်၌လည်း တီးဂရီးရှိ အမိမယ်တော်၏ ဗိမာန်တော်ဖျက်ဆီးခံလိုက်ရသည့် အကြောင်းနှင့် စပ်လျဉ်း၍လည်း ထိုနေ့၌အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် ခရစ်ယာန်မိသားစုများကို၊ ၎င်းတို့ရွာ၌မနေနိုင်အောင် အမျိုးမျိုးခြိမ်းခြောက် ဖိအားပေးပြီး ထွက်ပြေးစေခဲ့ပြီး၊ မယ်တော်ပွဲလည်းပျက်၊ မယ်တော်ဂူလည်း ဖျက်ဆီးခံခဲ့ရပါသည်။



ဖာသာရ် Ragheed Ganni လည်း ထွက်ပြေးမည်ဆိုပါလျှင်၊ ထွက်ပြေးရန်အခွင့်အရေး ရသော်လည်း ထွက်ပြေးရန်ငြင်းဆန်၍ ရွာ၌ကျန်ခဲ့သော ဘာသာတူများနှင့်အတူကျန်နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အသက်လွတ်အောင်ထွက်ပြေးရန် သိုးထိန်းဖြစ်လာခဲ့သည် မဟုတ်။ ဤသူတို့သည်ငါ့လူမျိုး၊ ဤနေရာသည် ငါ့နေရာဖြစ်သည်။ သူသည် ကမ္ဘာအရပ်ရပ်မှ သူ၏ မိတ်ဆွေများကို စာရေးသားပေးပို့တိုင်း အထူးဆုတောင်းပေးကြရန်ကိုသာ တောင်းဆိုခဲ့သည်။ မကြာလိုက်ပါ။ ဘာသာတူများ၏ ဘုရားကျောင်း၊ အိမ်များသည်ဖြိုချခြင်းကို ခံလိုက်ရသည်။ ဘုရားကျောင်းမရှိတော့၍ အမိုးအကာမဲ့နေသော ဘုရားကျောင်း၏ ကြမ်းပြင်၌သာ ဆက်လက်၍မစ္ဆားပူဇော်နေခဲ့သည်။




သူပစ်သတ်ခံရမည့်နေ့၌ ဖာသာရ်သည် ပထမကိုယ်တော်မြတ်ပင့်ယူသော ကလေးများကို ကိုယ်တော်မြတ်ပေးနေခဲ့သည်။ ထိုအချိန်၌ သေနတ်ပစ်ခတ်သံများ ထွက်ပေါ်လာရာ ကလေးများကို ထိတ်လန့်သွားစေခဲ့သကဲ့သို့ ဖာသာရ်လည်း ထိတ်လန့်သွားခဲ့သည်။ ကလေးများကို ရုတ်ရုတ်သဲသဲ မဖြစ်စေရန် ထိုအသံသည် သေနတ်သံမဟုတ်၊ မီးရှူးမီးပန်းပစ်လွှတ်သံ ဖြစ်သည်ဟုဆို၍ ဖြောင်းဖျလိုက်သည်။



အကြမ်းဖက်သမားများသည် ထိုသို့ခြိမ်းခြောက်ခြင်းဖြင့် ဘာသာတူများ ကြောက်လှန့်သွားမည်ဟု ထင်မှတ်ခဲ့ကြသည်။ အမှန်မှာ ထိုသို့မဟုတ်။ တနင်္ဂနွေနေ့ မစ္ဆားတရားတိုင်း၌ လူများသည် ဘုရားကျောင်းအပြည့်ပါဝင်နေကျဖြစ်သည်။ အကြမ်းဖက်သူများက ဘာသာတူတို့၏ အသက်ကို ယူသွားကြသော်လည်း ကိုယ်တော်မြတ် စက္ကရမင်တူးသည် အသက်ကိုပြန်ပေးသည် ဟုယုံကြည်ကြသည်။ ဖာသာရ်အနေဖြင့် ချည့်နဲ့ပြီး၊ စိုးရိမ်စိတ်များဖြင့် ပြည့်နေခဲ့သောနေ့များ ရှိခဲ့ပါသည်။ သို့သော် ကိုယ်တော်မြတ် စက္ကရမင်တူး ကိုပင့်ဆောင်၍ “ကြည့်လော့။ လောကအပြစ်ကို ကယ်ချွတ်တော်မူသော ဘုရား၏သိုးငယ်တော် ကိုကြည့်လော့။” ဟု ရွတ်ဆိုလိုက်သည်နှင့် ကိုယ်တော်မြတ် စက္ကရမင်တူး၏အင်အားသည် တမဟုတ်ချင်း စီးဝင်လာသည်ကို ခံစားလိုက်ရသည်။ ကိုယ်တော်မြတ်ပင့်မြောက်ထားသော လက်သည်လည်း သူကိုယ်တိုင်လာ၍ကျွန်ုပ်တို့အားလုံးနှင့်အတူပင့် မြောက်ထားသကဲ့သို့ ခံစားခဲ့ရပြီး၊ အစွန်းရောက် အကြမ်းဖက်သမားများကို မည်သည့်လက်နက်မျှမရှိသော်လည်း သူ၏ချစ်ခြင်း၌ စိန်ခေါ်ရသည့်သတ္တိ၊ စည်းလုံးညီညွတ်မှုကို မွေးဖွားပေးသကဲ့သို့ ခံစားရသည်ဟု ပြောကြားခဲ့ကြောင်း ဖာသာရ် Ragheed Ganni ၏သူငယ်ချင်း၊ ဖာသာရ် Don Kettle က West သတင်းဌာနသို့ ပြောကြားခဲ့သည်။ ထို့ကြောင့် မစ္ဆားတရား ပူဇော်ရာ၌တက်ရောက်ပါဝင်ရန်ပျင်းရိ နေပါက ဖာသာရ် Ragheed Ganni ထံ သင်ယူကြပါဟု ဆိုရပေမည်။



Pope Francis wears Fr. Ragheed's stole in a Mass
Rome 22 April 2017

**ကလေးပိုက်**



# လက်ဆောင်

**အိမ်ဘုန်း**(SFX)

လက်ဆောင်ဟုဆိုလိုက်လျှင်
မလိုချင်သူမရှိသလောက်ဖြစ်ပေလိမ့်မည်။
မွေးနေ့လက်ဆောင်၊ အမှတ်တရလက်ဆောင်၊
ခရစ္စမတ်လက်ဆောင် စသဖြင့်ရရှိသော လက်ဆောင်အပေါ်
မူတည်ပြီး မိမိအတွက်မည်ကဲ့သို့ မည်သည့်နေရာတွင်အသုံးဝင်လိမ့်မည်ကို
ပြန်လည် ခွဲခြမ်းသတ်မှတ်ကြလေသည်။ ရရှိသောလက်ဆောင်ပစ္စည်းအပေါ် တစ်ပါးသူကို
ပြန်ကြွားပြရခြင်းသည်မှာလည်း အချို့သောသူများ၏ ဝါသနာဖြစ်နေတတ်ပြန်သည်။ တချို့ကလည်း
တန်ဖိုးကြီးသလား၊ တန်ဖိုးနည်းသလား၊ ခွဲခြားသတ်မှတ်ကြပြန်သည်။ မည်ကဲ့သို့ပင်ဖြစ်စေကာမူ
တစ်ပါးသူက ပေးလာသော လက်ဆောင်ပစ္စည်းအတွက် နှစ်သက်လက်ခံတတ် ကြလေသည်။

လူတစ်ယောက်ချင်းစီတိုင်းတွင်လည်း ဘဝကပေးလာသော လက်ဆောင်များကို ကိုယ်စီလက်ခံရရှိထားကြလေသည်။ လက်ရှိခန္ဓာကိုယ်အတွက်ရရှိသော အသုံးအဆောင်လက်ဆောင်ပစ္စည်းများကိုနှစ်သက်မြတ်နိုးသကဲ့သို့ ဘဝကပေးလာတဲ့ လက်ဆောင်ကိုလည်း နှစ်သက်မြတ်နိုးရပေဦးမည်။ ကံကြမ္မာဆိုတာက ချိုတစ်လှည့်၊ ခါးတစ်လှည့်ဆိုတဲ့ ဝိုင်ဝိုင်းသီဆိုထားတဲ့ သီချင်းစာသားအတိုင်း ဘဝတွင်တန်ဖိုးရှိသောအရာများသည် ဘယ်သောအခါမှလွယ်လွယ်နှင့်မရနိုင်ပေ။ ချိုမြိန်သောအရာတစ်ခုသည် ခါးသီးမှုတွေကြားမှ တိုးထွက်လာကြသည်မဟုတ်ပါလား။ ဘဝကပေးလာသည့် လက်ဆောင်ကိုမလိုချင်လို့မရ။ မနှစ်သက်လည်းမရ။ ရှောင်ပြေးလို့လည်းမလွတ်ပါ။ တစ်ခါတစ်ရံ အကောင်းဆုံး လုပ်နေသည့်ကြားမှာ ဘာကြောင့်ကောင်းကျိုးတွေ မခံစားရသနည်းဟု ပြန်ဆန်းစစ်ကြည့်လျှင် အချိန်မကျသေးခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ မေတ္တာထားနေသည့်ကြားမှ အမုန်းခံရ၊ မှန်အောင်နေသည့်ကြားမှ အပြစ်ပြောခံရ၊ စေတနာထားသည့်ကြားမှလည်း စော်ကားခံလိုက်ရသေးသည်။ အပင်မြင့်လျှင်လေတိုက်မှာစိုးရိမ်သဖြင့်၊ မြေကြီးထဲမှာတိုးဝင် နေပါတယ်ဆိုကာမှ မုန်လာဥလေးကချိုပါတယ် ဆိုပြီးလာတူးကြပြန်သည်။ ဘဝမှ ရရှိထားသောလက်ဆောင်အတွက် တစ်ချိန်ချိန်မှာနှစ်သက်လာမှာပါဆိုပြီး ဒုက္ခတွေနှင့်အပြိုင်မိုးချုပ်သွားခဲ့ရသောနေ့များ၊ တစ်ခါတစ်ရံအမုန်းကိုမျိုသိပ်ပြီး ဒေါသကိုစားနေရသော အချိန်မျိုးများလည်းရှိနေတတ်ပေသည်။ အလှအပ၊ ဂုဏ်ပကာသန၊ ပညာအရည်အချင်း၊ အောင်မြင်မှု၊ ကျော်စောထင်ရှားမှုများတို့သည်လည်း ဘဝကဖန်တီးပေးထားသော လက်ဆောင်ပင်မဟုတ်ပါလား။

၎င်းတို့ကိုပိုမို တည်တံ့ခိုင်မြဲ အောင်မြင်မှုရရန် တစ်ပါးသူကိုလှေကားထစ်အဖြစ် အသုံးပြုပြီးတစ်ပါးသူ၏မျက်ရည်ဖြင့်ခြေဆေးသူများလည်း ရှိနေပြန်လေသည်။ ဘဝကပေးအပ်လာသော ခါးသီးသောလက်ဆောင်များကိုလက်ခံရရှိထားကြသူတွေအတွက် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကြည်ဖြူစွာလက်ခံရင်း ဘဝတွင်ရင့်ကျက်မှုရှိအောင်၊ အကျိုးရှိအောင် အသုံးချရှင်သန်နေကြရသူများလည်း မရေမတွက်နိုင်အောင်ပင်။ ရင့်ကျက်လာသူသည် ဒေါသဖြစ်သော်လည်း မပေါက်ကွဲအောင်ထိန်းတတ်လာသလို၊ ဝမ်းနည်းသော်လည်း မျက်ရည်မကျအောင် ထိန်းတတ်လာနိုင်သည်။ မယုံချင်သော်လည်း တစ်ဖက်သားစကားကို နားထောင်ပေးတတ်လာသလို၊ မပြောချင်သော်လည်း အခြေအနေ၊ အချိန်အခါအလျောက်တုန့်ပြန်ပြောဆိုတတ်လာပေသည်။ အထီးကျန်ခံစားနေရသောအချိန်မှာ ဝေဝါးနေသောအတွေးများကို သတိမူတတ်လာသည်။



# ကြိုးစားမှုသာ

- အိတ်ပေါက်နဲ့ဖားကောက်သလို
  အရာမရောက်တဲ့ အားထုတ်မှုအလား။

- စကားတော်တွေနားထောင်
  ပညတ်တော်တွေ ရှောင်စရာရှောင်ပေမဲ့လို့
  သွေ့ဖယ်မိတာများတဲ့အခါ အားလျော့မိငါ။


- အို - ခရစ်တော်ရှင်ရဲ့တပည့်စစ်စိတ်ထား
  အိတ်ကိုသာဖာဖို့ကြိုးစား
  ပေးသနားတဲ့ကျေးဇူးတော်အားကိုးလျက်
  ရသလောက်ဆက်ကောက်မယ်။
  ဘယ်နှစ်ကောင်ရသလဲ သခင်မေးမှာမဟုတ်
  ကြိုးစားသလောက်သာ။

**အင်ဝိုင်းပန်** (SJA)

တဖက်စာမျက်နှာမှ အဆက် . . .


တစ်ကယ်တော့ရင့်ကျက်ခြင်းဆိုတာ ဟန်ဆောင်တတ်လာခြင်းမဟုတ်ဘဲ၊ သည်းခံနိုင်ခြင်းနှင့်သဘောထားကြီးခြင်းပင်ဖြစ်သည် ဟုထင်မြင်သုံးသပ်မိပါသည်။ ယင်းတို့သည် ဘဝကပေးလာတဲ့ အခြေအနေ၏ အလှည့်အပြောင်းကြားမှ ရရှိလာသောလက်ဆောင်၊ ဘဝကိုရင့်ကျက်မှုရှိလာအောင် သင်ကြားပေးနိုင်သော ဆရာတစ်ဦးပင်မဟုတ်ပါလား။ ရင့်ကျက်ခြင်းသည် အသက်အရွယ်နှင့်မဆိုင်။ တွေ့ကြုံခံထမ်းနေရသည့် ဒုက္ခနှင့်ခံယူချက်သာဆိုင်သည်ဟုဆိုလျှင်မှန်နိုင်မည်လား။ ချစ်သူခင်သူများထံမှရရှိသော လက်ဆောင်ပစ္စည်းများကို ကျေနပ်နှစ်သက်စွာလက်ခံသကဲ့သို့ ဘဝကပြင်ဆင်ပေးသော လက်ဆောင်များတို့ကိုလည်း လိုလားနှစ်သက်စွာ လက်ခံယူရင်း မိမိဘဝ တိုးတက်ရင့်ကျက်စရာ အကြောင်းများ ရှာဖွေသင်ယူခြင်းဖြင့် ဘုရားအတွက်၊ အများအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ပေးဆပ်ရင်း အသက်ရှင်နေထိုင်သွားကြပါစို့။

**အိမ်မဲဘုန်း**(SFX)




# A Catechism of the Religious Life

**Gilberto Frige (O.S.M)**



## 6. THE APOSTOLATE

### 1. ESSENCE AND PURPOSE OF THE APOSTOLATE

**191. What is Christian apostolate?**

It is the continuation of the work of the Apostles and disciples to whom Christ entrusted *the mission of preaching* the Good News to all creation (Jo 17, 18-21). In practice, whatever is done for the good of others is an apostolate.

**192. What are the characteristics of the mission of the Church?**

- It springs from the *love of God* who wishes to be known and loved.
- *Love of one's neighbour*, desiring his well-being and the sharing of our spiritual wealth.
- It is not exaggerated zeal or bigotry, but a *balanced proposition* of the good freely received from God, example rather than words.
- It respects the liberty of others and avoids proselytism or supporters from self-interest.

**193. How can the apostolate of religious qualify as such?**

Consecrated life, in as much as it is "a distinct and special consecration" has a *special mission*, to fulfil (VC 31), "top up in to practice using the imagination of charity" (RdC 36; NMI 50).

"As the expression of genuine love … the **contemplative** live develops an extraordinary apostolic and missionary efficacy" (VC 59), "source of apostolic fecundity and blessing for the Churc" (RdC 9).

In the Institutes of active life, the apostolic and charitable undertakings are part of the very nature and life of the religious" (PC 8; c 675 s 1). History attests to the influential role of religious in the mission of the Church.

**194. What are the differences in apostolate among various religious communities?**

Some differences occur because of the charisms of the Institutes.

a) The **contemplative community** represents Christ on the mountain and concentrates on the twofold communion with God and with its members.
b) The **Institute of active life** represents Christ among the people and dedicates itself in its service to its neighbours in accordance with its charism.

**195. Is the religious community important for the apostolate?**

It is of vital importance, because, better than any other "*sign*", their *living in brotherhood* testifies to the divine origin of the Christian message. The more intense the fraternal charity, the greater the credibility of the message announced, and the more credible will the Church become, in its essence as the *mystery of communion* (cf LG 4; VC 41).

**196. What is the relationship between "community life" and "apostolate" in apostolic communities?**

The different aspects in their Constitutions outline the characteristic of each Institute, showing the end for which these communities of religious were founded: *monastic, conventual, active or diaconal.*

However, in some communities more centred on community living, the apostolate will depend on the possibility of favouring community life; in others, more centred on the mission, the community life will depend on the type of mission which they are called to develop (cf VF 59).

**197. Is the apostolate essential for religious of the active life?**

No; in fact:

a) Religious consecration is not the performance of any type of apostolate but the response to the call, overcome by Christ's love (cf Phil: 3, 12). One is an *apostle because of discipleship* and not disciple because of apostleship. The charisms of the Institutes are identified first by their *vocation* and *consecration*, and consequently by the *mission*.

b) The type of Apostolate distinguishes Institutes of apostolic life only externally among themselves and from those of contemplative life, but the *fundamental reason* for their existence is the same.

c) It is *not their usefulness* and *efficiency* in apostolic undertakings that justify the existence and perseverance of religious, fever these might be lacking …

**198. In what should vocational pastoral care consist?**

It is an apostolate requiring diligence, constancy, preparation and tact.

- First of all it is diligence in *prayer* and *example*. It involves the whole community and not only delegated members.
- As a work of direction it works especially among young people, aiding them in choices according to the will of God. Each vocation is for the glory of God and service to brethren.
- "It should activate a formative dialogue capable of welcoming the different characteristics of each" (RdC 18).
- It should seek a way of representing and embodying consecrated life in the various cultures (cf RdC 19).
- It should avoid influencing through false representation of the religious vocation or through psychological pressure.
- An invitation to embrace the religious life should always commence from the desire for the wellbeing of that person, to whom is proposed the joy inherent in the total belonging to Christ and the service of the brethren.
- It should avoid contending with other Institutes for vocations, with the risk of spoiling or confusing them.
- It should remember that God calls when and where he wills. The love felt for one's religious family should not damage others.

## 2. RELATIONSHIP BETWEEN ECCLESIAL ENTITIES IN THE APOSTOLATE

199. What are the relationship between "a religious community" and an "ecclesial community"?

The religious community cannot act independently or in opposition to the directives and pastoral programme of the particular Church (diocese or parish); so also the particular Church cannot dispose of the religious community or some of its members at its own pleasure and for its own needs (cf VF 60; MR 30 b).

200. What are the relationships between a "religious community" and other "Institutes of consecrated life"?

Above all, it should be a fraternal, spiritual relationship, a sensibility for the apostolate together and a reciprocal collaboration. "Persons who are united in the common commitment of following Christ ... are called to express an exemplary fraternity, and become a stimulus to the other groups in the Church" (VC 52). "Church unity is not uniformity, but organic integration of legitimate differences" (NMI 46; RdC 30).

201. What are the relationships with other "ecclesial movements"?

a) They may participate in these movements or become auxiliaries, or occasional participants, but at the same time "keeping faithful to the charism of their own Institute" (VC 52).
b) The correct contact with these movements has to foster a greater urge to live the Institude's own proper charism more faithfully and generously. It should never cause members to be estranged from their own community or to provoke divisions in it (cf PI 93; VF 62; VC 56).

## 3. DANGERS AND REMEDIES

202. What are the dangers encountered in the apostolate by religious?

a) Sociological: giving importance only to corporal works of mercy and little or nothing to the spiritual.
b) Efficiency and exasperating activism: "Forgetting the Master of the vineyard for the vineyard of the Master" (John Paul II Alloc. To Religious Superiors).
c) Externalism: Seeking for public recognition more than being genuine religious. Once much attention used to be given to daintiness in etiquette, now there is too much slovenliness.
d) Originalism: Searching for activities outside those of one's own Institute and its charism.
e) Exaggerated attachment to one's own Institute: boasting of one's own achievements and depreciating or obstructing the good done by other.

203. What are the remedies?

a) Primacy of the supernatural: cultivate the spirit of prayer, "to which other things should serve" (St. Francis of Assisi; PC 6).
b) Obedience: not to take up any activity without the permission or against the will of the Superiors.
c) Fundamental Participation: To be part of community life and faithful to one's own rules and constitutions (cf MR 6) even when placed in the external apostolic life.

   In conclusion: "The entire life of religious should be permeated with the Apostolic spirit, and the Apostolic activity should be animated by the religious spirit" (c 675 s 1; PC 8).

**THE END....... THANK YOU ....... GOD BLESS YOU ALL ..........**

**အထူးသာသနာပြုလအတွက်နှိုးဆော်ချက်**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလကို အထူးသာသနာပြုလ (2019, Extraordinary Mission Month of October) အဖြစ်သတ်မှတ်၊ ကြေညာထားပါသည်။ ပုပ်ရဟန်းမင်းကြီး ဘက်နဒစ် (၁၅) ၏ စာချွန်တော် ဖြစ်သော "Maximum Illud" ၏ ရာပြည့်နှစ်ကို ဂုဏ်ပြုကျင်းပခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ သာသနာပြု ဆက်ကပ်ခြင်းအား ပြန်လည်သစ်လွင်စေခြင်း၊ ဝိညာဉ်ရေးကျင့်စဉ်များကို ကျင့်ကြံအားထုတ်ခြင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဖြောင့်မတ်သန့်ရှင်းခြင်းများ၊ တိုးပွါးရင့်ကျက်လာခြင်းများကို တန်ဖိုးထားလုပ်ဆောင်ကြရန် ပုပ်ရဟန်းမင်းကြီးက ဖိတ်ခေါ် နှိုးဆော် ထားပါသည်။

**How to Live the Extraordinary Missionary Month October 2019**

There are four dimensions, specified by the Pope, to live more intensely the journey of preparation for the Extraordinary Missionary Month October 2019:

ဤအထူးသာသနာပြုလ (အောက်တိုဘာ၊ ၂၀၁၉) အတွက် ကျင့်ကြံကြရာတွင်

➢ **Personal Encounter with Jesus Christ** living in His Church through the Eucharist, the Word of God, personal and communal prayer;

ကိုယ်တော်မြတ်စက္ကရမင်တူး၊ နှုတ်ကပတ်တော်၊ တစ်ဦးတည်းဆုတောင်းခြင်း၊ အများနှင့်ဆုတောင်းခြင်းအားဖြင့် အသင်းတော်ကြီးထဲတွင်ရှင်သန်ရင်း၊ ခရစ်တော်ဘုရားရှင်နှင့် ပုဂ္ဂိုလ်ချင်းရင်းနှီး တွေ့ဆုံခြင်း။

➢ **Testimony**: missionary saints, martyrs and confessors of the faith, as an expression of the Church scattered throughout the world;

ကမ္ဘာတဝှမ်းလုံးတွင်ပျံ့နှံ့နေသော အသင်းတော်ကြီး၏ ထုတ်ဖော်ပြသမှု အနေဖြင့် သာသနာပြု ရဟန္တာများ၊ ဓမ္မအာဇာနည်များ၊ ယုံကြည်ခြင်းကိုဝန်ခံသူများ၏ သက်သေခံခြင်း။

➢ **Missionary charity:** as a commitment to support the Church's missionary activity and communities too poor to support themselves, through Mission

မဖြစ်မနေလုပ်ဆောင်ရမည့်အရာတစ်ခုအနေဖြင့် အသင်းတော်၏သာသနာပြုလုပ်ငန်းများနှင့် မိမိတို့အင်အားဖြင့် မရပ်တည်နိုင်သောအဖွဲ့အစည်းများကိုထောက်ပံ့ကူညီရန် ကရုဏာတရားဖြင့်သာသနာပြုခြင်း၊

➢ **Missionary Formation: bi**blical, catechetical, spiritual and theological.

သမ္မာကျမ်းစာ၊ ဘုရားစကား၊ ဝိညာဉ်ရေးရှင်သန်ခြင်းနှင့် ဘုရားနှင့်ဆိုင်သောအကြောင်းအရာများကို လေ့လာဆည်းပူးခြင်းဖြင့် သာသနာပြုရန်ပြင်ဆင်ခြင်းများ ပါဝင်သည်။

၂၀၁၉၊ အောက်တိုဘာလ၊ အထူးသာသနာပြုလအတွက် ဆုတောင်းမေတ္တာကို နေ့စဉ်ရွတ်ဆိုကြရန် ညီအစ်ကိုမောင်နှမအပေါင်းတို့အား လေးစားစွာမေတ္တာရပ်ခံပါသည်။

ပုပ်ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုအသင်းများ
ဒါရိုက်တာ Fr. ဘယ်နဒီးနိုနဲနယ်

**စာမျက်နှာ (၃၉) သို့ ---**

၁။ အယ်ဒီတာ့စကား

၂။ အနာခံပေးဆပ်သွေးမြတ်သူများ - (ဆရာတော်ဂျက်စတင်းစောမင်းသိုက်) ၂

၃။ အချစ်ရဲ့တန်ခိုးများ - (သီကိုရှင်း) ၅

၄။ အတုယူခြင်း - (ဆိမ်ဇောလ် ချစ်ဆလိုင်းလေးထန်ထန်) ၇

၅။ ကောင်းသောစိတ်စွမ်းအားနှင့်မကောင်းသောစိတ်စွမ်းအား - (Br. Thang Ha, SJ) ၈

၆။ ဘုရားသခင်နိုင်ငံတော်၏ကြွယ်ဝမှုကိုရယူပါ - (ဖီခနုတ်ဖေါင် SFX) ၁၆

၇။ ပြည့်ဝစုံလင်သောအသက်တာဆီသို့ - (စန္ဒာလင်း) ၁၉

၈။ လူတွေအပေါ်ထားရှိတဲ့ဘုရားသခင်ရဲ့ချစ်ခြင်း - (မြေစာပင်) ၂၀

၉။ ပုပ်ရဟန်းမင်းကြီး၏လစာဘယ်လောက်ရသနည်း - (လောရန့်စ်ဂျန်မာဂန်) ၂၁

၁၀။ အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့ - (စန္ဒာလင်း) ၂၂

၁၁။ လူတစ်ယောက်အတွက်အဓိကလိုအပ်ချက် - (ဆရာတော်ဂွန်မန်းဆိန်းဟို) ၂၄

၁၂။ တစ်ခုကများလာလျှင်တစ်ခုကလျှော့လာမယ် - (Fr. S. Tha Hgyi) ၂၈

၁၃။ ဆေးရုံအကျီနှင့်ခေါင်းတလား (ကဗျာ) - (ဆရာတော်ဂွန်စောယောဟန်) ၂၉

၁၄။ အရိုင်းပန်းနှင့်ခရီးသွားမှတ်တမ်း - (ဆရာတော်ဂွန်စောယောဟန်) ၃၀

၁၅။ ဂုဏ်ကျေးဇူးတော်ဆုတောင်းစာ၏အစွမ်းပါတကား - (ကိုပိုက်-မြန်မာစာ) ၃၃

၁၆။ ဒေင်. . အလှ. . (ကဗျာ) - (ရှားမာန်) ၃၆

၁၇။ ကောင်းမြတ်ပါစေတို့စိတ်တွေ - (J. သွေး - OSM) ၃၇

၁၈။ ယုံကြည်ခြင်းအတွက် . . . . (စောပီတယ် - PIME) ၄၀

၁၉။ CRCM သတင်း ၄၄

၂၀။ Jesus and Lu Chaw - (Fr. Hubert Myo) ၄၅

၂၁။ သတင်း ၄၈

၂၂။ မစ္ဆားတရားကိုအလွန်ချစ်တတ်ခဲ့သောဖာသာရ်နှင့် . . - (ကလေပိုက်) ၅၀

၂၃။ လက်ဆောင် - (အိမ်ဘုန်း SFX) ၅၃

၂၄။ ကြိုးစားမှုသာ (ကဗျာ) - (အင်ဝိုင်းပန် SJA) ၅၄

၂၅။ A Catechism of the Religious Life - ၅၅